

ရီရီငွေး သိုက်ဖွား
ဝိဉာဉ်လောကဖြစ်ရပ်ဆန်း ဝတ္ထုတိုများ
မြင်းထိန်းကျော်ရဲ့ ချစ်သူ
ရီရီငွေး အိုယွန်းယုဉ် သိုက်ဖွား
အောင်မြတ်ဦး နန်းကြေးသျှင် စိုင်းကျော်သီဟ
ဟိံထော၈ မနတ်ဟိဏ်းဇော် သတိုးစက္ကူ
ဝင်းဇော်(သုံးဆယ်)

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်
တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အော
တည်ဆောက်ရေး၊
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့
လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာမ
မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၄၉၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၁၀၁၀၉

ထုတ်ဝေသူ - ဒေါ်ဋွေးဋွေးမြင့်(ရင်သွေးငယ်စာပေ)
အမှတ် ၁၁၄ စီ၊ မီးရထားရိပ်သာ၊
တောရန့်ပိုင်မြောက်ရပ်ကွက်၊ အလုံ။

ပုံနှိပ်သူ - ဦးကျင်ရင်(ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်

ထုတ်ဝေခြင်း - မတ်လ၊ ၂၀၀၉
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

အိုယွန်းယှဉ်စာပေမှ ဖြန့်ချိပါသည်။
ဖုန်း - ၀၉၅၁၆၆၁၄၀

# မာ တိ ကာ


၁။ ကျွဲခေါင်းရိုး၊ နွားခေါင်းရိုး တစ္ဆေများ
နန်းကြေးသျှင် ၇

၂။ ဗေယျာသိဒ္ဓိသံသေတား
ရိရိဌေး ၃၁

၃။ မြင်းထိန်းကျော်ရဲ့ ချစ်သူ
သိုက်ဖွား ၅၂

၄။ စပါးကြီးမြွေတစ်ကောင်၏ လျှို့ဝှက်ချက်
အိုယွန်းယုဉ် ၇၆

၅။ တစ္ဆေ
အောင်မြတ်ဦး ၉၈

၆။ ကပ္ပိယထိပ်သီးနှင့် နဂါးမစမ်းမှ လွမ်းပုံပြင်
ဓနုတ်ဟိဏ်းဇော် ၁၁၅

၇။ လျှို့ဝှက်ရေအိုင်က နတ်အော်သံ
သတိုးစက္က ၁၄၃

၈။ သေရွာပြန်တစ်ဦး၏ ဖြစ်ရပ်ဆန်း
ဝင်းဇော်(သုံးဆယ်) ၁၆၅

# ဝိညာဉ်လောကဖြစ်ရပ်ဆန်း

◉ ◉ ◉ ◉ ◉

မြင်းထိန်းကျော်ရဲ့ ချစ်သူ




ကျွဲခေါင်းရိုး၊ နွားခေါင်းရိုး တစ္ဆေများ

# ကျွဲခေါင်းရိုး၊ နွားခေါင်းရိုး တစ္ဆေများ

နန်းကြော့သျှင်

မြစ်ပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေသည် ့အေးလျက်ရှိသည်။

ကမ်းစပ်တွင် ရပ်နေသော ဦးပဥ္စင်းငယ်တစ်ပါးသည် ှင့်ပါးလျက်ရှိသော သက်န်းများကို လက်ဖြင့် အသာအယာ မ်းယူလိုက်သည်။ သူ့ နောက်ပါးတွင် အဖော်တစ်ယောက် လာသည်။ အဖော်ဖြစ်သူ လူငယ်မှာ ပေရေစုတ်ပြတ်နေသော ဝတ်အစားများကို ဝတ်ဆင်ထားသည်။ သူ့မျက်လုံးများက ငေး ကြောင်ရီဝေလျက်ရှိသည်။

ပုံပန်းသဏ္ဌာန်ကို ကြည့်လိုက်ခြင်းအားဖြင့် ထိုလူငယ်မှာ စိတ်ဝေဒနာခံစားနေရပြီး ရူးသွပ်နေသူ တစ်ဦးဖြစ်မှန်းသိသာလှသည်။

နီကြောင်ကြောင် ဆံပင်ရှည်ကြီးများကလည်း ပခုံးပေါ် ဝဲကျလက်ရှိသည်။

စိတ်ပေါ့သွမ်းသူဟု ဆိုရသော်လည်း ကြမ်းကြမ်းတမ်းတမ်း စိတ်ဖောက်ပြန်နေသူ တစ်ဦးမဟုတ်ပေ။

ယဉ်ယဉ်လေးနှင့် ရူးသွပ်နေသူဖြစ်သည်။

ဦးပဠင်းငယ်၏ ပြောစကား ဆိုစကားကိုလည်း မြေဝယ်မကျ နားထောင်သူဖြစ်သည်။

ဦးပဠင်းငယ်သည် အဝေးမှ လှမ်းမြော်ဖူးတွေ့ရသော ဘုရင့်နောင်မင်းတရားကြီး၏ ကုသိုလ်တော် မဟာစေတီအား လက်အုပ်ချီလျက်ရှိသည်။

'ဒီနေရာတွေက ဘူမိနတ်သန် အမှန်ထွန်းကားတဲ့ နယ်မြေတွေပဲ၊ ဖားကိုသော်လျက် မြွေလိုက်ဖျက်က မပျက်ထိုမြေ၊

ရောက်တုံလေသော်၊ မသွေကြောက်ရွံ့၊ မြွေလျှင်တွန့်၍ အခွန့်အောင်လေ ဖားနိုင်လေသည် ဆိုတဲ့ ဘူမိနတ်သန်အရပ်၊ မြွေကို ဖားကနိုင်တဲ့ နယ်မြေဒေသ၊ အင်မတန်မှ ထူးခြားပေတာပဲ'

နောက်တော်ပါးတွင်ရှိသော လူငယ်မှာ ဦးပဥ္စင်းပြောသည့် စကားကို စိတ်ဝင်စားခြင်းမရှိပေ။ ကမ်းစပ်ခြေမှ သဲသောင်များကို လက်နှင့်ယက်ရင်း သဘောကျစွာ ဆော့ကစားနေပုံရသည်။

ရေလှိုင်းများက ကမ်းစပ်ခြေသို့ ပြေးတက်လာလိုက်ဝေါခနဲပြန်ဆင်းလိုက်နှင့် လှိုင်းဂယက်များ လှုပ်ရှားနေပုံမှာ သာယာကြည်နူးဖွယ် ကောင်းလှသည်။

ထိုစဉ်မှာပင် ဦးပဥ္စင်းငယ် ရပ်နေသည့်နေရာ ရှေ့တည့်တည့်ရှိ မြစ်ပြင်ထဲမှ ဝုန်းခနဲမြည်သံကြီးနှင့်အတူ ရေလှိုင်းများလွင့်စဉ်ဖွာထွက်သွားသည်။

ဦးပဥ္စင်းငယ်နှင့်…

ရှုံးသွပ်နေသော လူငယ်မှာ ရေသံကြားရာသို့ ပြိုင်တူ ကြည့်လိုက်သည်။

'အလို ထူးဆန်းလှပါတကား'

နေရောင်ထိုးထားသဖြင့် အကြေးခွံမည်းမည်းကြီးများ ပြောင်လက်နေသော နတ်မိချောင်းကြီးတစ်ကောင် ဖြစ်နေပေ သည်။

ဦးပဠင်းငယ်ရှေ့တွင် နတ်မိချောင်းကြီးတစ်ကောင် မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်လာခြင်းဖြစ်သည်။

ပို၍ ထူးခြားသည်မှာ နတ်မိချောင်းပါးစပ်ထဲတွင် အရောင်များ ပြောင်ပြောင်လက်လက် တောက်ပနေသည့်ကြောက် မက်ဖွယ်ကောင်းသော သွားစွယ်စွယ်ဖွေးဖွေးကြီးများနှင့် ကြေးနီ ပုရပိုက်တစ်ခုကို ကိုက်ချီထားခြင်းဖြစ်သည်။

ဦးပဠင်းငယ်မှာ ရှေးဘဝကပင် အထုံပါရမီ ပါလာသူ ဖြစ်၍ ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စားနေသူဖြစ်သည်။ သူ့စိတ်ထဲတွင်လည်း တွေးမိသည်။

သူ့ဘုန်းကံကြောင့် နတ်မိချောင်းကြီးသည် သူ့အတွက် ကြေးနီပုရပိုက်တစ်ဆူ လာရောက်ပို့ရခြင်းဖြစ်ရမည်ဟု တွေးမိလိုက်သည်။

အထက်လမ်းဆိုင်ရာ ထွက်ရပ်ပေါက် ဝိဇ္ဇာများ မစခြင်းပေလော၊ တာဝန်ပေးအပ်ခြင်း ဖြစ်မည်လော။

ထူးခြား ဆန်းကြယ်သည်ကတော့ အမှန်ပင် ထူးခြားသော မြင်ကွင်းဖြစ်သည်။

ဦးပဥ္ဇင်းငယ်က စိတ်မနှံ့သော လူငယ်အား လှမ်းပြောလိုက်သည်။

'ဒကာလေး ပေစိ၊ နတ်မိချောင်းဆိုတာ အဲဒီအကောင်ပဲ၊ အရုပ်ဆိုးပေမယ့် အင်မတန် စိတ်သဘောထားကောင်းတယ်၊ မင်း ဘာမှ ကြောက်စရာမလိုဘူး၊ နတ်မိကျောင်း ပါးစပ်ထဲက ကိုက်ထားတဲ့ ပြောင်ပြောင်လက်လက် ကြေးနီးပြားကို မရရအောင် သွားယူလာခဲ့'

ဦးပဥ္ဇင်းငယ် အမိန့်ရှိသည့်အတိုင်း ပေစိသည် ရေထဲသို့

ပြေးဆင်းသွားသည်။ သူသည် ကြောက်ရွံ့တုန်လှုပ်ပုံမရ။

နတ်မိကျောင်းကြီးမှ အန္တရာယ်ပြုမည်ကိုလည်း မတွေးမိပေ။

နတ်မိကျောင်းကြီးကလည်း သစ်တုံးကြီးတစ်တုံး ပေါလောပေါ်နေသလို ငြိမ်သက်နေပေသည်။

ပေစိသည် နတ်မိကျောင်းပါးစပ်တွင် ကိုက်ချီထားသော ကြေးပုရပိုက်ကို ဆွဲယူလိုက်သည်။

ထူးဆန်းလှပေသည်။

နတ်မိကျောင်းကြီးသည် အန္တရာယ်ပြုခြင်း မရှိသလို ပါးစပ်ကြီးကို အသာအယာ ဟပေးလိုက်သဖြင့် ပေစိသည် အလွယ်တကူ လှမ်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပေစိ လက်ထဲသို့ ကြေးနီပုရပိုက် ရောက်ရှိသွားသည်နှင့် နတ်မိချောင်းကြီးမှာ ရေအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားသည်။

သဲသောင်စပ်သို့ အပြေးပြန်တက်လာသော ပေစိသည်

ဦးပဥ္စင်းငယ်အား နတ်မိကျောင်း ပါးစပ်ထဲမှ ရရှိသော ကြေးနီပုရပိုက်ကို ဆက်သလိုက်သည်။

ဦးပဥ္စင်းငယ်၏ မျက်နှာမှာ ဝမ်းသာအားရဖြစ်လျက် ပီတိအရောင်များ တောက်ပဝင်းထိန်လျက်ရှိသည်။ ဦးပဥ္စင်းငယ်နှင့် ပေစိတို့သည် ကျောင်းတိုက်သို့ အလျင်အမြန် ပြန်လာခဲ့ကြသည်။ လမ်းသွားရင်း ပေစိအား အထပ်ထပ်မှာကြား သတိပေးမိသည်။

'ဒကာလေးပေစိ၊ ငါတို့ နတ်မိကျောင်းကြီး ပါးစပ်ထဲက ကြေးပုရပိုက်ရလာတာကို ဘယ်သူမှ မသိစေနဲ့ ကြားလား၊ တိတ်တိတ်နေ'

ဟု လက်ညှိုးတငေါက်ငေါက်ထိုးကာ သတိပေးလိုက်သည်။

ပေစိကလည်း ဘာကို သဘောကျနေသည်မသိ။

'ဟား… ဟား… ဟား…'

ဟု ကျယ်လောင် သဘောကျနှစ်မြို့စွာ ရယ်မောရင်း

ကွေးနေအောင်ကလိုက်၊ ပါးစပ်ဆိုင်းတီးလိုက်၊ ခုန်ပေါက်လိုက်
သဲသောင်ပေါ်တွင် ကျွမ်းလိုမ့်ထိုးရင်း မျက်စိနောက်ဖွယ်ဖြစ်
ပေတော့သည်။

* * *

နတ်မိကျောင်းပါးစပ်နှင့် ကိုက်ချီလာသော ကြေးနီပု
ပိုက်မှာ တန္တရယာန၊ မန္တရယာရ၊ ဝိဇ္ဇာယာန စသော အင်း၊အို
ခလှဲ၊ လက်ဖွဲ့၊ မန္တန်၊ ယတြာ၊ ဝိဇ္ဇာပညာထွက်ရပ်ပေါက် လုပ်
ကျင့်စဉ်များကို ရေးမှတ်ထားသည့် ပုရပိုက်ဖြစ်သည်။

ဦးပဥ္စင်းငယ်မှာ ၃ နှစ်ခန့်ကြာအောင် လေ့လာကျင့်
အားထုတ် ကြိုးပမ်းလိုက်သောအခါ အင်းအိုင်၊ ယတြာ၊ ဆေးဝါ
မန္တရားအတတ်များကို အပြီးတိုင် တက်မြောက်၍ သိဒ္ဓိပေါ
ဘားမဲ့ဆရာတော် ဖြစ်လာခဲ့ပေသည်။

ထိုအချိန်က ဟံသာဝတီ နေပြည်တော်ကြီးအား ငါး
ဒယကာဘုရင်မင်းမြတ် အုပ်စိုးနေသော ကာလဖြစ်သည်။

ဘားမဲ့၊ ဘားမွှတ်၊ ဘားတမြွတ်၊ ဘားတမော့၊ ဆိုသည့် ဘားလေးပါး အရှင်သူမြတ်များမှာ…

ငါးဆူ ဒါယကာဘုရင် ကိုးကွယ်ဆည်းကပ်သော ဆရာတော်များ ဖြစ်ကြသည်။

တစ်နေ့တွင် နန်းတော်အတွင်းသို့ ဘုရင်မင်းမြတ်ခေါ် ယူထားသော ရာပြတ်များ ရောက်ရှိနေကြသည်။

မိုးကုတ်ကျပ်ပြင်အရပ်မှာ ဆက်သလာသော ကျောက်မျက်ရတနာများအား ရာပြတ်များ အကဲဖြတ် စစ်ဆေးလျက်ရှိသည်။

ထိုအချိန်တွင် ဘားမဲ့ဆရာတော်သည် နန်းတော်အတွင်းသို့ မထင်မှတ်ဘဲ ရောက်ရှိလာသည်။

ပတ္တမြား၊ နီလာကျောက်မျက်များကို တွေ့ရှိသွားသော ဆရာတော်က ရာပြတ်များအား ပြောလိုက်သည်။

'ဒကာတို့… ကျုပ်တို့ဆီမှာလည်း သံပရာသီးတစ်ခြမ်းခန့်ရှိတဲ့ ကျောက်နီကြီး တစ်လုံးရှိတယ်၊ တန်ဖိုးဘယ်လောက်ရှိ

တယ်ဆိုတာ မမှန်းတတ်ဘူး၊ ကြံ့ရင် ကျုပ် ကျောင်းဝင်ခဲ့ပြီး ကျောက်နီကြီးကို တန်ဖိုးဖြတ်ပေးစမ်းပါ'

ဆရာတော်က ထိုကဲ့သို့ မိန့်တော်မူပြီး ကျောင်းသို့ပြန်ကြွသွားသည်။

သုံးရက်ခန့်ကြာသောအခါ ရာပြတ်များသည် ဆရာတော်ကျောင်းသို့ ရောက်ရှိလာကြသည်။

ဆရာတော်မှာလည်း နန်းတော်တွင် သူပြောခဲ့သည့် စကားကိုမေ့လျော့နေပုံ ရသည်။

'ဟုတ်လား ဒကာတို့၊ ကျုပ်မှာကျောက်နီကြီး တစ်လုံး ရှိတယ်ဆိုတာ ပြောခဲ့လို့လား'

'မှန်ပါ့ ... အရှင်ဘုရားပဲ တန်ဖိုးမည်ရွေ့ မည်မျှရှိမည်ကို သိလိုပါကြောင်း တပည့်တော်တို့ကို ကျောင်းလာခဲ့ဖို့ မှာခဲ့ပါတယ် ဘုရား'

ဆရာတော်က ပြုံးလိုက်သည်။

'ဪ... ဒီလိုကိုး၊ ဒါက မဆန်းပါဘူး ဒကာတို့ရယ်၊

ဟော့… ပေစိ၊ ကျောင်းခြံထဲက သံပရာသီးတစ်လုံး သွားခူးတ် ခဲ့ကွာ'

'ဆရာတော်၏ အပါးတော်မြဲဖြစ်သော စိတ်မနှံ့သည့် ပေစိသည် ပါးစပ်ဆိုင်းတီးလျက် ကျောင်းပေါ်မှ ကခုန်ပြီးဆင်း သွားသည်။

မကြာမီ သူ့လက်ထဲတွင် သံပရာသီးတစ်လုံးပါလာပြီး ဆရာတော်အား ဆက်ကပ်လိုက်သည်။

'အရှင်ဘုရားရဲ့ ကျောက်နီပတ္တမြားကြီးပါ ဘုရား'

ပေစိသည် သံပရာသီးကို ဆက်ကပ်ယူရာမှ ပြောလိုက် သည်။

ရာပြတ်များကလည်း ပေစိရူးနေသည်မှာ ရူးလောက်ပေ သည်။

သူ့စိတ်ထဲတွင် သံပုရာသီးကို ပတ္တမြားဟု ထင်နေပုံရ သည်။

ဆရာတော်သည်…

ပေစိ ကပ်သော သံပရာသီးအား ကိုင်တွယ်လှည့်ပတ်ကြည့်ရှုရင်း…

'ပေစိကတော့ ပတ္တမြားကြီးလို့ ပြောနေတာပဲ၊ ဟုတ်မဟုတ် သေချာသိရအောင် ဒကာတို့ပဲ အဲဒီ သံပရာသီးကြီးကို တစ်ခြမ်းစိတ်လိုက်စမ်းပါ'

ရာပြတ်များသည် သံပရာသီးကို ခြမ်း၍ တစ်ခြမ်းအား ဆရာတော်အား ကပ်လိုက်သည်။

ဆရာတော်သည် သူ့လက်ထဲတွင် သံပရာသီးခြမ်းအား ဖွဖွဆုပ်၍ မန္တန်များ စုပ်သည်။

မန္တန်စုပ်ပြီးနောက် လက်ဝါးကို ဖြန့်ပြလိုက်ရာ ရာပြတ်များ မျက်လုံးပြူးလျက် အကြီးအကျယ် တုန်လှုပ်သွားကြတော့သည်။

'ကဲ… မြင်တဲ့အတိုင်းပဲ၊ ဒီပတ္တမြားကြီးကို တန်ဖိုးဘယ်လောက်သင့်မလဲ ဒကာတို့ ဖြတ်ပေတော့'

ဆရာတော် လှမ်းပေးသော သံပရာသီးခြမ်းမှ ထူးဆန်းစွာ

ပြောင်းလဲသွားသော ပတ္တမြားကြီးအား ရာပြတ်များ အလှအယက် ကြည့်ကြသည်။

ပတ္တမြားကြီးမှာ ယုန်သွေးအဆင်းကဲ့သို့ ဝင်းပ တောက်လျက်ရှိသည်။

အပြစ်အနာအဆာ လုံးဝမရှိ။

စင်းလုံးချော ပတ္တမြားကြီး ဖြစ်နေပေသည်။

ရာပြတ်တို့မှာလည်း တစ်ကြိမ်တစ်ခါမျှ တွေ့ကြုံဖူးခြင်းမရှိသော ပတ္တမြားကြီးကို လောဘတကော်လျက် သူဝယ်မည် ငါဝယ်မည်ဟု လုယူနေကြသည်။

'မှန်လှပါ အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ပတ္တမြားဟာ နန်းတွင်းမှာရှိတဲ့ ပတ္တမြားများထက် အရည်အသွေး ပိုမြင့်ပါတယ် ဘုရား၊ တပည့်တော်တို့ တွေ့လည်းမတွေ့ဖူးပါ၊ မြင်လည်းမမြင်ဖူးပါ၊ မည်ရွေ့ မည်မျှအဖိုးထိုက်တန်ကြောင်းကိုလည်း မဖြတ်ဝံ့ပါဘုရား'

'ဒါက ဘာမှမဆန်းပါဘူး ဒကာတို့ရယ်၊ အခု ဒီပတ္တမြား

ကြီးကို ဒကာတို့ လိုက်ချင်ကြတယ် မဟုတ်လား၊ ရရပါစေမယ်၊ ပေစိရေ… ရေတစ်ခွက်လောက် ခပ်ခဲ့စမ်း'

အနီးတွင် ထိုင်နေသော ပေစိသည် ရေအိုးစင်မှ ရေတစ်ခွက်ကိုခပ်ပြီး ကပ်လိုက်သည်။

ဆရာတော်သည် ရေခွက်ကို မန္တန်စုပ်လျက် အတန်ကြာအောင် ရွတ်ဖတ်လျက်ရှိသည်။

ထို့နောက်တွင် ရေမန်းများနှင့် ကျောက်နီပတ္တမြားကြီးအား ဖျန်းပက်လိုက်သောအခါ စောစောက လှီးဖြတ်ပိုင်းထားသော သံပရာသီးတစ်ခြမ်း ပြန်ဖြစ်သွားလေသည်။

'ဒကာတို့ လောဘသက္ကယ တယ်ကြီးကြတာကိုး၊ လောဘကြီးတဲ့သူတွေနဲ့ မထိုက်တန်ပေဘူး၊ ကဲ… ပြန်ကြပေတော့'

အံ့သြမဆုံးဖြစ်နေသော ရာပြတ်များအား ဆရာတော်သည် ကျောင်းမှ နှင်ချလိုက်သည်။ ဘားမဲ့ဆရာတော်ကား ဟံသာဝတီ နေပြည်တော်အတွင်း သိဒ္ဓိပေါက်ဆရာတော်အဖြစ် ထင်ရှားခဲ့သူဖြစ်သည်။

အိုယွန်းယုဉ်စာပေ

ငါးဆူဒါယကာဘုရင်သည် ဘားမဲ့ဆရာတော်၏ ဆေးဝါးမန္တရား အစွမ်းသိဒ္ဓိများကို ကြောက်ရွံ့ထိတ်လန့်လာမိသလို ထီးနန်းအတွက် စိုးရိမ်သောက ဝင်လာသည်။

ထို့ကြောင့်လည်း… ဆရာတော်အား ညောင်ရမ်းသို့ စေလွှတ်ပို့ဆောင်လိုက်သည်။

ညောင်းရမ်းတွင် ညောင်ရမ်းမြို့စား မင်းရဲနန္ဒမိတ်ခေါ် မောင်သစ္စာရှိသည်။

ဘုရင်နောင်(ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော်အငယ် ဖြစ်သည်)

ညောင်ရမ်းမင်းသည် ဆရာတော်၏ အစွမ်းသိဒ္ဓိများကို ကြားသိပြီးဖြစ်၍ ဝမ်းမြောက်စွာ ဆည်းကပ်ကိုးကွယ်သလို ဆရာတော်ထံမှ လောကီအစီအရင်များကို သင်ယူခဲ့သည်။

ဆရာတော်မှာ ထူးခြားသော ဂမ္ဘီရအတတ်ပညာများကို တတ်မြောက်ထားသူဖြစ်သည်။

တိုင်းရေးပြည်ရာ စီမံအုပ်ချုပ်ရာတွင် အားကိုးထိုက်သော

ဆရာတော်သူမြတ်ဖြစ်သည်။ ဘားမဲ့ဆရာတော်ကလည်း မြန်မာတစ်နိုင်ငံလုံး အုပ်ချုပ်စိုးမိုးနိုင်ရန် သူ့အတတ်ပညာများနှင့် ကူညီပေးမည်ဟု မိန့်ကြားသည်။

'အရှင်ဘုရား၊ အခုချိန်မှာ ဟံသာဝတီ၊ ညောင်ရမ်း၊ အင်းဝ၊ ဒီသုံးရပ်မှာ ဘယ်အရပ်ကို အဓိကထားပြီး ထီးနန်းတည်ထောင် အခြေပြုသင့်ပါသလဲ ဘုရား'

ဆရာတော်က စဉ်းစားလျက် တွက်ချက်ကြည့်သည်။

'မင်းကြီး... တလိုင်းသုံးရပ်ကိန်းက အလွန်ညှံ့နေတယ်၊ ထောင်းထောင်းညက်ညက် ကျေအောင် ချေမှုန်းခြင်းခံရကိန်းမြင်တယ်၊ ဟံသာဝတီ အနေအထားကလည်း မကောင်းဘူး၊ ညောင်ရမ်းကလည်း မင်းတို့စံရာ ဌာနီအဟုတ်၊ ဒါ့ကြောင့် အင်းဝကိုသာ အခြေပြုရမယ်၊ အင်းဝက ကျယ်ဝန်းတယ်၊ မြေအနေအထားကောင်းတယ်၊ အင်းဝကို အခြေပြုပြီး တည်ထောင်သင့်ပါတယ်'

ဆရာတော် မိန့်ကြားသည့်အတိုင်း ညောင်ရမ်းမင်းသည် အမှုထမ်း အရာထမ်း စစ်သည်များကို စုရုံးစေလျက် စစ်ပြင်သည်။

ဆရာတော်မှ အလံ၊ ဗုံမောင်း၊ ဆင်၊ တံခွန် စည်ကြီးခွက်ကြီး တို့တွင် အင်းအိုင် မန္တန်ဂါထာများ ရေးသားစီရင်ထားပြီး အင်ဝသို့ ချီတက်ကြသည်။

လမ်းခရီး၌ ဆီးတောအရပ်တွင် တဲတော်ကို မီးလောင်ရာ ဆရာတော်က မီးတောက်မီးလျှံကဲ့သို့ ဘုန်းကြီး အသက်ရှည်မည် ဖြစ်ကြောင်း နိမိတ်ဖတ်သည်။

တံတားဦး၊ မင်္ဂလာစေတီအနောက်တွင် အင်းအိုင် ဂါထာ အမျိုးမျိုး စီရင်၍ အင်းဝမြို့သမုတ်ကာ တည်ထောင်တော်မူခဲ့ သည်။

ညောင်ရမ်းမင်း ကွယ်လွန်ပြီးနောက် အနောက်ဘက်လွန် မင်း လက်ထက်တွင်လည်း ဆရာတော်အား ဆက်လက်ဆည်းကပ် ကိုးကွယ်ခဲ့သည်။

တောင်ငူကို တိုက်ရန်အတွက် ဘားမဲ့ဆရာတော်နှင့် တိုင်ပင်သည်။

'တောင်ငူမှာ ဗေဒင်ယတြာတတ်တဲ့ ပညာမုန့်ယိုတောင်

ညှိပဥ္စင်းမျိုးရှိတယ်၊ ကဲလင်းရွာဇာတိသား ရဟန်းဝတ်နဲ့ အင်းအိုင် ဆေးဝါး မန္တရားအတတ်တွေကို လှည့်လည်ရှာဖွေ သင်ယူရင်း ကျုပ်ဆီမှာ ပညာသင်ယူခဲ့ဖူးတယ်၊ သူ့ကို မွေးကာစတုန်းက ပါးမှာ မုန်အိုးမုန်းတွင်းဆင်များလို ပါလာတယ်၊ ဒေါသအမျက် ထွက်ရင် မုန်အိုးကနေ မုန်ရည်ယိုထွက်လာ တတ်တာမျိုးကြောင့် ရှင်မုန်ယိုခေါ်တာ၊ သူလည်း ဂန္ဓာရတတ်ကျွမ်းသူဖြစ်တယ်၊ အစီ အရင်တွေနဲ့ သူမြို့ကို ကာကွယ်မှာပဲ လုပ်ကြံမယ်ဆိုရင် အောင် မြင်မှာတော့ အောင်မြင်မှာပေါ့၊ ဒါပေမဲ့ ခက်ခက်ခဲခဲ ရက်အတော် ကြာအောင် သိမ်းပိုက်ရလိမ့်မယ်'

ဘားမဲ့ဆရာတော် မိန့်တော်မူသည်ကို အနောက်ဘက် လွန်မင်း စဉ်းစားတော်မူသည်။

'အရှင်ဘုရားရဲ့ အစီအမံတွေနဲ့ တောင်ငူကို တိုက်ခိုက် သိမ်းပိုက်ရင် မရနိုင်တော့ဘူးလား ဘုရား'

'အင်း… တောင်ငူဆိုတော့ ငူတောင်လို့ ပြောင်းပြန်ယူရ တယ်၊ ငူတောင်ရဲ့ နံတူဟာ ခတက်ပဲ၊ တေဇအရပ်က ခတက်ပင်

ရှိရာမှာ တပ်စွဲပြီး လုပ်ကြံမှ အောင်မြင်ပါလိမ့်မယ်'

[က,ခ,ဂ,ဃ,င အက္ခရာများသည် တနင်္လာနံဖြစ်သည်။ (င)နှင့်(ခ)မှာ နံတူဖြစ်သည်။ တ မှာ စနေနံဖြစ်၍ (တောင်)နှင့်(တက်)မှာ နံတူဖြစ်သည်။ ပရိဝါရ၊ အာယု၊ နဂရ၊ ဘုမ္မိ၊ ဂဟာပတိ၊ တေဇ၊ ဌာန၊ သီရိ ဟူ၍ အရပ်ရှစ်မျက်နှာရှိမွေးနံ့ထောင့်က စ၍ ရေတွက်လျှင် ဆင္ဓမမြောက်အရပ်သည်တေဇဖြစ်သည်။ (တောင်ငူ)မှ (ငူ)ကိုယူ၍ တနင်္လာနံဖြစ်သောကြောင့် တနင်္လာအရပ် အရှေ့အရပ်မှ ဆင္ဓမမြောက်ထောင့်ဖြစ်သော အနောက်မြောက်ထောင့်သည် တေဇအရပ်ဖြစ်သည်။]

အနောက်ဘက်လွန်မင်းသည် စစ်သံည် အလုံးအရင်းနှင့်တောင်ငူသို့ ချီတက်လာသည်။

တောင်ငူတွင်ရှိသော ရှင်မုန်ယိုကလည်း အင်းဝကစစ်ချီလာမည်ကို ကြိုတင်သိနေသည်။ အစီအမံများ လုပ်တော့သည်။ အင်းဝမြို့နားဝန်းကျင်တွင် တွေ့ရှိသမျှ ခတက်ပင်များကို ခုတ်ထစ်လှဲပစ်သည်။ အမြစ်ပါမကျန် တူးဖော်ပြီး ရေထဲသို့ပစ်ချကြ

သည်။ မြို့တွင်းသို့လည်း စပါး၊ ထင်း၊ မြက်၊ ရိက္ခာများ လုံလောက်စွာသွင်း၍ မြို့ရိုးကို အခိုင်အမာစီမံပြီး တပ်ပြင်ထားသည်။

အနောက်ဘက်လွှန်မင်းသည် တေဇအရပ်သို့ ရောက်ရှိလာသည်။ ဘားမဲ့ဆရာတော် စီရင်မှာကြားသည့်အတိုင်း ခတက်ပင်ရှာသော်လည်း မတွေ့ရပေ။ ရှင်မုန်ယိုသည်လည်း ဂမ္ဘီရပညာရပ်များကို တတ်ကျွမ်းသော ဆရာတော်ဖြစ်၍ ဘားမဲ့ဆရာတော်၏ အစီအရင်ကို ကြိုတင်ဖျက်ထားနိုင်စွမ်းရှိသည်။

သို့သော် အနောက်ဘက်လွှန်မင်း၏ စစ်သည်များသည် တပ်တည်ရန် ပျဉ်ပုံတစ်ခုကို ရှင်းလင်းလိုက်စဉ်မှာပင် မမျှော်လင့်ဘဲ လူတစ်ရပ်ခန့်ရှိသော ခတက်ပင်ကို တွေ့ရှိသွားသည်။ ဘားမဲ့ဆရာတော် မိန့်ကြားသည့်အတိုင်း ထိုနေရာမှာပင် တပ်စွဲထားလိုက်သည်။

အမှောင်ထု စိုးမိုးလာသည်။ ညနက်အချိန်ရောက်လာသည်။ သန်းခေါင်ကျော်ပြီး ၃ နာရီခန့်တွင် ကြောက်မက်ဖွယ်ကောင်းသော ဆင်အုပ်ကြီးများ မြင်းစီးတပ်များသည် တပ်အတွင်း

သို့ ဒလကြမ်း ထိုးဖောက်ဝင်လာကြသည်။ အနောက်ဘက်လွှန်မင်း၏ စစ်တပ်များသည် ဖရိုဖရဲ ထိတ်လန့်ကုန်ကြသည်။

တပ်ကို အမြန်စုစည်း၍ တောင်ငူဆင်တပ်၊ မြင်းတပ်၊ စစ်တပ်ကြီးကို ပြန်လည်တိုက်ခိုက်ရန် လိုက်လံရှာဖွေကြသော်လည်း ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။ ဤသို့ဖြင့် ငါးရက်တစ်ကြိမ် ခြောက်ရက်တစ်ကြိမ် လူသူဆင်မြင်းသံများသည် ကြောက်မက်ဖွယ်ကောင်းစွာ ခြောက်လှန့်လေ့ရှိသည်ကို တပ်တော်သားများ အထိတ်အလန့်ဖြစ်ကုန်ကြသည်။

ရှင်မုန်ယိုသည် ဓာတ်ရိုက်ဓာတ်ဆင် ယတြာများပြုလုပ်၍ ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးများကို စီရင်ပြီး ခြောက်လှန့်ခြင်းဖြစ်ပေတော့သည်။ အဆိုပါ အဖြစ်အပျက်များကို အနောက်ဘက်လွှန်မင်းသည် အင်းဝတွင်ရှိသော ဘားမဲ့ဆရာတော်ထံ ခြေမြန်မြင်းသည်တော်များ စေလွှတ်၍ လျှောက်ထားစေသည်။

ကျောင်းသို့ရောက်လာကြသော မြင်းသည်တော်များသည် ဆရာတော်ထံ အကျိုးအကြောင်း လျှောက်ထားကြသည်။

ဆရာတော်သည် တစ်စုံတစ်ရာ ပြန်လည်မိန့်ကြားခြင်း မပြုပေ။

အနီးတွင်ရှိသော ဒေါက်ချာအား ဦးခေါင်းတွင် စွပ်လိုက်သည်။

အတန်ကြာသော် စွပ်ထားသောဒေါက်ချာအား ပြန်ချွတ်လိုက်ပြီး ကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်သည်။ ထို့နောက်တွင် ကျက်သရေခန်းထဲသို့ ဝင်ရောက်သွားလေသည်။

ဆရာတော် ဝင်ရောက်သွားသော ကျက်သရေခန်းတံခါးကို မြင်းသည်တော်များ တွန်းကြည့်သည်။ ဖွင့်မရ၊ အတွင်းမှ တံခါးချက်များ ချပြီး ပိတ်ထားကြောင်း သိရသည်။

မြင်းသည်တော်များမှာလည်း ရာဇဝတ်ဘေးသင့်မည်ကို ကြောက်ရွံ့ပြီး စိတ်ပျက်လက်ပျက် ဖြစ်နေကြသည်။ ထိုစဉ်မှာပင် လှောင်ပြောင်ရယ်မောလိုက်သည့် အသံကို ကြားလိုက်ရသည်။

'ဟား… ဟား… တယ်ညံ့တဲ့ မြင်းသည်တော်တွေပဲ၊ အခုမှ ဇက်ပြုတ်တော့မှာကို တွေးပြီး ကြောက်နေကြပြီကိုး၊ ဟား… ဟား… ဟား'

ပေစီ၏ လှောင်ပြောင်ရယ်မောသံ ဖြစ်နေသည်။ အရှုး ပေစီ။ ဆရာတော်၏ အပါးတော်မြဲ စိတ်မနှံ့သည့် ပေစီသည် ဘာကို သဘောကျ၍ လှောင်ပြောင် ရယ်မောနေသည်မသိ။ မြင်းသည်တော်များသည်လည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ ပေစီအား ချဉ်းကပ်မေးမြန်းကြသည်။

'ကျုပ် ဆရာတော်က ဘာသာရေး သာသနာရေး ဖြစ်နေလို့ ဘာတစ်ခုမှ မပြောတာ၊ အင်း… ဆရာတော်က ဒေါက်ချာကို ဆောင်းပြီးမှ ကြမ်းပေါ်ကို ပစ်ပေါက်ချလိုက်တယ်၊ အဲဒါ အတိတ်နိမိတ်ပဲ၊ မြင်းသည်တော်ကြီးရဲ့ အရှင်သခင် ရှင်ဘုရင်ကို သံတော်ဦးတင်ပေတော့၊ မြတ်စောညီနောင်ဘုရားရဲ့ ထီးတော်ကို ချစေလို့ ပြောတာ၊ မြတ်စောညီနောင် စေတီဟာ တောင်ငူမြို့နဲ့ တစ်ပြိုင်နက်တည်း တည်တဲ့ ခုနှစ်ဌာနအပါအဝင် စေတီဖြစ်တယ်၊ ထီးတော်သာ ချလိုက်ရင် ရှင်မုန်ယိုရဲ့ အစီအရင်တွေ ပျောက်ကုန်ပြီ၊ တောင်ငူကိုလည်း သိမ်းပိုက်လို့ပြီ၊ ကဲ… အမြန်လျှောက်တင်ရန် သွားကြပေတော့'

ဘားမဲ့ ဆရာတော်တပည့် အရှုးပေစိ ပြောသည်မှာမှန်လှပေသည်။ မြင်းသည်တော်များသည် အနောက်ဘက်လွန်မင်းအား ပြန်လည်တင်ပြ လျှောက်ထားကြသည်။ မြတ်စောညီနောင်ထီးတော်ချလိုက်သည်နှင့် ရှင်မုန်ယို စီရင်ထားသော ကျွဲခေါင်းနွားခေါင်းရိုး ပျောက်ကွယ်၍ ညဘက်တွင်လည်း ခြောက်လှန့်ခြင်း မရှိလေတော့ပေ။

နန်းကြေးသျှ

✲ ✲ ✲




ဇေယျသိဒ္ဓိသံသေဓား

## ဇေယျသိဒ္ဓိသံသေမား

**ရိရိဌေး**

ရှေးခေတ်မြန်မာသူရဲကောင်းများမှာ စစ်ပွဲတိုင်းတွင် ဓား

ဓားချင်း ယှဉ်ပြိုင်တိုက်ခိုက်ရသဖြင့် ကိုယ်နှင့်ထက်ကြပ်မကွာ

အမြတ်တနိုးတန်ဘိုးထားသည့် အရာကား…

မြန်မာဓားများပင်ဖြစ်ပေသည်။

ထိုဓားများအနက် နာမည်ကျော်ကြားသည့် ဓားများ

ကား…

မင်းကြီးရန်နောင် ယိမ်းနွဲ့ပါးဓား…

**အိုယွန်းယှဉ်စာပေ**

ထိုဓားသည် အထူတစ်တောင်မျှရှိသည့် အရာဝတ္ထုကိုပင် တိခနဲ ခုတ်ပိုင်းနိုင်သည်ဟု အဆိုရှိပါသည်။

ထို့အပြင် ယိမ်းနွဲ့ပါးဓားကဲ့သို့ ထင်ရှားသည့် ဓား တစ်လက်မှာ 'ကိုးသချိုင်းသံဓား' ပင်ဖြစ်ပါသည်။

ထိုဓားကား ဂမ္ဘီရ ပညာရှင်ကြီးတစ်ဦးမှ ခက်ခက်ခဲခဲ စီရင်ခဲ့သောဓားဖြစ်ပြီး တော်လှန်ရေး သူရဲကောင်းကြီးတစ်ဦး ဖြစ်သည့် ဝန်သိုစော်ဘွားကြီးကို ပေးခဲ့ခြင်းဖြစ်သည်။

ထိုဓား၏ အစွမ်းကား…

မည်သည့် သံကိုအဆို ပိုင်းဖြတ်နိုင်ခြင်း၊ ကာယသိဒ္ဓိပြီး သူများကို ခုတ်ပိုင်းနိုင်ခြင်း၊ ဓားအိမ်ထဲမှာ ဓားကိုမထုတ်ဘဲ ဓားအိမ်နှင့်ခုတ်ရုံဖြင့် လူကို ဒဏ်ရာရခြင်း၊ သေစေနိုင်ပြီး ရာသီဥတုအလိုက် အပြာရောင်၊ အနက်ရောင်၊ အနီရောင်များသို့ ပြောင်းလဲစေနိုင်ခြင်း၊ ပြင်းထန်သော တိုက်ပွဲများတွင် ဓားသွားမှာ အရောင် လင်းလက်လာခြင်း စသည့် အစွမ်းသတ္တိရှိသည်ဟု အဆိုရှိပါသည်။

ထိုဓားနှစ်လက်ကဲ့သို့ အစွမ်းရှိပြီး ထင်ရှားသည့် ဓားတစ်လက်မှာ…

'ဇေယျသိဒ္ဓိ သံသေဓား' ပင်ဖြစ်ပါသည်။

ထိုဓားသည် မြန်မာနိုင်ငံအား ကျူးကျော်သိမ်းပိုက်ခဲ့သည့် နယ်ချဲ့တို့၏ အသက်ပေါင်းများစွာကို ဇီဝိန်ချွေခဲ့သော ဓားကောင်းတစ်လက်ဖြစ်ပါသည်။

ဤဓား ရရှိလာခဲ့ပုံမှာလည်း ထူးခြားဆန်းကြယ်လှပေသည်။

အချိန်ကား သီပေါမင်း ပါတော်မူပြီး မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏ လက်အောက်သို့ ရောက်ရှိသွားခဲ့သည်။

ထိုအချိန်တွင် နယ်ချဲ့ မျက်နှာဖြူများကို တော်လှန်ရန်အတွက် မြန်မာ နန်းတွင်းတပ်မှ တပ်မှူးကြီး နေမျိုးဗလဦးဆောင်သော တပ်သားများသည် နန်းတော်မှ တိတ်တဆိတ်ထွက်ခွာကာ အလယ်ရိုးမတောကြီးအတွင်း ပုန်းအောင်းနေခဲ့သည်။ ထိုနေရာ၌ နေထိုင်ရင်း လက်နက်လူသူအင်အား စုဆောင်းခဲ့သည်။

ထိုသို့ဖြင့် လူသူအင်အား စုဆောင်းခဲ့ရာ နှစ်အနည်းငယ်အတွင်း လူအင်အား တစ်သောင်းကျော် ရရှိခဲ့လေသည်။

တပ်မှူးကြီးနေမျိုးဗလမှာ မျိုးချစ်စိတ်ဓာတ်ရှိသူပီပီ နယ်ချဲ့ကို တော်လှန်ရန် နေ့စဉ် စဉ်းစားအားထုတ်ခဲ့သည်။

တပ်မှူးကြီးနေမျိုးဗလမှာ ဉပမိရုပ်ကောင်းမွန်ပြီး အရပ်အမောင်း မြင့်မားထွားကျိုင်းသော ကိုယ်လုံးကိုယ်ထည်ရှိသည်။ စကားပြောရာတွင် ခပ်ပြတ်ပြတ်ပြောတတ်သကဲ့သို့ အသံသြဇာနှင့် ပြည့်စုံသည့်အတွက် ငယ်သားများက ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ကြပါသည်။

၄င်းတို့ အုပ်စုမှာလည်း နယ်ချဲ့တပ်များကို တိုက်ခိုက်ရန် ဓားများ လိုအပ်ခဲ့ပါသည်။

'ငါတို့မှာ လူသူအင်အား အတော်ပင် စုဆောင်းရခဲ့ပြီ၊ ဒါပေမဲ့ စစ်တိုက်ရန် ဓားလက်နက် လိုအပ်သည်။ ဓားတစ်သောင်း ရရန်လွန်စွာ အရေးကြီးနေပြီ၊ ဒါပေမဲ့ ဒီကိစ္စကို နယ်ချဲ့တို့ မသိအောင် အလျှို့ဝှက်ဆုံး ဆောင်ရွက်မှဖြစ်မယ်'

'မှန်ပါ ကျွန်တော်မျိုးတို့ ပန်းပဲဖို ၁၀ ဖိုသို့ သွားပြီး တစ်ဖိုမှာ ဓားအလက်ပေါင်း တစ်ရာစီ လုပ်ဆောင်နိုင်းပါ့မည့် ဘုရား'

'အိမ်း... ပန်းပဲဖို တစ်ဖိုမှာ ဓားတစ်ရာလုပ်ဖို့ဆိုတာ ဝန်မလေးလောက်ဘူး၊ ဒါပေမဲ့ ပန်းပဲဖိုပိုင်ရှင်ဟာ ဒီအကြောင်းကို အလွန်လျှို့ဝှက်မှ ဖြစ်မယ်'

'မှန်ပါ တပ်မှူးကြီးဘုရား'

တပ်မှူးကြီးနေမျိုးဗလ၏ တပ်သားများသည် ရွယ်ဆယ်ရွာသို့ သွားကာ ပန်းပဲဖိုဆယ်ဖိုတွင် ဓားအချောင်းတရာစီဖြင့် ဓားအလက်ပေါင်း တစ်သောင်းအပ်နှံခဲ့ပါသည်။

ဓားများ ရလာသောအခါ သာမန်ဓားများ ဖြစ်နေသဖြင့် တပ်မှူးကြီးနေမျိုးဗလမှာ လွန်စွာ စိတ်ပျက်လက်ပျက် ဖြစ်နေပါသည်။

'အင်း... ဒီဓားတွေဟာ ငယသားတွေလောက်ပဲ ကိုင်သင့်တယ်၊

'ငါ့အတွက် အစွမ်းထက်တဲ့ ဓားရရင် ဘယ်လောက်များ ကောင်းလိုက်မလဲ'

ဓားများမှာ သာမာန်ဓားများဖြစ်နေသဖြင့် တပ်မှူးကြီးမှာ ဤသို့ တောင့်တမိသည်။

ထိုစဉ် ၄င်းတို့စခန်းချရာသို့ ရသေ့ကြီးတစ်ပါး ဆွမ်းခံ ကြွလာခဲ့သည်။

'ရသေ့ကြီး ကြွလာတယ်… ဆွမ်းလောင်းလိုက်ပါ ကွယ်'

တပ်မှူးကြီးက လှမ်းပြောလိုက်သဖြင့် ငယ်သားများက ၄င်းတို့စားသည့် ထမင်းနှင့်ဟင်းကို လောင်းလှူခဲ့ပါသည်။

ထိုသို့ဖြင့် ခုနစ်ရက်တိုင်တိုင် ကြာခဲ့သည်။

ထိုနေ့တွင် ရသေ့ကြီးမှ တပ်မှူးကြီးအား…

'ဒကာ… ကျုပ်နေတဲ့ တောကြီးရဲ့ အနောက်ဘက်မှာ ကျောက်ဂူကြီး တစ်ဂူရှိတယ်၊ ဟိုးရှေးစဉ်အဆက်က လက်နက်များ သိမ်းထားရာ လျှို့ဝှက်စခန်း တစ်ခုဖြစ်တယ်၊ ဒကာတို့အတွက်

အသုံးဝင်လိမ့်မယ်လို့ ထင်ပါတယ်၊ အဲဒီ ကျော်ဂူထဲက ကျောက်သေတ္တာကြီးထဲမှာ 'ဇေယျာသိဒ္ဓိသံသေခား' ရှိတယ်လို့ ရှေးဘိုးဘွားများရဲ့ စကားကိုမှတ်သားရပါတယ်၊ ဒါ့ကြောင့် ဒကာရဲ့ သဘောဆန္ဒအတိုင်း ဆောင်ရွက်ပါလော့'

'တင်ပါ့ ဘုရား'

ထိုသို့ ပြောဆိုပြီးနောက် ရသေ့ကြီး ပြန်ကြွသွားခဲ့သည်။ သည်တွင် တပ်မှူးကြီးနေမျိုးဗလသည်···

'အင်း···· ဇေယျာသိဒ္ဓိသံသေခားဆိုပါလား၊ ဒီခါးအကြောင်းကို ကြားဖူးတယ်၊ ဟိုရှေးရှေးက ဟံသာဝတီမွန်မင်းတို့ အသုံးပြုခဲ့ခါးပဲ၊ ဒါပေမဲ့ ဒီခါးဟာ တိမ်မြုပ်ပျောက်ကွယ်နေတာ အတော်ကြာပြီ အခုမှ ရသေ့ကြီးဟာ ငါ့အတွက် လိုအပ်နေမှန်းသိလို့ တမင် သိအောင်ပြောကြားတာလား၊ ဘာပဲဖြစ်ဖြစ် ဒီခါးကို ရအောင်သွားရှာမယ်၊ အမျိုးဘာသာအတွက် ကျူးကျော်လာတဲ့ ရန်သူတွေကို အပြီးတိုင်ချေမှုန်းမယ်'

ထိုသို့ သံဒ္ဓိဌာန်ချကာ ရွေးသောက်ငါးယောက်ကိုခေါ်၍

တောကြီးအတွင်းသို့ ဝင်ခဲ့လေသည်။

တောအတွင်းသို့ လေး၊ ငါးမိုင်ခန့် သွားသောအခါ ကျောက်ဂူကြီးကို တွေ့ခဲ့သည်။

'တပ်မှူးကြီး ဟိုမှာ ကျောက်ဂူကြီး'

ကျောက်ဂူကြီး၏ အဝမှာ ကျောက်တုံးကြီး တစ်တုံးပိတ်ဆို့နေပြီး သစ်ပင်များ ပေါက်နေပါသည်။

ငှင်းတို့လည်း ထိုကျောက်ဂူကြီးအား ကြည့်ရှုနေစဉ် ရသေ့ကြီးရောက်လာပြီး…

'ဒကာတို့ ဒီကျောက်တုံးကြီးကို အားစိုက်ပြီး ဖယ်လိုက်ပါ'

'မှန်ပါ့ ဘုရား'

ငှင်းတို့ အုပ်စုလည်း အားစိုက်ပြီးတွန်းရာ ကျောက်တုံးကြီးမှာ လူတစ်ကိုယ် ဝင်ဆန့်ရုံမျှ ရွေ့သွားပါသည်။

'ဒကာ… ဒီကျောက်တုံးက ဒီမျှသာ ဖွင့်လို့ရမယ် ဝင်ပါလော့'

တပ်မှူးကြီးတို့ အုပ်စုနှင့်အတူ ရသေ့ကြီးပါ ကျောက်ဂူအတွင်းသို့ ဝင်လာခဲ့သည်။ ဂူအတွင်း၌မှောင်နေသည့်အတွက် ရသေ့ကြီးက အသင့်ပါလာသော ဖယောင်းတိုင်ကို ထွန်းညှိကာ…

'ဒကာ… ဒီမှာ ကျောက်သေတ္တာကြီးပဲ'

ရသေ့ကြီးက ဤသို့ ပြောကြားလိုက်သည်။

'ဖွင့်ကြစမ်း'

တပ်မှူးကြီးက အမိန့်ပေးလိုက်ရာ…

ဓားအိမ်တွင် စာတန်းများ ရေးထိုးထားသည့် ဓားကြီးကို ရွှေကလပ်ပေါ်တွင် တင်ထားသည်ကို တွေ့လိုက်ရသည်။

တပ်မှူးကြီးမှာ ဓားကို ကောက်ကိုင်လိုက်ပြီး ဖတ်ကြည့်လိုက်ရာ…

'ဓေယျသိဒ္ဓိသံသေဓား ပါလား'

'ဟုတ်တယ်… ဒကာ၊ ဒီဓားဟာ ဓေယျသိဒ္ဓိသံသေဓားပဲ'

'အရှင်ဘုရား ဘာကြောင့် တပည့်တော်အပေါ်မှာ ဒီလောက် ကောင်းရတာလဲ ဘုရား'

'အိမ်… ပြောရရင်တော့ တစ်ချိန်တုန်းက ငါဟာ တပ်မှူးကြီးတစ်ဦးပေါ့၊ ဒီဓားဟာ ငါကိုင်တဲ့ဓားပဲ ဒီဓားနဲ့ ရန်သူများစွာကို တိုက်ခိုက်နှိမ်နင်းနိုင်ခဲ့တယ်၊ ဒါပေမဲ့ ငါဟာ အသက်ကြီးရင့်လာတဲ့အတွက် လူ့ဝတ်ကြောင်ကို စွန့်ပြီး ရသေ့ဝတ်နဲ့ တရားနေဆဲဖြစ်တယ်'

'တင်ပါ့ ဘုရား'

'အခုအခါမှာ အရှင်နှစ်ပါးလည်း ပါတော်မူသွားပြီး၊ ငါတို့ မြန်မာပြည်ကြီးဟာလည်း နယ်ချဲ့လက်အောက် ကျွန်သဘောက်ဘဝကို ရောက်ခဲ့ပြီ၊ ငါဟာ အမျိုးဘာသာအတွက် ကာကွယ်ချင်ပေမယ့် အသက်အရွယ် အိုမင်းမစွမ်းရှိချေပြီ၊ မည်သို့မျှမစွမ်းဆောင်နိုင်တဲ့ အရွယ်ဖြစ်နေပြီမို့ စိတ်မချမ်းမသာနဲ့ လက်ပိုက် ကြည့်နေခဲ့ရတယ်၊ ဒီအချိန်မှာ ဒကာကြီးကို တွေ့လိုက်ရတယ်၊ ဒကာကြီးတို့ဟာ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက်

တော်လှန်တိုက်ခိုက်နေတဲ့ ပြောက်ကျားတပ်သားတွေမှန်း သိလိုက်ရလို့ ဒီ သံသေဓားနဲ့တကွ အခြားအရည်အသွေး ကောင်းတဲ့ဓားတွေရှိတဲ့ နေရာကို ပြသခြင်းဖြစ်တယ်'

'တင်ပါ့ ဘုရား'

'ဒီသံသေဓားရဲ့ အစွမ်းဟာ မည်သည့်သံနဲ့ လုပ်ထားတဲ့ ဓားကိုမဆို ခုတ်ပိုင်းနိုင်တယ်၊ ကာယသိဒ္ဓိပြီးသူများ၊ နာနာရုပ်အတတ်ပညာရှင်များကို ခုတ်ပိုင်းနိုင်တယ်၊ ဓားအိမ်က ဓားမထုတ်ပဲ ဓားအိမ်နဲ့ ခုတ်ရုံနဲ့ လူတွေကို ဒဏ်ရာရစေတယ်၊ သေစေနိုင်တယ်၊ သံသေဓားနဲ့ ထိုက်တန်တဲ့လူဟာ ဒီဓားကို ကိုင်ရုံမျှနဲ့ ခွန်အားတွေ ရလာသလို ခံစားရတယ်၊ ကဲ… ဒကာတို့ အလိုရှိသလို သုံးပေတော့'

'တင်ပါ့ ဘုရား'

ထိုသို့ ပြောဆိုကာ ကျောက်ဂူကြီးထဲမှ ထွက်သွားခဲ့သည်။

တပ်မှူးကြီးနေမျိုးဗလတို့ အုပ်စုသည် ကျောက်ဂူကြီးထဲမှ

ဧယျာသိဒ္ဓိသံသေဓား အပါအဝင် အခြားသော အရည်အသွေး ကောင်းသည့် ဓားများစွာကို ယူဆောင်ခဲ့ကြသည်။

တပ်မှူးကြီးနေမျိုးဗလသည် ကျောက်ဂူမှအထွက် ထိုသံသေဓားကြီးကို ဓားအိမ်မှ မချွတ်ပဲ ထိုဓားကို လက်ျာဘက်လက်ဖြင့် ကိုင်၍ ဖြောင့်တန်းစွာ ဓားကို မတ်မတ်ထားပြီး မိုးပေါ်သို့ မြှောက်ကာ..

'ဧယျာသိဒ္ဓိသံသေဓားတဲ့ဟေ့'

ဟူ၍ အော်လိုက်ရာ မိုးကောင်ကင်မှ လျှပ်စီးလျှပ်ပန်းနွယ်များ လင်းလက်လာပြီး မကြာမီ...

'ဂျိမ်း... တလိမ်းတိမ်း... ဂျိမ်း...'

ဟူသော လျှပ်စစ်မိုးကြိုးသံကြီး ဖြစ်ပေါ်ကာ ကောင်းကင်မှ လျှပ်စစ်ဓာတ်များ ဓားအတွင်းသို့ စီးဝင်သွားပါသည်။ ထိုသို့ လျှပ်စစ်ဓာတ်များ စီးဝင်သွားသည့်အတွက် သံသေဓားကြီးမှာ အရောင်များ မလက်လက်တောက်ကာ ဝင်းလက်သွားပါတော့သည်။

သံသေဓားကြီးကို ကိုင်ဆောင်ထားသည့် တပ်မှူးကြီး နေမျိုးဗလ၏ ကိုယ်တွင်းသို့ပင် လျှပ်စစ်ဓာတ်များ စီးဝင်သကဲ့သို့ ဖြစ်ကာ ခွန်အားများ အတိုင်းမသိ ပြည့်ဝသွားသလို ခံစားခဲ့ရပါသည်။

ထို့နောက် နယ်ချဲ့များကို တောင်ကြိုတောင်ကြားမှ အမှတ်မထင်ပေါ်လာသော ပျောက်ကြားတပ်ဖြင့် တိုက်ပွဲများ ဆင်နွဲရာ နယ်ချဲ့တို့၏ အသက်ပေါင်းများစွာ ကျရှုံးခဲ့ပါသည်။ ထိုတိုက်ပွဲတိုင်းတွင် ထိုဓားကြီးကို တဝင့်ဝင့်ကိုင်ကာ တိုက်ပွဲဝင်နေသည့် တပ်မှူးကြီးနေမျိုးဗလကိုတွေ့မြင်ရပါသည်။ တိုက်ပွဲတိုင်းတွင်…

'ဧယျာသိဒ္ဓိသံသေဓားဟေ့' ဟူသည့် ဩဇာသံပါသည့် တပ်မှူးကြီး၏ အသံမှာ ဟိန်းထွက်နေပါသည်။ ထိုသို့ဖြင့် တိုက်ပွဲပေါင်းများစွာ တိုက်ခဲ့သောအခါ နယ်ချဲ့တို့မှာ ဧယျာသိဒ္ဓိသံသေဓားမှာ နာမည်ကျော်ကြားလာပြီး ထိုဓားကို မြင်ရုံဖြင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့ကြသည်။

အထူးသဖြင့် ထိုဓား၏ စွမ်းရည်မှာ တိုက်ပွဲများတွင် ဓားအရောင်မှာ တလက်လက် ဖြစ်လာသည်သာမက ဓားကိုင်ထားသည့် တပ်မှူးကြီး၏ မျက်နှာမှာလည်း ကြမ်းတမ်းခက်ထန်ကာ ရန်သူမှန်သမျှကို အသေချေမှုန်းသည်ဟု ကျော်ကြားခဲ့ပါသည်။

ထိုဓား၏ အစဉ်အလာအတိုင်း ဓားအိမ်မှ ဓားထုတ်လိုက်သောအခါ တစ်ဦးတစ်ယောက်၏ သွေးနှင့်မထိပဲ ဓားအိမ်ထဲသို့ သွင်းမရချေ။

တိုက်ပွဲတိုင်းတွင် ဓားထုတ်ပြီးသည်နှင့် တစ်ပြိုင်နက် နယ်ချဲ့မိစ္ဆာလေးငါးဦး၏ အသက်ဇီဝိန်ကို ချွေယူပြီးခဲ့လေပြီ။

ထိုသို့ နာမည်ကျော်လာသည်နှင့်အမျှ အင်္ဂလိပ်တပ်များက တပ်မှူးကြီး ပုန်းအောင်းရာ တောကြီးအတွင်းသို့ ခြောင်းမြောင်းချီတက်လာရာ ၄င်းတို့စခန်းချသည့် ကျောက်ဂူကြီးဆီသို့ ရောက်ရှိလာခဲ့ပါသည်။

ရန်သူများ ချီတက်လာမှန်းသိသောအခါ တပ်မှူးကြီး

နေမျိုးဗလသည် သံသေတားကြီးကို ကိုင်ကာ သေနတ်ဖြင့် တဒိုင်းဒိုင်းပစ်နေသော ရန်သူများကြားတွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ထိုဓားဖြင့် ရန်သူလေးငါးဆယ်ဟာ သုတ်သင်နိုင်ခဲ့ပါသည်။

သံသေတားဖြစ်ခြင်းကြောင့် ကံကြမ္မာကြေငွ့်ပေလောမသိ တပ်မှူးကြီးကို ကျည်ဆန်တစ်တောင့်မှ မထိချေ။ သို့သော် ၄င်း၏ တပ်သား အများအပြားကျဆုံးကာ ၄င်းနှင့် တပည့်တစ်ယောက်သာ ကျန်ရစ်ခဲ့တော့သည်။

၄င်းတို့ နှစ်ဦးမှာ အရေးနိမ့်ပြီဖြစ်၍ ကျောက်ဂူထဲသို့ ဝင်ရောက် ဂူဝကိုပိတ်၍ ပုန်းအောင်းနေခဲ့သည်။ နယ်ချဲ့တို့က ဝန်းရံထားသဖြင့် ၄င်းတို့နှစ်ဦးမှာ ကျောက်ဂူထဲ၌ ပိတ်မိနေခဲ့သည်။

သည်တွင် တပ်မှူးကြီးက ၄င်း၏ တပည့်အား…

'ငါဟာ သေသည့်တိုင် ငါ၏နိုင်ငံတော်ကို သစ္စာမဖောက်ပါ၊ နယ်ချဲ့တို့ကိုလည်း ဒူးမထောက်လက်မမြှောက်ပါ၊ သူတို့

ဟာ အခုလို ဝန်းရံထားတဲ့အတွက် ငါတို့ဟာ ဘယ်လိုမှ မလွတ်နိုင်တော့ပေ၊ ဒါပေမဲ့ သူတို့ထံ၌ လက်ဖြောက်အရှုံးပေးရမည့်အစား၊ သေသော်မှ တည်ကောင်းလှဘိ၏။

ဒါ့ကြောင့် ဒီသံသေဓားနှင့် ငါ့၏အသက်ကို အဆုံးစီရင်ဖွယ်သာ ရှိ၏။

'စဉ်းစားပါဦး ဘုရား'

'စဉ်းစားဖို့ မလိုပြီ၊ ငါသေသွားသော် ငါ့ဓားနဲ့ ငါ့ခန္ဓာကိုယ်ကို ဒီကျောက်ဂူကြီးအတွင်းမှာသာ မြုပ်နှံပါလော့'

'ကောင်းပါပြီ ဘုရား

သည်နောက် တပ်မှူးကြီးသည် ထိုဓားနှင့်ပင် အဆုံးစီရင်ခဲ့သည်။

တပ်မှူးကြီးမှာထားသည့်အတိုင်း ၄င်း၏ တပည့်ဖြစ်သူမှာ ထိုဓားနှင့်တကွ တပ်မှူးကြီး၏ အလောင်းကို မြေတွင်မြုပ်နှံခဲ့သည်။ အားလုံးကိစ္စပြီးမှ ကျောက်ဂူဝကို ဖွင့်ကာ အဖမ်းခံခဲ့သည်။

ဇိုယွန်းယုဉ်စာပေ

နယ်ချဲ့များက တပ်မှူးကြီးကို ရှာဖွေပါသော်လည်း ဝိဝိ ရှိရှိ မြေမြုပ်ခဲ့သည့်အတွက် နယ်ချဲ့များမှာ မည်သို့မျှ ရှာမတွေ့ခဲ့ပေ။

ဤသို့ဖြင့် တော်လှန်ရေးကာလတွင် တပ်မှူးကြီးနေမျိုးဗလ၏ ဖေယျာသိဒ္ဓိသံသေတ္တာကြီးမှာ အကျော်ဒေးယျ ဖြစ်ခဲ့သည်။

ထိုဓားကြီးကား အလယ်ရိုးမတောကြီးအတွင်း ယခုထက်တိုင်အောင် တည်ရှိနေခဲ့သည်။

ထိုသို့ဖြင့် နှစ်ပေါင်း ၁၀၀ ကျော် အကြာတွင်···

ထိုဓားအကြောင်းကို တစွန်းတစ သိသူများကလည်း အလယ်ရိုးမတောကြီးအတွင်းသို့ သွားရောက်ကာ ရှာဖွေခဲ့ကြသည်။

ထိုလူများအနက် ဖိုးသီးတို့အုပ်စု၏ အဖြစ်အပျက်ကား ဆန်းကြယ်သည်။ ၎င်းတို့ အုပ်စုဝင် သူငယ်ချင်းသုံးယောက်သည် ထိုရိုးမတောကြီးအတွင်း လိုက်ရှာရာ ကျောက်ဂူကြီးဆီသို့ ရောက်သွားခဲ့ပါသည်။

ထိုဂူကြီးထဲသို့ ဝင်မည်ပြုစဉ် ဂူကြီးနှင့်မနီးအဝေးတွင် တရားကျင့်နေသော ရသေ့ကြီးတစ်ပါးကို တွေ့လိုက်ရသဖြင့် ဖိုးသီး၏ သူငယ်ချင်းနီတွက်က…

'ဒီ… ကျောက်ဂူထဲဝင်တာက အရေးမကြီးဘူး၊ ဟိုမှာ ရသေ့ကြီးရှိတယ်၊ ဘယ်လိုလုပ်ရမလဲ'

'ရသေ့ပဲကွာ မှုမနေပါနဲ့၊ ဓားကို လိုချင်မှတော့ ရှင်းလိုက်ရုံပေါ့'

ထိုသို့ပြောဆိုကာ တရားထိုင်နေသော ရသေ့ကြီးထံသို့ ခြေသံလုံအောင် လျှောက်ခဲ့ပါသော်လည်း ရသေ့ကြီး၏နံဘေးတွင် ကြွေကျနေသော သစ်ရွက်ခြောက်ကလေးများကို နင်းမိကာ ရသေ့ကြီးက ဖြုံးခနဲလှည့်ကာ…

'အသင်လူမိုက်တို့ ငါ့ကို ဘာကြောင့် သတ်ရန် ကြံစည်သနည်း'

'ဂူအတွင်းမှာရှိတဲ့ သံသေဓားကို ယူချင်လို့ပါ'

'ဒကာတို့ ထိုက်ရင်ယူပေါ့'

အိုယွန်းယဉ်စာပေ

'ကောင်းပါပြီ'

ထိုအခါ မိုးသီးတို့အုပ်စုသည် ပိတ်ထားသည့်ကျောက်ဂူအဝကို ဖျက်ဆီးလေသည်။

'ဒုံး…'

'ဒုံး…'

'ဒုံး…'

ကျောက်ဂူကြီးကား မည်သို့မျှ မပျက်စီးချေ။

ထိုစဉ် မိုးမှောင်ကြီးကျလာပြီး တော်လဲသံကြီးကဲ့သို့ အသံကြီး မြည်ဟည်းလာပါတော့သည်။

'ဝုန်း… ဝုန်း… ဝုန်း…'

မိုးမှောင်ကြီး ကျလာပြီ ပြေးကြဟေ့… ပြေးကြ'

ထိုသို့ အော်ဟစ်ကာ ပြေးစဉ် ရသေ့ကြီးမှ…

'ဒီဓားဟာ မိစ္ဆာရန်သူတွေကို တွန်းလှန်ကာကွယ်မယ့် ဓားပဲ၊ မင်းတို့လောဘသားတွေ အတွက် မဟုတ်ဘူး၊ မထိုက်ဘဲနဲ့ ယူရင် အကုသိုလ်ကြိုဟ်ဆိုး ဝင်ပြီသာမှတ်ပေတော့'

'ရသေ့ကြီး မိုးမှောင်ကျလာပြီး မပြေးဘူးလား'

ဖိုးသီးက လှမ်းအော်လိုက်ရာ…

ရသေ့ကြီးမှ…

'ငါက… ပြေးစရာမလိုဘူး၊ ငါ…ဘယ်သူလဲသိလား၊ ငါဟာ… တပ်မှူးကြီးနေမျိုးဗလပဲ'

'ဗျာ'

ရသေ့ကြီး၏ စကားအဆုံးတွင် လေဘာသားဖိုးသီးတို့ အုပ်စုမှာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရပါသည်။

ဤတွင် လေနီကြမ်းကျပြီး မိုးသည်းသည်း မည်းမည်း ရွာချခဲ့ပါသည်။

ပြေးရင်း လွှားရင်း ကြောက်ကြောက်နှင့် နောက်လှည့်ကြည့်ရာ…

ရသေ့ကြီးနှင့်တကွ ကျောက်ဂူကြီးတစ်ခုလုံး အမှောင်ဖုံးလွှမ်းသွားပါတော့သည်။

ဖိုးသီးတို့ အုပ်စုမှာ အဆန်းတကြယ် ကိုယ်တွေ့ကြုံခဲ့

ရသော ဖြစ်ရပ်အတွက် ရသေ့ကြီးပင်လော၊ တပ်မှူးကြီးနေမျိုး ဗလ၏ ဝိညာဉ်ပုံရိပ်ကပင် ဤမြားအား စောင့်ကြပ်နေသလော ဆိုသည်ကို ခွဲခြားမသိနိုင်တော့ပေ။ သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်က 'ဓေယျသိဒ္ဓိသံသေတ္တာကြီး' အကြောင်း ကို ရှေ့မီနောက်မီ ရှေ့လူကြီးသူမများက ယနေ့တိုင် ပြောနေဆဲ ပင်...

ရိုရိုဌေး

* * *




မြင်းထိန်းကျော်ရဲ့ ချစ်သူ

# မြင်းထိန်းကျော်ရဲ့ချစ်သူ

သိုက်ဖွား

ပါရမီစခန်းသို့ လိုက်စားသူများဟာ အမိဋ္ဌာန်ဝင်ခြင်းနဲ့ မလွတ်ကင်းဘူးဆိုတဲ့ သူတော်စင်ပုဂ္ဂိုလ်တို့ရဲ့ မိန့်စကားအရ အသက်လေးဆယ်ငါးနှစ်ကျော်လာပြီဖြစ်တဲ့ ကျွန်တော်ဟာ အမိဋ္ဌာန်ဝင်ဖို့ အစီအစဉ်လုပ်ခဲ့တယ်၊ ကျွန်တော်ဟာ ဋ္ဌာနတစ်ခုက ညွှန်ကြားရေးမှူးဖြစ်ပြီး အခုဘဝမှာ စီးပွားရေး ပြေပြေလည်လည် ရှိခဲ့တယ်။

'အင်း… ငါ့အသက်က လေးဆယ့်ငါးနှစ်ကျော်လာပြီး ဆိုတော့ ဘုရား၊ တရားလုပ်မှ ဖြစ်မယ်'

ဆိုတဲ့ အတွေးနဲ့ အစ်ကိုဝမ်းကွဲ ဘုန်းတော်ကြီး ဦးသုခေ သနကျောင်းကို ဒီညနေမှာ ထွက်လာခဲ့တယ်။

အဲဒီ ဘုန်းတော်ကြီးကျောင်းကတော့ တောင်ပုလုတောင်မှာ ရှိတယ်။

ဘုန်းတော်ကြီးကျောင်းကို ရောက်တယ်ဆိုရင်ပဲ…

အစ်ကိုတော် ဘုန်းတော်ကြီးက ဝမ်းသာအားရ ဆီးကြိုခဲ့တယ်။

'ဒကာကြီး တစ်ယောက်တည်းလား မိသားစုရော မပါဘူးလား'

'မပါ ပါဘုရား၊ တပည့်တော်လည်း အသက်အရွယ်က ရလာပြီ ဖြစ်လို့ အဓိဋ္ဌာန်ပုတီးစိတ်ချင်တာနဲ့ တစ်ယောက်တည်း ထွက်လာခဲ့တာပါ ဘုရား'

'ကောင်းပါတယ်… ဘုရား၊ တရား ဂုဏ်ကျေးဇူးကို အထူးသိတတ်ပြီး အဓိဋ္ဌာန်ပါရမီစခန်း တက်လှမ်းတာ ကောင်းတဲ့ အလုပ်ပဲ လုပ်ပါ။ ဘယ်နှစ်ရက် လောက်နေမှာလဲ'

'တစ်ပတ်ပါဘုရား'

'ဒါဆိုရင် ဘုန်းကြီးသီလပေးမယ်၊ သီလယူပြီးမှ အဓိဋ္ဌာန် ပုတီးစိပ်ပေါ့'

'တင်ပါ့... ဘုရား'

'အဓိဋ္ဌာန်ပုတီးကို ဘယ်နေရာမှာ စိတ်မှာလဲ'

'တပည့်တော် ဟိုဘက်တောင်မှာ သွားစိပ်မယ်လို့ စဉ်းစားထားပါတယ် ဘုရား'

'အိမ်း... ဟိုဘက်တောင်ကတော့ လူနေခြေတိတ်တယ်၊ စိတ်ပုတီးစိတ်လို့ ကောင်းပါတယ်'

'တင်ပါ့... ဘုရား'

သည်ညနေမှာ အဓိဋ္ဌာန်ပုတီးစိတ်မှာမို့ တိတ်ဆိတ်ငြိမ်းချမ်းတဲ့ အခြားတောင်ကို ရွေးချယ်လိုက်တယ်။

ကျွန်တော်ဆိုတဲ့ကောင်က အဓိဋ္ဌာန်ဝင်တဲ့အခါမှာ ပုတီးတစ်ပတ် နှစ်ပတ်လောက် စိတ်တာကို စိတ်မဝင်စားပါ။

ကြီးကြီးမားမား ခက်ခက်ခဲခဲ လုပ်ရမည်ကို ကြိုက်တဲ့

အတွက် ပုတီး ၁၀ ပတ်ကျင့်စဉ် အဓိဋ္ဌာန်ကို ဝင်ခဲ့တယ်။

ကျွန်တော်ဟာ တောင်ပုလုကျောင်းရဲ့ အနောက်ဘက်က တောင်ကို သွားခဲ့တယ်။

အဲဒီတောင်မှ တည်ထားတဲ့ စေတီတော် ရှေ့မှာ ထိုင်ပြီး ဘုရားရှိခိုးလိုက်တယ်။

ပြီးတော့ အဓိဋ္ဌာန်ပုတီး စိတ်ဖို့အတွက် ဌာန်ကရိုင်းကျ ကျ တင်ပလ္လင်ခွေပြီး ထိုင်လိုက်တယ်။

ဒီစေတီတော်ကလေးရှေ့မှာ အဓိဋ္ဌာန်ဝင်ဖို့ ရွေးတာက လည်း ကျွန်တော်အကြောင်းနဲ့ ကျွန်တော်ပဲ ဒီစေတီတော် တစ်ဝိုက် ဟာ တိတ်ဆိတ်ငြိမ်းအေးလှတယ်။

တိတ်ဆိတ်ငြိမ်သက်မှုဟာ အဓိဋ္ဌာန်ဝင်ဖို့ ပရိက်ံပိုပြီး ကောင်းတယ်လို့ ယူဆလို့ပါပဲ။

ကျွန်တော်ဟာ အဓိဋ္ဌာန်ဝင်တိုင်း မျက်စေ့မှိတ်ပြီး အာရုံကို စုစည်းပြီးမှာ အဓိဋ္ဌာန်ကျင့်စဉ် ပုတီးကို စတင်စိတ်ခဲ့တယ်။

ပထမတော့ စိတ်တွေက ပုတီးစိတ်နေပေမယ့် ဟိုရောက်

သည်ရောက်ပါပဲ၊ စေတီရဲ့ ရင်ပြင်မှာ လေကလေး ဟဖြူးဖြူး တိုက်ခတ်နေလို့ နေရတာ အဆင်ပြေပါတယ်။

အဲဒီအချိန်မှာ အလွန်သင်းပျံ့တဲ့ မွှေးရနံ့တစ်ခုကို ရလိုက်တယ်။

ဒီအနံ့ကို ရကတည်းက မိန်းမတစ်ယောက်ရဲ့ အငွေ့အသက်ဆိုတာ သိလိုက်တယ်။

ဒါပေမဲ့ အဓိဋ္ဌာန်ပုတီးက ၁၀ ပတ်ဆိုတော့ မျက်စိမဖွင့်ဘဲ ပုတီးဆက်စိတ်နေခဲ့တယ်။

သိပ်မကြာခင်မှာ မိန်းမတစ်ယောက်ရဲ့ ဘုရားရှိခိုးသံကို ကြားလိုက်ရတယ်။

သူ့အသံက တော်တော်လေး ကြည်လင်တယ်။

'ဟယ်… ငါ ဘာဖြစ်လို့ အသံနဲ့ အနံ့မှာ သာယာနေမိပါလိမ့်'

ပျံ့လွင့်သွားသည့် စိတ်ကို တည်ငြိမ်အောင် ကြိုးစားရင်း ပုတီး ပြန်စိတ်လိုက်တယ်။

အတန်ကြာသောအခါ…

မိန်းမတစ်ယောက်ရဲ့ ငိုငြီးသံကို ကြားလိုက်ရတယ်။

နောက် သီချင်းဆိုသံကဲ့သို့ လည်းကောင်း၊ ငိုသံရောကာ ပြောနေသည့် စကားသံများကို ကြားနေခဲ့တယ်။

'မောင်မောင်ရယ် နှစ်ပေါင်းကြာမြင့်ခဲ့ပြီဆိုတော့ သတိမေ့နေပြီပေါ့'

'နှစ်မလေးက မောင်မောင်လာမယ် အချိန်အထိ စောင့်နေခဲ့တာ ကြာလှပေါ့'

ဆိုတဲ့ စကားသံများကို မသဲမကွဲ ကြားခဲ့ရတယ်။

သို့ပေမယ့် ကျွန်တော်ဟာ နားဆီကိုရောက်လာတဲ့ အသံကို နားမထောင်ပဲ ပုတီးပတ်ပြည့်အောင် စိတ်ခဲ့တယ်၊ ကျွန်တော် ပုတီးပတ်ပြည့်သွားလို့ မျက်စေ့ဖွင့်အကြည့်မှာ မိုးတောင်အတော်ချုပ်နေပြီ၊ အစ်ကိုမသိ တသိအချိန်လို့ဆိုမယ် အမှောင်ဖုံးလုလု အချိန်ပေါ့…

ကျွန်တော် မျက်စေ့ဖွင့်အကြည့်မှာ ဘုရားရင်ပြင်တော်

မှာ အစိမ်းရောင် အဝတ်အစား ဝတ်ထားပြီး ဆံပင် တစ်ကောက် ကွေးရောက်အောင် ရှည်လျားလှတဲ့ အမျိုးသမီးရဲ့ သဏ္ဌာန်ကို အနောက်ဘက်က လှမ်းတွေ့လိုက်ရတယ်။

ပြီးတော့ ဘုရားရင်ပြင်တော်ရဲ့ တစ်ဖက်ကို ချိုးကွေ့ ပျောက်ကွယ်သွားခဲ့တယ်။

ကျွန်တော်လည်း အမျိုးသမီးတစ်ယောက်တည်း ဒီလို အချိန် ဒီလိုနေရာ အချိုးအကွေ့မှာ ပျောက်သွားတဲ့အတွက်…

'လူ အရောက်အပေါက်နည်းလှတဲ့ ဒီတောင်မှာ အခု လို ညနေဖြိုးဖျ နေဝင်ချိန်မှာ ဘယ်က အမျိုးသမီးများ လာပါ လိမ့်'

ဆိုတဲ့ အတွေးနဲ့ လိုက်ကြည့်မိတယ်…

ဘုရားရင်ပြင်တော်ကို တစ်ပတ် ပတ်မိပေမယ့် သူမကို အရိပ်အရောင်တောင် မတွေ့ရတော့ဘူး။

ဘုရားရင်ပြင်တော်ကနေ တောင်အောက်ကို လှမ်းကြည့် တော့လည်း ရှင်းလင်းနေတယ် ဘယ်သူ့ကိုမှ မတွေ့ရဘူး။

ဒီတော့ နည်းနည်းဆန်းသလို ဖြစ်လာတယ်။

'တချွေ… သရဲလား… ငါ့ရဲ့ အဓိဋ္ဌာန်ကို လာဖျက်တာ လား'

ဆိုတဲ့ သံသယစိတ်တွေဝင်လာပြီး ဆရာတော်ရဲ့ကျောင်း ကို ပြန်လာခဲ့တယ်။

ကျွန်တော်အတွက် ပေးထားတဲ့အခန်းမှာ ညအိပ်လိုက် တယ်။

မနက်မိုးလင်းလို့ ဆရာတော်ကြီးနဲ့ တွေ့ပေမယ့် ဘာမှ မလျှောက်ခဲ့ဘူး….

နောက်တစ်နေ့ ညနေမှာလည်း‥

အဲဒီတောင်ပေါ်က ဘုရားကို ရောက်ခဲ့ပြန်တယ်။

ဒီနေ့တော့ အဲဒီဘုရားမှာ အသင့်ယူဆောင်လာတဲ့ ဆီမီး တိုင်နဲ့ အမွှေးတိုင်ကို ပူဇော်ပြီး သီလယူလိုက်တယ်။

အားလုံးကို အမျှအတန်းဝေပြီး မေတ္တာပို့ပြီးမှ ပုတီးစိပ် တယ်။

မနေ့ကလိုပဲ အချိန်အတန်ကြာမှ ကျွန်တော်ရဲ့ နှာခေါင်းထဲမှာ စူးရှတဲ့ အမွှေးနံ့တစ်မျိုးရလာတယ်။

နောက်ပြီး ကျွန်တော့် အနားမှာ တစ်စုံတစ်ဦးလာထိုင်သလို ခံစားရတယ်…

'ငါ့… အနားမှာ တစ်ယောက်ယောက်က လာထိုင်နေပြီ၊ ငါ့ကို ဘာများ လုပ်မလဲမသိဘူး'

ဆိုတဲ့ အတွေးတွေနဲ့ ထိတ်လန့်လာတယ်။

ပုတီးပတ်ကလည်း မပြည့်သေးတော့ မျက်လုံးလည်း ဖွင့်လို့မရဘူး…

'ဟယ်… ငါ့ကိုယ်ငါတောင် အသက်နဲ့ ခန္ဓာကိုယ်ကို ဘုရားကို လှူထားတာပဲ၊ ဘာပဲဖြစ်ဖြစ် သတ်… သတ်… သေသေ မမှုဘူး၊ ပြုချင်ရာကိုသာ ပြုပါစေတော့'

လို့ သဘောထားပြီး ပုတီးကို ဆက်ပြီး စိတ်နေလိုက်တယ်။

ဒီအခါမှ အသံတိုးတိုးကလေးက လေတိုးသံအလား…

'မေတ္တာပို့သလို အေးမြပါတယ်၊ အမျှအတန်းဝေလို့ စိတ်ချမ်းသာရပါတယ်'

ပုတီးစိတ်ခြင်းကို အာရုံစူးစိုက်နေသည့်ကြားမှ ထိုသို့ ပြောလိုက်သည့်အလား ကြားယောင်ခဲ့ပါတယ်။

ဒီနေ့လည်း ပုတီးပတ်ပြီးအောင် စိတ်ပြီးတဲ့အချိန်ဟာ ညနေ ခုနစ်နာရီ ထိုးနေပြီ။

မနေ့ကလို လှူရိပ်ကို မတွေ့ရပေမယ့်၊ ကျွန်တော့်နားမှာ အမွှေးရနံ့ဟာ စူးစူးရှရှ မွှေးကြိုင်လာတယ်။

'အင်း… ငါ့အနားမှာ ရေမွှေးဆွတ်ထားတဲ့ မိန်းမတစ်ယောက် ရောက်နေသလိုပဲ'

ဒီလိုမျိုး ခံစားလိုက်ရတယ်။

ကျွန်တော်စိတ်ထဲမှာ…

'အင်း… ဘာတွေလည်းတော့ မသိဘူး၊ ထူးတော့ ထူးခြားတာပဲ'

သည်အတွေးနဲ့ ကျောင်းကိုပြန်ရောက်လာခဲ့တယ်။

ညဥ့်နက်တော့ ဘုရားရှိခိုးပြီး အိပ်လိုက်တယ်…

အဲဒီညမှာ ထူးဆန်းတဲ့ အိပ်မက်တစ်ခုမက်ခဲ့တယ်။

အမိဌာန်စိတ်ပုတီး စစိတ်တဲ့ညနေက အပြန်မှာ မြင်တွေ့ခဲ့ရတဲ့ မိန်းကလေးပေါ့။

အခုလည်း အစိမ်းရောင် အဝတ်အစားကို ဝတ်ပြီး ဆံပင်ကို ဖားလျားချထားတယ်။

သူ့ကိုမြင်တော့ ကျွန်တော်က··

'မင်း··· ဟို တစ်နေ့က ဘုရားမှာ တွေ့တဲ့ မိန်းကလေး မဟုတ်လား'

လို့ အားရဝမ်းသာ မေးလိုက်တယ်။ ဒီတော့ သူမက ပြုံးပြုံးကလေးကြည့်ပြီး···

'မောင်မောင်က ပစ္စုပ္ပန်ကိုပဲ သိတော့တာလား၊ အတိတ်ဆိုတာကိုရော မမှတ်မိတော့ဘူးလား··· မြင်းထိန်းကျော်ကြီးရဲ့'

သူမဟာ မြင်းထိန်းကျော်ကြီးလို့ ပြောတဲ့အတွက် ကျွန်

တော် အရမ်းအံ့ဩသွားတယ်။ ကျွန်တော်ဒီစကားကို တစ်ခါမှ မကြားဖူးဘူး…

'မြင်းထိန်းကျော်ကြီး… ဟုတ်လား… ဘာအဓိပ္ပါယ်လဲ'

'မြင်းထိန်းကျော်ကြီးဆိုတာ မြင်းတွေကို ထိန်းသိမ်းစောင့်ရှောက်ရတဲ့သူပေါ့၊ မောင်မောင်က မင်းကြီးရဲ့ မြင်းတွေကို ထိန်းရတဲ့ မြင်းထိန်းမို့လို့ မြင်ထိန်းကြီးလို့ ခေါ်လိုက်တာလေ'

'မောင်မောင်ကတော့ ဘာကိုမှ မမှတ်မိတော့ဘူး'

'မမှတ်မိရင် ကြည့်လိုက်စမ်းပါ မောင်တော်ရယ်'

ပြောပြောဆိုဆို တောင်တစ်တောင်ဘက်သို့ လက်ဖြင့် သပ်သကဲ့သို့ ပြုလုပ်လိုက်သောအခါ ထိုတောင်ကြီးမှာ ပိတ်ကား သဖွယ် ဖြူဖွေးသွားခဲ့တယ်…

ထိုပိတ်ကားတွင် ရုပ်ရှင်ပြသကဲ့သို့သော မြင်ကွင်းများကို တွေ့လိုက်ရပါတယ်။

မြင်ကွင်းထဲမှာ…

မြင်းတစ်စီးပေါ်မှာ အမျိုးသားနဲ့ အမျိုးသမီးတစ်ဦးဟာ

နန်းဝတ်နန်းစား ဝတ်ဆင်ထားပြီး မြင်းကို ဒုန်းစိုင်းစီးသွားတယ် နောက်မှာတော့…

ရှေးခေတ်စစ်သည်တော် အဝတ်အစားနဲ့ လူတစ်ချို့က ရှေ့က လူတွေလိုပဲ မြင်းကိုဒုံးစိုင်းပြီး နောက်ကနေ သည်းသည်းမည်းမည်း လိုက်နေတယ်။ ကျောက်တောင်ကွေ့တစ်နေရာမှာ အမျိုးသားနဲ့ အမျိုးသမီးနှစ်ဦးကို စစ်သည်တော်များက ဖမ်းမိသွားတယ်။

နောက်တစ်ကွက်ကတော့…

အမျိုးသားနဲ့ အမျိုးသမီးကို လက်ပြန်ကြိုးတုတ်ပြီး တောင်ခြေတစ်နေရာမှာ…

'တွေ့ရာသင်္ချိုင်းဓားမဆိုင်းဆိုတဲ့ အမိန့်တော်အတိုင်း ဒီတောင်ခြေရင်းမှာပဲသတ်စေ၊ ဘုရင့်အမိန့်တော်'

မင်းမှုထမ်းတစ်ယောက်က အမိန့်ပြန်တမ်းကို ဖတ်ပြီးနောက် ဓားထမ်းလာတဲ့ သူသတ်သမားများဟာ သူတို့ကို ဓားနဲ့ အခုတ် ကျွန်တော် လန့်နိုးလာခဲ့တယ်။

'အင်း… အိပ်မက်ကလည်း ဆန်းလိုက်တာ၊ အိပ်မက်ထဲက အမျိုးသားကလဲ ငါပဲ'

'ဘာတွေပါလိမ့်'

ကျွန်တော်ဟာ ဘယ်လိုမှ စဉ်းစားလို့မရတဲ့အတွက် ဘုန်းတော်ကြီးကို ဒီအကြောင်း လျှောက်ထားလိုက်တယ်။

'အရှင်ဘုရား တပည့်တော်ဟာ အဓိဋ္ဌာန်ဝင်စဉ်မှာ ဒီလို ထူးထူးဆန်းဆန်းတွေနဲ့ တွေ့ကြုံရပါတယ်ဘုရား၊ အဲဒါတွေဟာ ဘာအဓိပ္ပါယ်လဲဆိုတာ အရှင်ဘုရားသိရင် ဟောပြတော်မူပါဘုရား'

'အိမ့်း… ပြောရမှာတော့ ခပ်ခက်ခက်ပဲ၊ ဒါပေမဲ့ ဒီစေတီတော်ဟာ မြင်းထိန်း အဂ္ဂနဲ့သီရိစောမြတ်တို့ကို ရည်စူးပြီး တည်ထားခဲ့တဲ့ စေတီတော်ဖြစ်တယ်၊ အဲဒီ စေတီတော်သမိုင်းကို ဒကာကြီး ဦးမြတ်သွင် သိသလား'

'မသိပါ ဘုရား'

'ဟိုးအရင်က ဒီနေရာဟာ တောကြီးမျက်မည်းဖြစ်ခဲ့

တယ်၊ မြို့နဲ့ အလှမ်းဝေးကွာတဲ့ အရပ်ဒေသပေါ့၊ တစ်နေ့မှာ တောအရပ်မှာနေတဲ့ အမျိုးသမီးတစ်ယောက်ဟာ အလွန်သန်မာထွားကျိုင်းတဲ့ တောတွင်းသားလေးတစ်ဦးနဲ့ ချစ်ကြိုးသွယ်မိရာက သန်မာထွားကျိုင်းတဲ့ သားလေးတစ်ယောက် ဖွားမြင်ခဲ့တယ်'

သားလေး အရွယ်ရောက်လာတဲ့အခါမှာ ခန္ဓာကိုယ်ကြီးမားထွားကြိုင်းလာတယ်။

သူတို့ဟာ တောထဲမှာမွေးပြီး တောထဲမှာ ကြီးပြင်ခဲ့တယ်။

တစ်နေ့မှာ မင်းကြီးဟာ တောကစားထွက်ရင်းနဲ့ ဒီတောသားလေးကိုတွေ့တော့ သဘောကျပြီး နန်းတော်ကို ခေါ်လာခဲ့တယ်။

တောသားလေးရဲ့ နာမည်က'အဂ္ဂ'တဲ့ သူဟာ နဂိုကတည်းက တိရစ္ဆာန်တွေနဲ့နေတဲ့အတွက် မြင်းကိုကောင်းစွာ ထိန်းကျောင်းနိုင်လို့ မြင်းထိန်းကျော်ကြီးရာထူးကို ပေးလိုက်တယ်။

'မြင်းထိန် အဂ္ဂဟာ မြင်းရိုင်းတွေကိုတောင် နိုင်အောင် ထိန်းနိုင်တဲ့ အစွမ်းရှိတဲ့ အလွန်တော်တဲ့ မြင်းထိန်းပဲ'

မြင်းထိန်းတဲ့နေရာမှာ လွန်စွာကျွမ်းကျင်တာကြောင့် နန်းတော်သူ၊ နန်းတော်သားများက ချီးကျူးခဲ့ကြတယ်။

ဒီအကြောင်းကို ဘုရင်းကြီး ကြားသိတဲ့အခါမှာ မြင်းချစ်တတ်တဲ့ ဘုရင်ကြီးဟာ မြင်းစောင်းကို ရောက်လာပြီး မြင်းထိန်းပုံကို ကြည့်ခဲ့တယ်။

ဒီကျေးတောသားနဲ့ မြင်းစီးတဲ့ပုံဟာ လွန်စွာလှပတာမို့ မင်းကြီးဟာ အားလပ်တဲ့အချိန်တိုင်း ကိုယ်လုပ်တော် မောင်းမငယ်တစ်ပါးနဲ့ မြင်းစောင်းမှာ လာပြီး အပန်းဖြေစံနေခဲ့တယ်။

'ကဲ… အဂ္ဂ… မြင်းကို အလှ စီးပြစမ်း'

မြင်းကို အလှစီးခိုင်းလိုက်တယ်။ လည်ဆံတဖွားဖွားနဲ့ မြင်းညိုကြီးထက်မှာ အပေါ်ပိုင်း ဗလာကျင်းပြီး အချိုးအစားပြေပြစ်တဲ့ ခန္ဓာကိုယ်ပိုင်ရှင် 'အဂ္ဂ'ရဲ့ မြင်းစီးပုံဟာ လွှားခနဲ… လွှားခနဲ…

လွန်စွာလှပခဲ့တယ်၊ မင်းကြီးဟာ ဒီလိုမြင်းစီးသူရဲရဲ့ လှပတဲ့ မြင်းစီးဟန်ကို အလွန်နှစ်သက်မြတ်နိုးခဲ့တယ်။

ဖြစ်ချင်တော့ မင်းကြီးဟာ အဂ္ဂရဲ့ မြင်းစီးဟန်ကို နှစ်သက်သလိုပဲ ကိုယ်လုပ်တော် မောင်းမလေး သီရိစောမြတ်က လည်း အဂ္ဂရဲ့ မြင်းစီးဟန်ကို လွန်စွာနှစ်သက်ခဲ့တယ်။

တစ်နေ့… တစ်နေ့ သီရိစောမြတ်ဟာ မင်းကြီးအလာကို မြင်းစောင်းကနေပြီး စောင့်နေခဲ့ရတယ်။

မင်းကြီး လာတဲ့အခါမှာ မင်းကြီးကို ပြုစုပေးခဲ့ရ ဟာယ်။

တစ်ချို့ရက်တွေမှာ သီရိစောမြတ်ဟာ မင်းကြီးကို မြင်း စောင်းမှာ စောင့်နေပေမယ့် မင်းကြီးမအားရင် မြင်းစောင်းကို မလာနိုင်ခဲ့ဘူး။

သို့နှင့်…

သီရိစောမြတ်မှာ နေ့စဉ် မြင်းစောင်းမှာ စောင့်ရင်း အဂ္ဂနဲ့ အနေနီးစပ်လာခဲ့တယ်။

ငယ်ရွယ်သူတို့ရဲ့ နှလုံးသားမှာ အချစ်ပန်းတွေ ပွင့်လန်းပြီး ချစ်သူအဖြစ်ကို ရောက်ခဲ့ကြတယ်။

တစ်နေ့မှာ ချစ်သူသီရိစောမြတ်က မြင်းထိန်းအဂ္ဂဆီကို ပြေးလာပြီး…

'မောင်မောင်… နှစ်မတို့ ကိစ္စကို မင်းကြီးသိသွားပြီ နှစ်မတို့ ခုချက်ခြင်း ပြေးကြစို့'

'ဟုတ်လား… ဒါဆိုရင် မြင်းပေါ်တက်'

သူတို့ ချစ်သူနှစ်ဦးမှာ မြင်းဖြင့် ဒုန်းစိုင်းပြေးခဲ့ရာ ဤစေတီတော်ရှိရာ တောင်ခြေရင်းတွင် စစ်သည်များက မိသွားပြီး ထိုတောင်ခြေတွင် သတ်ဖြတ်ခြင်း ခံခဲ့ရပါတယ်။

ထိုအကြောင်းကို ကြားသိသော သီရိစောမြတ်မိဘနှစ်ပါးက သမီးနှင့်မြင်းထိန်းအဂ္ဂအား ရည်စူး၍ ဤစေတီတော်ကို တည်တော်မူခဲ့ကြတယ်။

'ဘုန်းတော်ကြီးက ဤသို့ စေတီတော်ရဲ့ သမိုင်းဖြစ်စဉ်ကို ရှင်းပြခဲ့တယ်။

ဒီတော့ ဒကာမက်ခဲ့တဲ့ အိပ်မက်ထဲက မြင်းထိန်းကြီး ဆိုတာ ဒီစေတီတော်နဲ့ ဆက်နွယ်နေတယ်'

'တင်ပါ့ ဘုရား'

'ပြောရရင်တော့ လူ့ဘဝကား တို့၏။ သံသရာကား ရှည်လျား၏တဲ့၊ ကျယ်ပြောလှတဲ့ သံသရာမှာ ဒကာကြီးဟာ မြင်းထိန်းဘဝလဲ ဖြစ်ချင်ဖြစ်ခဲ့မယ် သီရိစောမြတ်ကလည်း ဒီစေတီတော်မှာ မကျွတ်မလွတ်ဘဲ ရှိကောင်းရှိပေလိမ့်မယ်၊ ဒါက တစ်ခါက ဘဝဆက်တွေလည်း ဖြစ်နိုင်တယ်'

'တင်ပါ့ ဘုရား'

'လူတွေဟာ သံသရာမှာလည်ပတ်နေပြီး ဟိုးအရင်က အတိတ်ဘဝကို မမှတ်မိကြတော့ဘူး၊ ဒါပေမဲ့ တစ်စုံတစ်ယောက်ဟာ အတိတ်ဘဝမှာ ကျန်ခဲ့ပြီး ဒီအကြောင်းတွေကို သိစေချင်လို့ အိပ်မက်နဲ့ အသိပေးရင်လည်း ပေးနိုင်တာပဲ အတတ်တော့ မပြောနိုင်ဘူးပေါ့'

'တင်ပါ့ ဘုရား'

အကောင်းဆုံးကတော့ လူ့ဘဝကို ရတဲ့သူတွေဟာ ကောင်းမှုကုသိုလ်ကို လုပ်နိုင်တယ်။

ပြုလုပ်ပြီးရင် အတိတ်ဘဝက ကျန်တဲ့သူတွေကို အမျှဝေရင် သူတို့ဟာ သာဓုခေါ်နိုင်ပြီး မိမိနဲ့ထပ်တူ ကုသိုလ်ရတယ်။

သူတို့ကလည်း ဒီလို အမျှအတန်းဝေတာကို သာဓုခေါ်ဖို့ စောင့်နေတတ်တယ်။

ဘာပဲဖြစ်ဖြစ် အဓိဋ္ဌာန်ပုတီးစိတ်ပြီးရင် သူတို့ အမည်နာမကိုခေါ်ပြီး အမျှအတန်း ပေးဝေပါ။

'တင်ပါ့ ဘုရား'

ကျွန်တော်ဟာ အဲဒီစေတီတော်မှာ အဓိဋ္ဌာန်ပုတီး ၇ရက် စိတ်ခဲ့တယ်။

နောက်ရက်တွေမှာတော့ ဘာမှ မထူးခြားခဲ့ပါ။

ဒီနေ့ . . .

နောက်ဆုံးနေ့ အဓိဋ္ဌာန်ပုတီးစိတ်ခဲ့တယ်။ စပြီး စိတ်ကတည်းက . . .

'သီရိစောမြတ်ရေ… ဒီနေ့ဟာ ကျုပ်ရဲ့ အဓိဋ္ဌာန်နောက်ဆုံးနေ့ပဲ'

ဒီလိုပြောပြီး စိတ်ပုတီး စိတ်ခဲ့တယ်။

မကြာမီ အမွှေးရနံ့ဟာ ကျွန်တော်နံဘေးမှာ ထူးထူးခြားခြား အလွန်မွှေးသင်းတဲ့ ရနံ့လေးရနေတယ်။

ပြီးတော့ ကျွန်တော့်ကို ယပ်တောင်ခပ်ပေးသလို လေနုအေးလေးတွေ တိုက်နေတယ်။

ကျွန်တော့်စိတ်ထဲမှာ ဒီစေတီတော်ရဲ့ သမိုင်းကြောင်းထဲက သီရိစောမြတ်ဟာ ကျွန်တော့်နားမှာ လာထိုင်ပြီး၊ ယပ်တောင်ခတ်ပေးတယ်လို့ ခံစားရတယ်။ ပုတီးအပြီးမှာတော့…

'အထက်ကိုဘဝဂ်၊ အောက်ကိုအဝီစိ ရှိရှိသမျှ သတ္တဝါအနန္တကျမ်းမာပါစေ၊ ချမ်းသာပါစေ၊ ထို့အပြင် ဤစေတီတော်၌စောင့်ကြပ်နေသော နတ်ကောင်းနတ်မြတ် အပေါင်းနဲ့တကွ မြင်းထိန်းကြီး အဂ္ဂ၏ချစ်သူစောမြတ်ကိုလည်း ကျွန်ုပ်ပြုသမျှ ကုသိုလ်အစုစုတို့ကို အမျှအတန်း ပေးဝေပါတယ်…'

'အမျှ… အမျှ… အမျှ'

'သာဓု… သာဓု… သာဓု'

ဤသို့ အမျှအတန်းပေးဝေခဲ့ပါသည်။

သည်တွင် ကျွန်တော်၏ နှာခေါင်းအတွင်းသို့ အမွှေးရနံ့တစ်ခု သင်းပျံ့စွာမွှေးလာပြီးနောက် ကျွန်တော့်၏နံဘေးသို့ အစိမ်းရောင် ပုဝါလေးတစ်ခု လွင့်လာသည်။

လွင့်ကျနေရာ၏ မူလနေရာကို ကြည့်လိုက်သောအခါ အလွန်ဟောင်းအိုနေပြီး ဆေးပြယ်နေတဲ့ ရုပ်ထုနှစ်ခုကိုတွေ့လိုက်ရသည်။ ထိုရုပ်တုရဲ့ အောက်ဘက်တွင် ရေးထိုးထားတဲ့ စာတန်းကား…

'စေတီတော် ဒါယကာ ဦးအဂ္ဂ'

'စေတီတော် ဒါယကာမ သီရိစောမြတ်'တဲ့

ခုနက လွင့်ကျလာတဲ့ အစိမ်းရောင်ပုဝါလေးက သီရိစောမြတ်ရဲ့ ရုပ်ထုမှာ လျှုဒါန်းထားတဲ့ ပုဝါတွေအများကြီးအနက်က ပုဝါ တစ်ခုဖြစ်တယ်…

'ဪ… စော်မြတ်ရယ်၊ မောင်မောင်ဟာ တစ်ခါက တစ်ဘဝက မြင်းထိန်းကြီးအဂ္ဂဆိုတာ သိအောင်ပြလိုက်တာလား၊ ငါ့ဟာ လူ့ပြည်ကို သွားနှင့်ပြီး ကောင်းမှုကုသိုလ်တွေလုပ်ပြီး မင်းကို အမျှပေးဝေမယ်လို့များ ကတိသစ္စာထားခဲ့လေသလား၊ ဘာပဲဖြစ်ဖြစ် မင်း ကောင်းရာသုဂတိကို ရောက်ပါစေ'

ဒီလို ဆုတောင်းပြီး သီရိစောမြတ်ရတ်ထုရှိတဲ့ စေတီတော်ကလေးက ပြန်လာခဲ့တယ်။

ဘာပဲဖြစ်ဖြစ် အတိတ်ဘဝက ချစ်သူဖြစ်ခဲ့ရင်လည်း ဒီလို အဓိဋ္ဌာန်ဝင်ပြီး အမျှဝေရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်။

မဟုတ်ခဲ့ဘူးဆိုရင်လည်း ဝေနေယျများအတွက် ကောင်းမှုကုသိုလ်ပြုပြီး အမျှဝေတယ်လို့ သဘောထားရမှာပဲ…

ဒါပေမဲ့ ကျွန်တော်ဖြစ်ရပ်က ထူးခြားတယ် အဓိဋ္ဌာန်ပုတီးစိတ်ဖို့ ဒီတောင်ကိုရွေးချယ်မိတာက အစ ခုနှစ်ရက်တိုင်တိုင် တစ်နေရာတည်းမှာ အဓိဋ္ဌာန်ဝင်ခဲ့ပြီး အခြားနေရာတွေကို သေ

သေချာချာ မကြည့်ခဲ့လို့ အရံစေတီတော်နဲ့ ကွယ်နေတဲ့ သူတို့ရဲ့ ရုပ်ထုတွေကို ခြောက်ရက်တိတိ မတွေ့ခဲ့ဘူး။

နောက်ဆုံး အမှျပေးဝေပြီးမှ ပုဝါစိမ်းလေးလွင့်လာသလို ရုပ်ထုတွေကိုတွေ့ခဲ့ရတယ်။ အရင်က ဘာမှအယုံအကြည် မရှိခဲ့တဲ့ ကျွန်တော်ဟာ…

အိပ်မက်ရယ် ရုပ်တုတွေရယ်ကိုမြင်ပြီးမှ သံသရာတစ်လျှောက်မှာ မျောချင်တိုင်းမျောနေတဲ့ အတိတ်ဘဝကို အံ့ဩစွာ မြင်ယောင်လာမိတယ်။

အပြန်ခရီးမှာတော့ အသက်ကိုနှင်းပြီး ချစ်ခဲ့တဲ့ သီရိစောမြတ်ရဲ့ ဘဝပုံရိပ်ကလေးကို ခံစားရင်း ရင်ထဲမှာ တနင့်နင့်နဲ့ပြန်လာခဲ့ရပါတော့တယ်။

(အမိဌာန်ခရီးသည်တစ်ဦး၏ ရင်ဖွင့်ချက်)

သိုက်ဖွား

* * *




စပါးကြီးမြွေတစ်ကောင်၏ လျှို့ဝှက်ချက်

# စပါးကြီးမြေတစ်ကောင်၏ လျှို့ဝှက်ချက်

အိုယွန်းယုဉ်

တစ်ခါတစ်ရံ ထူးခြားသည့် အစွမ်းသတ္တိရှိသော ဂမ္ဘီရနှင့်
က်နွယ်နေသည့် သဘာဝတရား၏ လျှို့ဝှက်ချက်များသည်
သားများထံသို့ ရောက်ရှိလာတတ်သည်။

ဂမ္ဘီရနှင့် ဆက်စပ်နေသည့် စပါးကြီးမြွေတစ်ကောင်၏
စ်ရပ်ဆန်းကြယ်နှင့်အတူ လူထူးလူဆန်းတစ်ဦးနှင့် စာရေးသူတို့
စ်ရံရောအခါက တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံခဲ့ရသည်။

စာရေးသူ၏ မိတ်ဆွေတစ်ဦးက ညောင်တုန်းဘက်သို့
း‌ရွက်ကြီး အဝယ်သွားရန်ကိစ္စ ရှိခဲ့သည်။ ထိုမိတ်ဆွေက

ငှင်းတို့နှင့်အတူ ခရီးဖော်အဖြစ် ဖိတ်ခေါ်သဖြင့် စာရေးသူမှာ ဒေသန္တရ ဗဟုသုတ ရှာမှီးရန်အတွက် ၎င်းတို့ ဇနီးမောင်နှံနှင့် အတူ လိုက်ပါခဲ့သည်။

ရန်ကုန်မြို့မှထွက်ပြီး တစ်နာရီကျော်ခန့်အကြာတွင် ဗိုလ် မြတ်ထွန်းတံတားကို ဖြတ်သန်းခဲ့သည်။

မကြာမီ တောင်ရိပ်များနှင့် စိမ်းလန်းသာယာသည့် လယ်ကွင်းများကို ဖြတ်ကျော်ကာ ညောင်တုန်းမြို့သို့ ရောက်ရှိခဲ့ ၏။

ထိုမှတစ်ဆင့် ပဲရုံဆိပ်ရွာသို့ လှေဖြင့် သွားခဲ့သည်။ ထိုရွာမှ ဆေးရွက်ကြီးများဝယ်ယူပြီးနောက် (×××)ရွာသို့ ခရီး ဆက်ခဲ့ကြသည်။

ထိုရွာ၌ လူထူးလူဆန်း ဦးစံမြဆိုသူနှင့် တွေ့ဆုံခဲ့ သည်။

ဦးစံမြကား မည်သည့်လုပ်ငန်းမျှမလုပ်။

ထိုဒေသရှိ ဆေးရွက်ကြီး စိုက်ပျိုးသူများထံမှ ဆေးရွက်

ကြီးများကို ဝယ်ယူသိုလှောင်ထားပြီး ပြန်လည်ရောင်းချသည့် အလုပ်ကို လုပ်ကိုင်သူ ဖြစ်သည်။

ဦးစံမြသည် တရားမျှတသူဖြစ်ပြီး ဆေးရွက်ကြီးများကို ဝယ်ယူရာတွင် ဈေးနှိမ်၍ ဝယ်ယူခြင်းမျိုးမလုပ်ခဲ့ပေ။

ဆေးရွက်ကြီး ဈေးကွက်ကား အခြားဈေးကွက်နှင့် မတူပေ။

ဆေးရွက်ကြီး အထွက်ကောင်းပြီး ဈေးကောင်းရရှိသည်လည်း ရှိတတ်သလို ဆေးရွက်ကြီးကလည်း အထွက်မကောင်း၊ ဈေးကလည်း ကျဆင်းနေတတ်တာမျိုးနှင့် ကြုံတတ်သည်။

ထိုအခါမျိုးတွင် တောင်သူများအခက်ကြုံခဲ့ရသည်။ အားလုံးက ဦးစံမြထံ ပြေးပြီး ဈေးမကိုက်ကြောင်း၊ ရှုံးကြောင်း ပြောပြကြလျှင် ဦးစံမြမှာ ပေါက်ဈေးထက် ဈေးပိုပေးကာ ဝယ်လေ့ရှိသည်။

အခြားအဝယ်ဒိုင်များက ဦးစံမြတော့ ဒီဈေးနဲ့ဝယ်ရင် ရှုံးမှာပဲဟူ၍ ဝေဖန်ခံခဲ့ရသည်။

သို့သော် ဦးစံမြကား ဘယ်တော့မှ မရှုံးခဲ့ပေ။

အကြောင်းမူကား ဆေးရွက်ကြီးဈေးကျပြီး လေး၊ ငါး ခြောက်လအတွင်း ဆေးရွက်ကြီးဈေးမှာ ပြန်တက်လာသဖြင့် ဈေးကောင်းရချိန်တွင် ကိုစံမြက သိုလှောင်ထားသည့် ဆေးရွက် ကြီးများအား ရောင်းချကာ အမြတ်အစွန်းများစွာ ရခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဦးစံမြသည် ဆေးရွက်ကြီးလောက တွင် ရှုံးပွဲမရှိအောင်ပွဲခံနေသည်။

ထို့ကြောင့် အခြားဒိုင်များကပင် ဦးစံမြ၏ အရိပ်အခြည် ကို စုံစမ်းပြီး ဆေးရွက်ကြီးလှောင်သင့် မသင့်ကို စဉ်းစားဆုံးဖြတ် ခဲ့ရသည်။

'ဦးစံမြဟာ အတော်ကံကောင်းတဲ့သူပဲ၊ ဆေးရွက်ကြီး ဈေးထိုးကျမယ်ထင်ပြီး သူ့ဆီကို ထိုးရောင်းပြီး သူ့ကို လူအကြီးရ ထင်ခဲ့ကြတယ်။ ဒါပေမဲ့ သူ့ဆီရောက်ပြီး မကြာခင်မှာ ဆေးရွက် ကြီး ဈေးတွေ ထိုးတက်လာတော့ ဦးစံမြက ထောသွားတာပေါ့

'အဲဒါ အကြောင်းရှိတယ်'

'ဘာအကြောင်းလဲ'

'သူ့အိမ်မှာ မွေးထားတဲ့ စပါးကြီးမြွေနဲ့ ပတ်သက်တယ်ဆိုပဲ'

'မဖြစ်နိုင်ပါဘူးကွာ'

ထိုသို့ဖြင့် အမျိုးမျိုးအဖုံဖုံပြောကြသည်။

ဤအကြောင်းနှင့် ပတ်သက်ပြီး ဦးစံမြနှင့် ဆွေးနွေးဖြစ်ခဲ့သည်။

ဦးစံမြ၏အိမ်ကား မြစ်ဘက်သို့ မျက်နှာမူကာ ဆောက်ထားသည့် အိမ်ကလေးဖြစ်သည်။

လှေဆိပ်မှတက်ပြီး အတန်ငယ်သွားပါက ဦးစံမြ၏ အိမ်သို့ရောက်၏။

ဦးစံမြ၏ ခြံဝင်းထဲရှိ အနောက်ဘက်အရပ်၌ ကောက်ရိုးများခင်းပြီး ခြံခတ်ထားသည့် လှောင်အိမ်တစ်ခုရှိပြီး ထိုလှောင်အိမ်ထဲတွင် စပါးကြီးမြွေတစ်ကောင် ခွေနေသည်ကိုတွေ့ရှိရပါသည်။

'ဦးလေးက စပါးကြီးမြွေကြီးကို မွေးထားတာလား'

'အေးကွယ်၊ သူက အိပ်မက်နဲ့ ရောက်လာလို့မွေးထားတာ'

'အိပ်မက်နဲ့ ရောက်လာတယ် ဆိုတော့ ထူးခြားတာပေါ့'

'ထူးခြားတာတော့ မပြောပါနဲ့ ဆရာမရယ်၊ ဒီမြွေကြီးရောက်လာပြီး နောက်ပိုင်းကတည်းက စီးပွားတက်တာပဲ'

ထိုသို့ အစချီကာ ထူးခြားဆန်းကြယ်သော စပါးကြီးမြွေတစ်ကောင်၏ အကြောင်းကို ပြောပြခဲ့သည်။

✲ ✲ ✲

ထိုနေ့ညက ဦးစံမြ အိပ်မက်တစ်ခု မက်ခဲ့သည်။

အိပ်မက်ထဲတွင် မိန်းမပျိုတစ်ယောက်နဲ့ တွေ့ဆုံပြီး…

'ဦးလေး… ဦးလေးအိမ်မှာ ကျွန်မရဲ့ညီမလေး လာနေချင်လို့ ခေါ်ထားပါ'

'အေးလေ… လာနေပေါ့၊ လူတစ်ယောက်ကိုတော့ ကောင်းကောင်းကျွေးနိုင်ပါတယ်'

'ဦးလေးတို့ မကျွေးရပါဘူး၊ ညီမလေးမှာ ပိုက်ဆံတွေ အများကြီးပါ ပါတယ်၊ အဲဒီပိုက်ဆံတွေ ဦးလေးကိုပေးပါ့မယ်၊ အဲဒီငွေတွေနဲ့ အလှူအတန်းပြုပေးပါနော်'

'အလှူအတန်းလုပ်တာပဲ ကိုယ့်ဘာသာကိုယ်လှူပါလား၊ ဘာဖြစ်လို့ ငါ့ကို လှူခိုင်းတာလဲ'

'ညီမလေးက လူမဟုတ်ဘူး၊ ဒါ့ကြောင့် လှူလို့မရဘူး'

'လူမဟုတ်ရင် ဘာလဲ'

'သူက စပါးကြီးမြွေပါ'

ထိုသို့ပြောပြီး လက်ညှိုးလုံးခန့်ရှိ စပါးကြီးမြွေပေါက်ကလေးကို ပြလိုက်သည်။

ဒီတော့ ဦးစံမြကလည်း နဂိုတည်းကမှ ကူညီချင်သူ ဖြစ်သည့်အလျောက်…

'အေးလေ… လှူချင်တယ်ဆိုလည်း လှူပေးရတာပေါ့'

ထိုသို့ပြောရင်း အိပ်ရာမှ လန့်နိုးခဲ့သည်။

နောက်နှစ်ရက်အကြာ၌ မြွေမုဆိုးအုပ်စု တောထဲသို့ သွားခဲ့ကြသည်။

၄င်းတို့သည် တောထဲမှ မြွေအမျိုးမျိုးကို ဖမ်းဆီးကာ မြို့တက် ရောင်းချကြသူများဖြစ်သည်။ ၄င်းတို့အုပ်စု တောထဲသို့ သွားရင်း မြွေသိုက်တစ်ခုကို တွေ့ရှိခဲ့သည်။

ထိုမြွေသိုက်မှာ စပါးကြီးမြွေသိုက်ဖြစ်ပြီး မြွေသိုက်ထဲတွင် လက်ညှိုးသာသာ မြွေကလေးများ ပေါက်နေသည်ကို တွေ့ရှိရပါသည်။

'ဟာ… မြွေပေါက်ကလေးတွေပါလား'

'ကြည့်ရတာ စပါးကြီးမြွေပေါက် ဖြစ်ရမယ်'

'ဒါဆိုရင် စပါးကြီးမြွေမကြီးက ဒီအနီးအနားမှာပဲ ရှိလိမ့်မယ်'

ထိုသို့ပြောပြီး စပါးကြီးမြွေကြီးအား တောတွင်း၌လှည့်လည်၍ ရှာဖွေခဲ့ရာ ကြီးမားလှသော ညောင်ပင်ကြီးတွင် အမြီး

ျှိတ်ကာ ကိုယ်ကြီးကို ခါယမ်းနေသည့် စပါးကြီးမြွေမကြီးကို
တွေ့လိုက်ရပါသည်။

စပါးကြီးမြွေ၏ လူထူးဆန်းဆန်း အပြုအမူကြောင့် မြွေ
ဆိုးနောက်လိုက် ဖိုးထော်မှ မြွေမှုဆိုးဦးဘချစ်အား…

'ဦးလေး… မြွေကြီးက ဘာဖြစ်လို့ ကိုယ်ကြီးကို လှုပ်နေ
တာလဲ'

'အဲဒါ… အကောင်တစ်ကောင်ကို မျိုးပြီး သူတို့ရဲ့
အရိုးတွေကို ခါထုတ်နေတာကွယ်'

ဦးဘချစ်မှာ မြွေကို ကောင်းစွာ ဖမ်းဆီးနိုင်သည့် မြွေ
အလမ္ပာယ်ဆရာကြီး တစ်ယောက်ဖြစ်၍ မည်သည့်မြွေဆိုး မဆို
သူနှင့်တွေ့သောအခါ မြွတ်လျှောက်ကဲ့သို့ ခေါင်းလျှိုကာ ပခြုပ်
အတွင်းသို့ ဝင်ခဲ့ရသည်။

ယခုလည်း ဦးဘချစ်သည် စပါးကြီးမြွေသိုက်မှ မြွေ
ပေါက်ကလေးများ အားလုံးကို ပခြုပ်ထဲထည့်ပြီးနောက် မြွေမကြီး
ရှိရာ ညောင်ပင်ကြီးအောက်သို့လာကာ ပခြုပ်ကို ဖွင့်ထားလိုက်

သည်။ မြွေပေါက်ကလေးများကား ပခြုပ်အတွင်းမှ မယွက်နိုင်ပေ။

ထိုစဉ် စပါးကြီးမြွေကြီးသည် ၄င်းသားပေါက်များ၏ အနံ့ကို ရသွားပုံရကာ လွဲနေသော ကိုယ်ကြီးကို ရပ်လိုက်ပြီး ညောင်ပင်ထက်မှ တဖြည်းဖြည်း လျှောဆင်းလာသည်။ ထိုစဉ် ဦးဘချစ်က တစ်စုံတစ်ရာကို နှုတ်မှ ရွတ်ဆိုလိုက်ရာ မကြာမီ စပါးကြီးမြွေမကြီးသည် ပခြုပ်တွင်းသို့ တဖြည်းဖြည်း ဝင်သွားသည်။ ဦးဘချစ်က ပခြုပ်ကို ပိတ်လိုက်သည်။ ဦးဘချစ် မြွေဖမ်းပုံမှာ လွယ်ကူလှပေသည်။

ထို့နောက် မြွေမကြီးနှင့် သားပေါက်များကို ထမ်းကာ ရွာသို့ ပြန်လာခဲ့သည်။

နောက်တစ်နေ့တွင် ဦးဘချစ်သည် မြို့တက်ပြီး ရောင်းချရန် လှေဆိပ်အနီးရှိ ဦးစံမြ၏နေအိမ်တွင် မြွေပခြုပ်ကြီးတင်ပေးပြီးနောက် ဦးစံမြနေအိမ်ရှေ့တွင် လက်ညှိုးသာသာ စပါးကြီးမြွေပေါက်ကလေးတစ်ကောင် ကျန်ခဲ့သည်ကို တွေ့လိုက်ရသည်။

'ကိုဘချစ်ဆီက ကျကျန်ခဲ့တာနေမှာ၊ မြွေလေးတစ်ကောင် ငါ့ဆီရောက်လာမယ်လို့ ငါ အိပ်မက် မက်ထားတာပဲ၊ မွေးထားမှ၊ တကယ်လို့ ကိုဘချစ်ပြန်လာရင်လည်း ဒီမြွေကလေးအတွက် ငွေပေးလိုက်ရုံပါပဲ'

ထိုသို့ဖြင့် ဦးစံမြသည် ထိုစပါးကြီးမြွေကလေးကို မွေးထားလိုက်၏။ ထိုသို့မွေးထားရင်း မြွေကလေးမှာ အရှည် သုံးပေခန့် ရှိလာခဲ့ပါသည်။ ထိုအချိန်တွင် မြွေမှုဆိုးဦးဘချစ်တို့ ရောက်လာပြီး ထိုမြွေကလေး၏ နှာပေါက်များကို ရေတွက်ကြည့်ရာ…

'ဒီမြွေက နှာပေါက် ၇ ပေါက်ပါတော့ မြွေလေးပေါ့'

'ဒါဆို မြွေထီးက နှာပေါက် ဘယ်နှစ်ပေါက်ပါသလဲ'

'မြွေထီးက နှာပေါက် ကိုးပေါက်ပါတယ်'

'ဒါဆိုရင် ဒီမြွေမလေးကို ဘယ်လို နာမည်ပေးရင်ကောင်းမလဲ'

'အို… တောထဲက လာတဲ့အကောင်ပဲ၊ မိတောလို့ အမည်ပေးလိုက်ပေါ့'

'အင်း… မိတော… မိတော၊ ဒီနာမည်ကောင်းတယ်'

သို့ဖြင့် မြွေလေးအား မိတောဟု အမည်ပေးလိုက်ပါသည်။

မိတောမှာ သုံး၊ လေးလအရွယ်သို့ ရောက်လာစဉ်မှာ လေးရက်တွင် ကြက်တစ်ကောင်နှုန်း ကျွေးရသည်။

တစ်နှစ်သားအကောင်မှာ လက်မောင်းလုံးခန့်ရှိပြီး၊ အရှည်မှာ ၅ ပေခန့် ရောက်ရှိလာသည်။ အလေးချိန်မှာလည်း ဆယ်ပိဿာကျော်ခန့် ရှိလာချေပြီ။ လေးရက်တစ်ကြိမ် ကြက်အကောင်ကြီးများကို ကျွေးရသဖြင့် ငွေကုန်ကြေးကျများလာရာ ဦးစံမြက မိတောအား တည့်တည့်ကြည့်ကာ…

'မိတော… နင် အိပ်မက်ထဲမှာတုန်းက ငါ့ကို အလှူအတန်းလုပ်ရအောင် ပိုက်ဆံအများကြီး ပေးမယ်ပြောပြီး အခုတော့ တစ်ပြားမှ မပေးတဲ့အပြင် ငါ့မှာ ကြက်ဖိုးတောင် အတော်ကုန်နေပြီ'

ဦးစံမြက ထိုသို့ပြောလိုက်ရာ မိတောမှာ နားလည်သည့်

အလား ဦးခေါင်းကို အခြားတစ်ဖက်သို့ လှည့်သွားပါသည်။ ဦးစံမြကလည်း နေ့တိုင်းလိုလို အထက်ပါအတိုင်း ပြောခဲ့၏။ မိတောကလည်း ဦးစံမြပြောပြီးသည့်အခါတိုင်း အခြားတစ်ဖက်သို့ လှည့်သွားတတ်သည်။ ဦးစံမြသည် မိတောကို စချင်သည့်သဘောဖြင့် ဤကဲ့သို့ ပြောပြီး စတတ်သည်။

ထိုသို့ဖြင့် တစ်လခန့်အကြာ၌ ဦးစံမြထံသို့ လှေကြုံစီးခရီးသည် အဘိုးအို တစ်ဦးရောက်ရှိလာသည်။ လှေကြုံစောင့်ရင်း ဦးစံမြနှင့် စကားပြောဖြစ်ခဲ့သည်။

ထိုသူသည် ဦးစံမြခြံတွင်ထိုင်စောင့်နေရင်း မြွေမွေးထားသည်ကို တွေ့သဖြင့် အံ့သြစွာနှင့်…

'ညီလေး… မင်းက စပါးကြီးမြွေ မွေးထားတယ် ဟုတ်လား'

'ဟုတ်တယ်… အစ်ကိုကြီး'

'စပါးကြီးမြွေ မွေးထားတာ မင်းအတွက် ဘာအကျိုးထူးပေးတုံး'

'အကျိုးထူးတယ်… မထူးဘူးဆိုတာတော့ ထည့်မတွက်ပါဘူး၊ မမျှော်လင့်ဘဲ ရောက်လာလို့ မွေးထားတာပါ'

'စပါးကြီးမြွေက အခြားမြွေတွေနဲ့ မတူဘူး၊ ဂမ္ဘီရဆန်တယ်ကွ'

'ဟုတ်ကဲ့… ပြောပါ အစ်ကို'

'ဘယ်မြွေမှ မညှို့နိုင်ဘူး၊ ဒီကောင်တွေပဲ ညှို့တတ်တာ အဲဒါ သူ့ရဲ့ စအိုဘေးမှာ ညှို့ကြောဆိုတာ ရှိတယ်၊ အဲဒီညှို့ကြောက ညှို့ကြိုးကိုထုတ်ပြီး သူညှို့ချင်တဲ့ သားကောင်ရဲ့ ခြေရာကို ကုပ်ပြီး ညှို့လိုက်ရင် လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ဘယ်မှ မပြေးနိုင်တော့ဘူး၊ ဒါဟာ သဘာဝကပေးထားတဲ့ သူ့ရဲ့ အစားအစာရှာနည်း တစ်မျိုးပေါ့ကွာ'

'ဟုတ်တယ်နော် အစ်ကို'

'အေး… ဒါပေမဲ့၊ ဒီကိစ္စတွေဟာ မင်းကို အကျိုးမပြုဘူးကွယ့်၊ လူတွေကို အကျိုးပြုတဲ့ ကိစ္စကိုပြောမယ်'

'ဟုတ်ကဲ့… ပြောပါ အစ်ကို'

'စပါးကြီးသည်းခြေက အလွန်ဆေးဖက်ဝင်တယ်၊ အဲဒီသည်းခြေရရင် အထိုက်အလျောက် ပိုက်ဆံရနိုင်တယ်၊ ဒါပေမဲ့ အဲဒီသည်းခြေကလည်း ရဖို့ မလွယ်ဘူး၊ စပါးကြီးသည်းခြေက နေရာအတည်တကျ မနေဘူးကွယ့်'

'ပြောပါဦး အစ်ကိုရယ်'

'အဲဒီ သည်းခြေဟာ မွန်းမလွဲမီအချိန်ဆိုရင် ဦးခေါင်းကနေ ချက်နားမှာပဲရှိတယ်၊ မွန်းလွဲပြီးရင်တော့ ချက်ကနေ အမြီးပိုင်းမှာ နေတယ်ကွ၊ နောက်ပြီး လပြည့်၊ လကွယ်နေ့မှာ သည်းခြေအိတ်မှာ သည်းခြေရည်တွေ အပြည့်ရှိတာ၊ မင်းက သူ့ကိုမွေးထားတာဆိုတော့ သည်းခြေရဖို့ တစ်ခုနဲ့ သူ့ကို သတ်ရက်မှာ မဟုတ်ဘူး'

'ဘယ်လိုလုပ် သက်ရက်ပါ့မလဲ အစ်ကိုကြီးရယ်'

'အေး… မသက်ရက်လို့ သူသေအောင်စောင့်ရင်လည်း မင်း အသက်နဲ့ မမီလောက်ဘူး'

'အစ်ကိုကြီး ပြောတာလည်း ဟုတ်ပါတယ်၊ ဒါနဲ့ ကျွန်

တော် အိပ်မက် မက်ထားတယ်၊ အိပ်မက်ထဲမှာ အဲဒီမြွေနဲ့အတူ ပိုက်ဆံတွေ အများကြီးပါလာတယ်၊ အလှူအတန်းလုပ်ပေးပါလို့ မက်တယ်'

'အင်း... စပါးကြီးမြွေက အခြားမြွေနဲ့မတူဘူး၊ ထူးခြားတဲ့ လျှို့ဝှက်ချက်ရှိတယ်၊ ဟိုးရှေးဆရာကြီးတွေ ရေးခဲ့တဲ့ မြွေကျမ်းမှာ ဖတ်ဖူးတယ်၊ ဒီကိစ္စကတော့ မြွေဆရာ အတော်များများ သိကြသကွယ့်၊ စပါးကြီးမြွေနဲ့ လပြည့်နေ့ညရဲ့ ပြောင်းလဲပုံ သဘောတရားကို သိရမယ်ကွယ့်'

'ပြောပြပါဦး အစ်ကိုရယ်'

'အိမ်း... ပြောရတာပေါ့ကွယ်'

လပြည့်နေ့ညမှာ ခုနကပြောခဲ့သလို သဘာဝတရားကြောင့် စပါးကြီးမြွေရဲ့ သည်းခြေအိမ်ထဲမှာ အရည်တွေပြည့်လာပြီး မြွေမှာရှိတဲ့ အစိမ်းကွက်၊ အနက်ကွက်၊ အဝါကွက်တွေဟာ ပိုပြီး အရောင်တောက်လာတယ်၊ အဲဒီ အကွက်ထဲမှာ လျှို့ဝှက်ချက် ဂမ္ဘီရပညာတွေပါတယ်ကွယ့်၊ အဲဒါကတော့ အဲဒီမှာ

ဆင်းရဲတဲ့အကွက်နဲ့ ချမ်းသာတဲ့ အကွက်တွေရှိသတဲ့၊ ချမ်းသာမယ့် အကွက်ကို ရွေးပြီး တုတ်နဲ့ မနာအောင်ရိုက်ရတယ်။ ချမ်းသာတဲ့ အကွက်ကို ရိုက်မိရင်တော့ ကုန်းကောက်စရာ မရှိအောင် တက်တက်ပြောင်အောင်ကို ဆင်းရဲလိမ့်မယ်'

'အမလေး… အစ်ကိုကြီးရယ်၊ မရိုက်ရဲပါဘူး၊ ခုခုနေက မရှိမရှားဘဝနဲ့ပါ၊ သိပ်မချမ်းသာပေမယ့် သိပ်လည်း မဆင်းရဲဘူး၊ မှားရိုက်ပြီး လူမွဲမဖြစ်ပါရစေနဲ့'

'အိမ်း… လွယ်နေတာကို ခက်နေပါပြန်ပါပြီ၊ အစ်ကိုက မြေအလမ္မာယ် ဆရာကြီးရဲ့သားပဲ၊ မြေအကြောင်း ကောင်းကောင်း သိတာပေါ့၊ ဘယ်နေရာဟာ ချမ်းသာမယ့် အကွက်လဲဆိုတာ အစ်ကိုကြီး သိတယ်'

'ဒါဆို ပြောပြပါဦး အစ်ကိုကြီးရဲ့'

'ရိုက်ရမယ့်အချိန်က လပြည့်နေ့ည ညဥ့်သန်းခေါင်းယံ အချိန်၊ ရိုက်ရမယ့် အကွက်ကတော့ အစိမ်း၊ အဝါ၊ အနက်ကွက် ထဲက အတောက်ပဆုံးအကွက်ပဲ'

'ကျွန်တော်တော့ လက်မရဲဘူး အစ်ကိုကြီးရယ်'

'ဒီနေ့ လပြည့်နေ့ပဲ၊ မင်း… ငါ့ကို ညနေစာကျွေးရင် အဲဒီ အကွက်ကို ပြပေးမယ်'

'အိုး… ဒီလောက်တော့ ဖြစ်ပါတယ်'

ထိုသို့ဖြင့် ဦးစံမြသည် ဧည့်သည်အဘိုးကြီးအား ထမင်း၊ ကွမ်း၊ ဆေးလိပ်တို့ဖြင့် ဧည့်ခံရင်း ညဉ့်သန်းခေါင်ယံအချိန်ကို စောင့်နေခဲ့ကြ၏။

✲ ✲ ✲

လပြည့်ည၏ ညဉ့် ၁၂ နာရီအချိန်။

ဦးစံမြသည် မိတောကို အိမ်ရှေ့ကွင်းပြင်အလယ်သို့ ထုတ်ထားရာ လ၏ အလင်းကြောင့် မိတော၏အကွက်များမှာ အရောင်များ ပိုမိုတောက်ပနေပါသည်။

'ညီလေး ကြည့်လိုက်စမ်း၊ မင်းရဲ့ မိတောဟာ အခြားည တွေထက် အရောင်ပိုပြီး တောက်ပနေတယ်'

'ဟုတ်တယ်… အစ်ကိုကြီး'

'မင်းကြည့်စမ်း၊ အကွက်သုံးကွက်ထဲမှာ ဘယ်အကွက်က ပိုပြီး တောက်ပသလဲ'

'အစိမ်းကွက်က ပိုပြီး တောက်ပတယ် အစ်ကိုကြီး'

'အိမ်း… တစ်ကောင်နဲ့ တစ်ကောင် အကွက်ပုံချင်းမတူဘူး၊ အချို့ကအစိမ်း၊ တချို့ကအဝါ၊ တချို့ကအနက် စသည်ဖြင့် ပိုပြီး တောက်ပတယ်၊ ဒီတော့ အဲဒီအကွက်ကို မင်း တုတ်နဲ့ ရိုက်ပေတော့'

'ဟုတ်ကဲ့ အစ်ကိုကြီး'

ဦးစံမြသည် ဧည့်သည် အဘိုးကြီးပြောသည့်အတိုင်း အစိမ်းရောင် တောက်ပနေသည့်အကွက်ကို တုတ်ဖြင့် မနာအောင် ခပ်ဖြည်းဖြည်းရိုက်လိုက်ပါသည်။

မိတောသည် သူ့ကို တုတ်ဖြင့် ရိုက်လိုက်သဖြင့် အရောင်တလက်လက် တောက်ပနေသည့် မျက်လုံးအစုံဖြင့် ဦးစံမြကို ကြည့်နေပါသည်။

တုတ်ဖြင့် ရိုက်ပြီးနောက်တွင် မိတောကို လှောင်အိမ်ထဲသို့ ပြန်ထည့်လိုက်သည်။ မိတောသည် လှောင်အိမ်ထဲ ပြန်ရောက်ပြီးနောက် မကြာမီတွင် ခန္ဓာကိုယ်မှ အရောင်များသည် တောက်ပခြင်းမှ တဖြည်းဖြည်းမှိန်ကာ နဂိုအရောင်အတိုင်း ဖြစ်သွားပါတော့သည်။

'ကဲ… ညီလေး၊ မင်းဟာ ချမ်းသာစေတဲ့အကွက်ကို ရိုက်မိပြီ၊ မင်း… မကြာခင် အရမ်းချမ်းသာလာလိမ့်မယ်၊ အိပ်မက်ထဲကအတိုင်း အလှူအတန်းပြုပြီး အမျှဝေပါ'

'ဟုတ်ကဲ့… အစ်ကိုကြီး'

ထိုဧည့်သည်မှာ နံနက်မိုးလင်းသည်နှင့် လှေကြုံစီးကာ ပြန်သွားပါတော့သည်။

ထိုအချိန်မှစ၍ ထိုဧည့်သည် အဘိုးအိုအား တစ်ခါမျှ ပြန်မတွေ့ရတော့ပေ။

ထိုဧည့်သည် အဘိုးကြီးပြန်သွားပြီးနောက် တစ်လခန့် အကြာမှာ ၄င်းထံသို့ ဆေးရွက်ကြီး ရောင်းသူများရောက်လာပြီး…

'ဆေးရွက်ကြီး ဝယ်မယ့်သူမရှိလို့ ဦးစံမြပဲ ယူထားလိုက်ပါ၊ ကြိုက်တဲ့ဈေးသာ ပေးပါတော့'

ဟု ဆေးရွက်ကြီးများကို အောက်ဈေးဖြင့် ရောင်းချသွားခဲ့သည်။

သို့သော် ဦးစံမြက ဈေးမနှိမ်လို၍ ပေါက်ဈေးသာပေးလိုက်သည်။

ပေါက်ဈေးနှင့် ဝယ်သည့်သတင်းကို ကြားသဖြင့် အခြားသူများကလည်း ဦးစံမြဆီသို့ လာရောက်ရောင်းချခဲ့သည့်အတွက် ဆေးရွက်ကြီး ပိသာပေါင်းများစွာ ရရှိသဖြင့် ဂိုဒေါင်ဖြင့် ထားရသည်။

ထိုသို့ဖြင့် သုံးလခန့်အကြာတွင် ဆေးရွက်ကြီးဈေးကွက်မှာ နှစ်ဆခန့် ဈေးတက်လာခဲ့သဖြင့် အမြတ်အစွန်းများ ရရှိခဲ့ပါသည်။

ထိုအချိန်မှစ၍ တစ်စ တစ်စ ကြီးပွားချမ်းသာလာခဲ့သည်။

မိတောကိုလည်း ကောင်းစွာ ကျွေးမွေးနိုင်ရုံမက အလှူကြီး အတန်းကြီးပေးနိုင်ခဲ့သည်မှာ ယခုထက်တိုင်ပင် ဖြစ်ပေသည်။

✲ ✲ ✲

'အင်း… ဒီအကြောင်းကတော့ တိုက်ဆိုင်မှုပဲပြော်ပြော'

'စပါးကြီးမြွေတစ်ကောင်ရဲ့ လှို့ဝှက်ချက်လို့ပဲ ဆိုဆို'

ဦးစံမြနှင့် အကြောင်းတိုက်ဆိုင်သည့် ထူးခြားဆန်းကြယ်သော ဂမ္ဘီရဆန်လှသည့် စပါးကြီးမြွေ မိတော၏အကြောင်းကို ဤသို့ ကြားသိခဲ့ရပါတော့သည်။

အိုယွန်းယုဉ်

✲ ✲ ✲




# တစ္ဆေ

## တစ္ဆေ

**အောင်မြတ်ဦး**

တစ္ဆေနှင့် ပတ်သက်၍ပြောလျှင် ဘယ်သူမျှ တိကျသည် မရှိ။

ယုံသလိုလို၊ မယုံသလိုလိုနှင့် ပြောကြမည်။

ကျွန်ုပ်ကို မေးလျှင်လည်း မယုံသလို၊ ယုံသလိုနဲ့ မတိကျဘူးဟု ဖြေမည်။

သို့သော်…

တစ်ခုတော့ ပြောရ၏။

ဒိုယွန်းယှဉ်စာပေ

တစ္ဆေနှင့်ပတ်သက်၍ ဘာတွေပဲပြောကြ၊ ပြောကြ လူတိုင်းရင်ထဲ၌ ကိန်းအောင်းနေသည့် စိတ်တစ်ခုတော့ရှိ၏။

ထိုစိတ်က တခြားမဟုတ်။

လူတိုင်း၏ စိတ်တွင်း၌ နာနာဘာဝကို ကြောက်ရွံ့သည့် စိတ် ရှိနေခြင်းပင်။

မည်သူမျှ အဆင့်မြင့်ပြီး ပညာတတ်သူဖြစ်စေ၊ သူ့စိတ် ထဲ၌ ဤစိတ်သည် ကင်းအောင်းနေမည်မှာ မုချ။

ကင်းလည်း ကင်းမည်မဟုတ်။

သိပ္ပံပညာရှင်များအနေနှင့် ဆက်လက်ဖော် ထုတ်နိုင်ခြင်း မရှိသေးပေ။

မှန်သည်။

ပို၍ဆိုးသည်က ယနေ့ သိပ္ပံပညာ ထွန်းကားသည့် နိုင်ငံများမှ ပညာရှိပုဂ္ဂိုလ်များကိုယ်တိုင်က သရဲ၊ တစ္ဆေ မရှိဟု ပိုင်ပိုင်နိုင်နိုင် မပြောနိုင်ကြသေး။

ပြောရလျှင် ဒီကနေ့ သိပ္ပံပညာရှင်များကိုယ်တိုင်က

တစ္ဆေသရဲမရှိဟု မပြောနိုင်ကြသေး။ ရှိသလို၊ မရှိသလို ဝေ့ဝေ့ဝါးဝါးပြောနေသဖြင့် လူသားတို့ ကြောက်သလို မကြောက်သလို ဖြစ်နကြသည်မှာ ဘာဆန်းသနည်း။

* * *

မှတ်မှတ်ရရ ကိစ္စတစ်ခု ပြောရဦးမည်။

တစ်ခါက အမေရိကန်နိုင်ငံ၏ အထင်ရှားဆုံး ပုဂ္ဂိုလ်တစ်ဦးအား ရုပ်မြင်သံကြား အင်တာဗျူးတစ်ခု လုပ်ခဲ့သည်။

သူ့အား သရဲ၊ တစ္ဆေ အကြောင်း မေးမြန်းသည့်အခါ သူသည် တစ္ဆေ၊ သရဲ အကြောင်းအား ၁၀ မိနစ်ခန့် ပုတ်ခတ်ပြောကြားခဲ့သည်။

'သရဲ၊ တစ္ဆေဆိုတာ မရှိဘူးလား'

'မရှိဘူး… အလကား ပြောချင်ရာ ပြောနေတာ'

သည်အခါ အင်တာဗျူးမေးသူက…

'ဒါဆို ဆရာကြီး သရဲခြောက်တယ်လို့ နာမည်ကြီးနေ

တဲ့ အိမ်တစ်အိမ်ရှိတယ်၊ အဲဒီအိမ်မှာ တစ်ယောက်တည်း သွားအိပ်ရဲလား'

ဟု မေးလျှင် သူသည် ပြုံးပြုံးပျာပျာနှင့်…

'အဲဒါ ဘယ်ဖြစ်မလဲဟု ပြော၏'

'ဟ… ဘာဖြစ်လို့လဲ'

'ဟ… ဘာဖြစ်ရမလဲ၊ တော်နေကြာကျူပ်က သရဲ၊ တစ္ဆေမရှိပါဘူးလို့ ပြောခဲ့ပေမယ့်၊ တကယ်ရှိနေရင် ဘယ်လိုလုပ်မလဲ'

ဟုတ်သည်။

ဒါတော့မှန်သည်။

လောက၌ သရဲမရှိလျှင် ကြောက်စရာမလို အကယ်၍ သရဲများရှိနေလျှင်မူ ဤအရာသည် ကျွန်တော်တို့ မတွေ့ချင် မမြင်ချင်ဆုံးအရာဖြစ်သည်။

* * *

## အခန်း(၂)

ဗင့်ဆင့်အတာရက်ခ်သည် လူတွေ မတွေ့ချင် မမြင်ချင်သည့် သရဲ၊ တစ္ဆေဆိုသည့် အရာအား မြင်တွေ့လိုက်ရသည့် တရုတ်ပြည်မှ လူငယ်တစ်ယောက် အကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့ ရေးခဲ့သည်။

တစ်ည…

လူငယ်သည် တည်းခိုခန်းတစ်ခု၌ နှစ်ခြိုက်စွာ အိပ်မောကျနေပြီး ဖျတ်ခနဲ လန့်နိုးစဉ် သူနေသည့်ကုတင်နံဘေး မှန်တင်ခုံ၌ မိန်းကလေးတစ်ဦး ထိုင်နေသည်ကို တွေ့လိုက်၏။

မိန်းကလေးက မိန်းမချောကလေးဖြစ်သည်။

ဆံပင်က နက်မှောင်နေ၏။

ရှည်လျားနက်မှောင်နေသည့် ဆံပင်ကို ဖြီးသင်နေ၏။

သူမသည် လူငယ်အား ကျောခိုင်းနေ၏။

ဆံပင်ကို ဖီးသင်ရင်း သီချင်းညည်းနေ၏။

လူငယ်သည် မိန်းကလေး၏ ပြည့်ဖြိုးစွင့်ကားသည့်

တင်အား အာရုံခံကြည့်မည်ဟု စဉ်စားလိုက်စဉ်၊ မိန်းကလေးက သူမ၏ ပခုံးနှစ်ဖက်ကြားမှ ဦးခေါင်းကို ဖြုတ်ကာ မှန်တင်ခုံပေါ် တင်လိုက်၏။

'အမလေး…'

လူငယ်သည် လိပ်ပြာလွင့်စဉ်သွားမတက် ထိတ်လန့်သွား၏။

ကြက်သီးတွေထ၊ ခေါင်းတွေကြီးပြီး ငယ်သံပါအောင် အော်လိုက်၏။

ပြီးတော့ အခန်းထဲမှ ပြေးထွက်ခဲ့သည်။

လူငယ် ဧည့်ခန်းသို့ရောက်လျှင် ဧည့်ခန်းအတွင်း၌ မာကျောက်ကစားနေသည့် လူလေးဦးအား တွေ့လိုက်၏။

တစ်ဦးက…

'ဟေ့ကောင်… မင်းအလန့်တကြားနဲ့ ဘာတွေဖြစ်တာလဲ'

ဟု မေး၏။

လူငယ်က…

'ဘာဖြစ်ရမလဲဗျ၊ ကျုပ်အခန်းထဲ အိပ်နေတုန်း ကျုပ်ဘေး မှန်တင်ခုံမှာ မိန်းမချောကလေးတစ်ဦးတွေ့တယ်။ သူက သီချင်းဆိုရင်း သူ့ ဦးခေါင်းကို မှန်တင်ခုံပေါ် တင်ပြတယ်လေ။ ဘယ်လောက်ကြောက်စရာ ကောင်းလဲ'

ဟု တုန်လှုပ်ချောက်ချားမှုများစွာဖြင့် ပြောပြ၏။

မာကျောက် ကစားနေသည့် လူလေးယောက်အနက် တစ်ဦးက…

'မင်းကလဲကွာ၊ ဒီအဖြစ်မျိုးက ဒီမှာ ဘာဆန်းလို့လဲ'

ဟု ခပ်ငေါ့ငေါ့ပြောရင်း သူတို့လေးယောက်စလုံး သူတို့၏ ဦးခေါင်းကို ဖြုတ်ပြလေသည်။

* * *

ကာနဒ်ကာရပ်(ခ်)

သူက ဘဏ်လုပ်ငန်းရှင်ကြီး တစ်ဦးဖြစ်၏။

သူက အရက်ကို အလွန်တရာ ကြိုက်နှစ်သက်ပြီး အရက်ထွေထွေနှင့် တစ္ဆေဇာတ်လမ်းများအား ပြောပြတတ်၏။

တစ်ည…

သူသည် သူပိုင် တောင်ကပ်ရိုလီနားပြည်နယ်၊ ဟော့ဖ်ကားမြို့ရှိ သူ၏ ခြံဦးနေရင်း တစ္ဆေဇာတ်လမ်းကို တစ်ပုဒ်ပြီး တစ်ပုဒ်ပြောပြ၏။ သူပြောသည့် ဇာတ်လမ်းကို နားထောင်းနေသည့် အလုပ်သမားလေးတစ်ဦးမှာ ကြက်သီးများထပြီး မျက်လုံးပြူလာ၏။

အချိန်ကား သန်းခေါင်ရောက်ပြီ…

ကားရဒ်၏ မိတ်ဆွေ ဘက်ဒ်စမစ်က…

'ဟေ့… ချာတိတ်၊ လမ်းထောင့်ဆိုင်မှာ ငါ့အတွက် ဆေးတံသောက်ဆေးတစ်ဗူး ဝယ်ပေးစမ်း'

ဟု ပြော၏။

ချာတိတ်သည် လမိုက်ညအမှောင်တွင်း၌ ဘယ်မှ မသွား
ချင်။

သို့သော် ငြင်းလို့ ရမည်မဟုတ်။

ထို့ကြောင့် မသွားချင်သွားချင်နှင့်သွားခဲ့၏။

သူသည် ရဲဆေးတင်သည့် အနေနှင့် သွား၏။

အတန်ကြာလျှင် စမစ်သည် ကြောက်နေသည့် လူငယ်
အား ခြောက်လှန့်ချင်သဖြင့် သစ်ပင်တစ်ပင်နားတွင် ကွယ်ကာ

'အူး…'

ချောက်ချားဖွယ် အသံပေးလိုက်၏။

လူငယ်သည် ကြောက်ရွံ့တုန်လှုပ်သွား၏။ ခြေလှမ်း
တုံ့ခနဲရပ်ပြီး…

'ဆရာစမစ်၊ ဆရာခြောက်လှန့်နေတာ မဟုတ်လား'

စမစ်မဖြေ အတန်ကြာအောင် ငြိမ်သက်နေပြီး…

ထပ်မံ ၍ 'အူး'ဟု အသံပြုလိုက်လေ၏။

ဒီတွင် ချာတိတ်က…

'ကဲ... မစ္စတာစမစ်ရေ ကျွန်တော်ကို ခြောက်လှန့်နေ
ကြောင်း ကျွန်တော်သိတယ်၊ ဒါပေမဲ့ ဘယ်လိုဖြစ်ဖြစ် ကျုပ်တော့
ပြေးပြီဗျို့'

ဟု ပြောကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျ
အောင် ပြေးတော့သတည်း။

* * *

## အခန်း(၃)

မဖြစ်အပျက်တွေက ဆန်းကြယ်လှသည်ဟု ဆိုရမည်။

တစ်ခုရှိသည်က အမေရိကန်နိုင်ငံသား ဘက်ဖ့်လင်း၏ အဖြစ်က တဈေ၊ သရဲအကြောင်း သက်သက် မဟုတ်သည်က တော့ အမှန်ပင်။

သည်နေ့က ဘက်ဖ့်လင်းအဖို့ အရေးကြီးသည့်နေ့၊ ဒီကနေ့ ကာလီဖိုးနီးယားသို့ ပြန်ရန်အတွက် လေယာဉ်မီဖို့ အရေးကြီးသည်။

နာရီ တကြည့်ကြည့်ဖြင့်…

'ကားကို အမြန်မောင်းစမ်းပါ၊ လေယာဉ်မမှီလို့ မဖြစ်ဘူး'

ဟု တက္ကစီသမားကို ပြော၏။

တက္ကစီသမားကလည်း မိုင်ကုန်မောင်းခဲ့၏။ ထို့ကြောင့် လေယာဉ်ကွင်းထွက်ခါနီး လေယာဉ်ကွင်းသို့ရောက်သည်။ သို့ သော်လည်း မနည်းပြေးရ၏။ ယင်းသမို့ တက္ကစီကားဘေးခုံမှ

ကင်မရာတစ်လုံး ဘယ်သူ့ဟာမှန်းမသိ အင်မတန် ဈေးကြီးသည့် ကင်မရာ၊ ကင်မရာအတွင်းရှိ ဖလင်လိပ်တွင် ပုံနှစ်ဆယ်ခန့် ရိုက်ပြီးပြီဟု သိ၏။

သူသည် အလောတကြီး ဖြစ်နေသည်မို့ ဘာမှ သတိမရ။

ကားရပ်တော့ ဖျတ်ခနဲဆွဲဆင်းခဲ့၏။

လေယာဉ်ပေါ်ရောက်မှ မှားဆွဲမိမှန်းသတိရသည်။

သွားပြီ။ နောက်ကျနေပြီ။

ဘယ်လိုမှ ပြန်ပေးလို့မရတော့။

'အင်း… ဒုက္ခပါပဲ၊ သူများပစ္စည်းပါလာပြီ၊ ငါဘာလုပ်ရမလဲ'

သူ စဉ်းစားသည်။

အဖြေမရ။

နောက်မှ သက်ပြင်းချရင်း…

'မတတ်နိုင်ဘူးလေ… ကင်မရာကလဲ ဈေးကြီးတဲ့

ကင်မရာဖြစ်လို့ ပစ္စည်းပျောက် ကြော်ငြာထည့်မှာပါ၊ ဒီတော့မှပဲ သွားပေးတော့မယ်'

ဟု အကြံရ၏။

သို့သော် မည်သူကမှ ကြော်ငြာမထည့်။ သူအကော်ကြာ ကြာစောင့်သော်လည်း ကြော်ငြာမတွေ့သဖြင့် နောက်ဆုံးကင်မရာမှ ဖလင်လိပ်ထုတ်ကာ ကူးလိုက်၏။ သည်အခါ သူအံ့ဩမင်သက်သွား၏။

အဘယ်ကြောင့်ဆိုသော် ဖလင်ပေါ်မှ ပုံများသည် လူတစ်ဦးအား ရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားခြင်းဖြစ်ပြီး ထိုသူမှာ ဂက်တီစ်ဘတ်စ်မြို့တွင် မိန့်ခွန်းပြောနေသည့် အေဘရာဟင် လင်ကွန်း၏ ပုံများ ဖြစ်နေသောကြောင့်တည်း။

'ဗုဒ္ဓေါ··· ဘယ်လိုဖြစ်တာလဲ၊ ဒါက နှစ်ပေါင်းထောင်ရာကျော်က ကွယ်လွန်သွားတဲ့ သူရဲ့ ပုံရိပ်ပဲ၊ သူဖလင်ကော်ပြားပေါ် ဘယ်လိုရောက်နေလဲ၊ ဒါက နားလည်က ခက်တဲ့ကိစ္စပဲ'

ဟု သူစဉ်းစား၏။

မှန်သည်။

သူ့အဖြစ်က သရဲ၊ တစ္ဆေတို့အား မယုံကြည်သူတို့အတွက် နားလည်ရခက်သည့် ကိစ္စဖြစ်နေသောကြောင့်တည်း။

* * *

တစ်ခုတော့ရှိသည်။

သရဲ၊ တစ္ဆေအကြောင်းပြောလျှင် တမလွန်ကို မေ့ထားလို့ မရ။

တမလွန်ဆိုသည် ကြောက်စရာကောင်းသည့် နေရာလား…

သည်မှာ ကွယ်လွန်သွားသည့် ခင်ပွန်းအကြောင်းအား မိန်းမတစ်ဦး ပြန်ပြောသည်ကို ပြောပြသင့်သည်။ အမျိုးသမီးသည် ကွယ်လွန်သွားသည့် သူ့ ခင်ပွန်း တမလွန်ဘဝတွင် ဘယ်အခြေအနေရောက်နေသည်ကို သိချင်သဖြင့် နတ်ဆရာထံသွားမေး၏။

**အိုယွန်းယုဉ်တာပေ**

နတ်ဆရာက သူ့ယောကျ်ားအား ခေါ်ပေး၏။

'ရှင်အခြေအနေ ဘယ်လိုရှိလဲ၊ ရှင်နေရတာ ပျော်ပျော်ရွှင်ရွှင်ရှိလား'

ဟု မေး၏။

ခင်ပွန်းသည် ယောကျ်ားက…

'ရှိပါတယ်… မိန်းမရယ်'

'ရှင်… လူ့ပြည်မှာ နေတုန်းကထက် ပျော်နေသလား'

'ပျော်ပါတယ်'

မယားဖြစ်သူက သက်ပြင်းရှိုက်ပြီး…

'ကောင်းကင်ဘုံဆိုတာ အလွန် ပျော်စရာကောင်းတဲ့နေရာဖြစ်မှာနော်'

ဟု တိုးတိုးပြောလိုက်၏။ တမလွန်ရောက် ခင်ပွန်းသည်က…

'ပျော်မယ်ထင်တာပဲ၊ ခက်တာက… မိန်း… မိန်းမရယ် … ငါ… ငါ… အဲဒီကို မရောက်သေးဘူး'

ဟု ပြော၏။

ဇနီးသည်မှုဆိုးမ ကြောင်စီစီဖြစ်သွား၏။

'ဘာ… နေပါဦး၊ ရှင်… ကောင်းကင်ဘုံကို မရောက်သေးရင် ဘယ်ကိုရောက်နေလဲ၊ ပြောစမ်းပါဦး'

ဟု ကပျာကယာ မေးလိုက်၏။

'ငါ… အခု ပြိတ္တာဘုံက တစ္ဆေရွာကို ရောက်နေတယ်လေ'

ဟု ပြန်ပြောလိုက်၏။

'ရှင်…'

ဇနီးသည် အံ့ဩနေ၏။

မှန်သည်။

အံ့ဩစရာပင်။

တမလွန်ရောက် ခင်ပွန်းသည်ပြောသလိုဆိုလျှင် ပြိတ္တာဘုံက တစ္ဆေလောကသည် လူ့ပြည် လူ့လောကထက် ပျော်စရာဖြစ်နေသလား။

တစ္ဆေ၊ သရဲလောကသည် လူ့လောက၊ လူ့ဘဝထက် ပျော်စရာကောင်းနေသည် ဆိုလျှင် ကျွန်တော်တို့အဖို့ စိတ်မကောင်းစရာ တစ်နေ့ဟု ပြောရမည်လား…

တကယ်လည်း နားမလည်နိုင်စရာပင်။

အောင်မြတ်ဦး

* * *




ကပ္ပိယထိပ်သီးနှင့် နဂါးမစမ်းမှ လွှမ်းပုံပြင်

## ကပ္ပိယထပ်သီးနှင့် နဂါးမစမ်းမှလွှမ်းပုံပြင်

**ဓနုတ်ဟိဏ်းဇော်**

တစ်နေ့တွင် ကျွန်ုပ်ထံသို့ အထူးဖိတ်ကြားလိုက်သော စာတစ်စောင် ရောက်ရှိလာလေ၏။

ထိုစာသည် ကျွန်ုပ်မိတ်ဆွေ စာရေးဆရာ မင်းကံသာထံမှ စာဖြစ်သည်။ အနှီမိတ်ဆွေ စာရေးဆရာ မင်းကံသာမှာ ကျွန်ုပ်နှင့်လွန်စွာမှ ရင်းနှီးသော မိတ်ဆွေတစ်ဦးဖြစ်သလို စာရေးဖော်စာရေးဖက် ပြောမနာ၊ ဆိုမနာသူများလည်း ဖြစ်ကြသည်။

၄င်းသည် မကြာသေးခင်သော ကာလတစ်ခုတွင် ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်အတွင်းရှိ 'စာစီ'ဟု အမည်တွင်သော

ျာလေးသို့ ယခင်နေထိုင်ရာ ဒလမြို့မှ အပြီးတိုင် သွားရောက်
အခြေချ နေထိုင်ခဲ့သူဖြစ်သည်။

ယခု ၄င်းသည် ကျွန်ုပ်အား သိတိရစ္ဆာဖြင့် စာလှမ်းရေး
ပြီး ၄င်းနေထိုင်ရာသို့ မဖြစ်မနေ လာရောက်လည်ပတ်ရန် အထူးဘ်
ဖိတ်ကြားလိုက်ခြင်းဖြစ်ပေသည်။

ကျွန်ုပ်လည်း ၄င်းထံမှ စာရရခြင်း၌ လွန်စွာမှဝမ်းသာ
ပြီး၊ ၄င်းအပေါ် ကျေးဇူးလည်းတင်သွားမိလေ၏။ အဘယ်ကြောင့်
ဆိုသော် လတ်တလော ကျွန်ုပ်သည် မည်သည့်အရပ်ဒေသမှ
ခရီးထွက် သွားလာခွင့် မကြုံဘဲရှိနေသဖြင့် စာပေများရေးသား
ရန် ကုန်ကြမ်းများလည်း ပြတ်လပ်နေရာ ယခု ၄င်းဖိတ်ခေါ်ရာ
အရပ်သို့ သွားရောက်လျှင် ကုန်ကြမ်းများ မလွဲကေန် ရရှိလိမ့်
မည်ဟူသော ယုံကြည်ချက်ကြောင့် ဆိုရပေမည်။

သို့ဖြင့် ကျွန်ုပ်သည် နောက်တစ်နေ့တွင် ၄င်းနေထိုင်ရာ
သို့ ခရီးထွက်ခွာလာခဲ့သည်။ စာထဲ၌ ၄င်းလမ်းညွှန်လိုက်သည့်
အတိုင်း အောင်မင်္ဂလာအဝေးပြေးဂိတ်မှ(ရန်ကုန်-မြန်အောင်)ကား

စီး၍ လိုက်ပါသွားခဲ့သည်။ ညနေ(၄း၀၀)နာရီခွဲခန့်တွင် ကျွန်ုပ် ရောက်ရှိသွား၏။

၄င်းထံသို့ ရောက်ရှိသွားသည့်အခါ ၄င်းသည် ကျွန်ုပ် ဒိရက်ပိုင်းအတွင်း သေချာပေါက် ရောက်ရှိလာလိမ့်မည်ဟု ယုံ ကြည်ထားပုံရသဖြင့် စားသောက်စရာတို့ကို ကြိုစီစဉ်ထားလေ။

'ကဲ… ဒီညတော့၊ မင်း အေးအေးဆေးဆေး အနားယူ ပေတော့၊ မနက်ကျမှ မင်းအတွက် ကုန်ကြမ်းတွေရနိုင်တဲ့ ဒီအနီး ဝန်းကျင်က ထူးခြားနေရာတွေသွားဖို့ စာစီရွာရဲ့ အနောက်ဘက် စာရေးကွင်းရွာက ငါ့မိတ်ဆွေတွေထံ အကူအညီတောင်းပြီး လိုက် ပို့နိုင်းမယ်'

ဟု ညနေစာ စားသောက်ပြီးနောက် မိတ်ဆွေ မင်းကံသာ က ပြော၏။

ထို့နောက် ကျွန်ုပ်သည် ခရီးကလည်း ပန်းပန်းရှိသဖြင့် စောစီးစွာ အိပ်ယာဝင်ခဲ့လေတော့သည်။

* * *

နောက်တစ်နေ့ နံနက်စောစောတွင် စာစီရွာအနောက်ဘက် စာရေးကွင်းရွာသို့ သွားရောက်ခဲ့၏။ မိတ်ဆွေ မင်းကံသာသည် စာရေးကွင်းရွာမှ ၄င်း၏ မိတ်ဆွေများဖြစ်သော ဦးစိုးမြင့်၊ ဦးဖိုးကွန့်၊ ဦးအောင်ဇေယျ၊ ဦးမောင်ရှင်တို့နှင့် ကျွန်ုပ်အား မိတ်ဆက်ပေးသည်၏။

ပြီးနောက် ကျွန်ုပ်သွားလိုသည့် နေရာသို့ လိုက်ပို့ပေးရန် (ကူညီပေးရန်)တာဝန်ယူထားကြသော ရွာမှ မူလတန်းပြ ကျောင်းဆရာမလေး ထားထားကြည်တို့အဖွဲ့ ထမင်းချိုင့်(ချိုင့်)များ ကိုယ်စီဆွဲကာ ရောက်ရှိလာကြသဖြင့် မိတ်ဆက်ပေးပြန်၏။

ဆရာမထားထားကြည် အပါအဝင် ဆရာမ ဝေဝေနွယ်၊ မနှင်းယုဝေ၊ မမိုးမိုးခိုင်နှင့် ဒေါ်နီ၊ ၄င်းတို့အဖွဲ့မှာ အားလုံးငါးဦးဖြစ်ကြပြီး ကျွန်ုပ် လိုအပ်သည့် ကိစ္စမှန်သမျှလည်း အစားအသောက်မှအစ အားလုံး လိုလေသေးမရှိ ကူညီဖြည့်ဆည်းပေးကြမည် ဖြစ်ပါသည်။

ထိုဒေသတစ်ဝိုက်ရှိ နေထိုင်ကြသော အရပ်သူ အရပ်

သားတို့မှာ ရှေးမြန်မာကြီးများ၏ ဓလေ့ထုံးတမ်းစဉ်လာနှင့်မခြား နေထိုင်သွားလာပြုမူ စရိုက်များ စေတနာ၊ သဒ္ဓါတရားထက်သက် မှုများ၊ မည်သည့် ဒေသ့သည်မျိုးမဆို ဧည့်ဝတ်ကျေပွန်မှုများ၊ မိတ်တွေတို့အပေါ် ဖော်ရွေ ရင်းနှီးချစ်ခင်စိတ်များ စသည်ဖြင့် အင်မတန်မှ ဂုဏ်ယူလေးစားစရာ ကောင်းသော ဓလေ့စရိုက်များ၊ စိတ်ထားများတို့ကို ဆရာမ ထားထားကြည်တို့ အဖွဲ့၏ဆက်ဆံ နေထိုင်၊ ဖော်ရွေကူညီမှုများစွာတို့က သက်သေခံဖော်ပြနေကြောင်း ကျွန်ုပ်သိရှိခဲ့ရလေ၏။

ယခုလည်း ဆရာမထားထားကြည်နှင့် အဖွဲ့သည် ကျွန်ုပ် သွားလိုသည့် သိလိုသည့် ကိစ္စများအပြင် စားသောက်မှုအတွက် လည်း တစ်နပ် တစ်အိမ် တာဝန်ယူထားကြကြောင်း သိရပြန် ၏။

သို့ဖြင့် ကျွန်ုပ်နှင့် မိတ်ဆွေမင်းကံသာ၊ ဆရာမထားထား ကြည်တို့အဖွဲ့သည် မနက် ၈း၀၀ နာရီတွင် တစ်နေ့တာ စား သောက်စရာ အပြည့်အစုံတို့ဖြင့် ရွာမှ စတင်ထွက်ခွာလာကြကာ

နေက် ၉း၀၀နာရီခွဲအချိန်၌ တောင်ပေါ်သို့ ရောက်ရှိခဲ့ကြလေသည်။

ထိုတောင်ကို ကျွန်ုပ်မိတ်ဆွေ မင်းကံသာထံ ရောက်ရှိပြီးကြားရစဉ် အချိန်ကတည်းက လွန်စွာမှ စိတ်ဝင်စားလျက်ရှိသောတောင်ဖြစ်သည်။ ထိုတောင်၏ အမည်မှာ မြင့်မြတ်တောင်ဖြစ်သည်။

အထူး ကျွန်ုပ်စိတ်ဝင်စားရသော အကြောင်းတို့ကားမြန်မာရာဇဝင်၌ ထင်ရှားလှသော ဘုရင်မကြီးရှင်စောပုနှင့် ဗိသနိုးဘုရင်မ၊ ပန်ထွာ မင်းသမီးတို့အကြောင်း မှတ်သားထားခဲ့ဖူး၏။

ယခုလည်း ပဲခူးတိုင်း၊ ပန်းတောင်မြို့နယ်အတွင်းရှိ ထိုဒေသတစ်ဝိုက်တွင် ရှေးနှစ်ပေါင်းများစွာတို့က ရှိခဲ့သော ပုသိမ်မြို့စားကြီး၏မိဖုရား၊ ဥမ္မာဒန္တီမင်းသမီးသည် စစ်ပြေးတိမ်းရှောင်ရင်းနှင့် ထိုဒေသတစ်ဝိုက်မှာ ခိုလှုံခဲ့ဖူးကြောင်း ကြားဖူးနားဝရှိထားခြင်းကြောင့်ဖြစ်၏။

ထို့ကြောင့်လည်း ထိုဒေသ၊ ထိုအရပ်သည် ကျွန်ုပ်အတွက် များစွာ ကုန်ကြမ်းရရှိနိုင်သော နေရာဟု အထက်မှာဆိုခဲ့ခြင်း ဖြစ်လေသည်။

တောင်ပေါ်သို့ ရောက်ရှိသွားသည့်အခါ တောင်ထိပ်ကမူ တွင် တည်ထားသော ချမ်းမြေ့သာယာအောင်စေတီမြတ်ကြီးအား စတင် ဖူးမြော်ရသလို လေအလှုပ်တွင် တချွင်ချွင်မြည်ခတ်နေကြ သော ဆည်းလည်းသံလေးများကိုလည်း သာယာနာပျော်ဖွယ်ကြား ရပြီး တစ်နာခွဲခန့် တောင်တက်ရသော ပင်ပန်းမှုများ လွင့်ပျောက် သွားသလို ခံစားရ၏။

ကျွန်ုပ်သည် တောင်ထိပ်ပေါ်မှ အရပ်လေးမျက်နှာသို့ ရင်သပ်ရှုမောဖွယ်ကြည့်ရင်း ကမ္ဘာသစ်တစ်နေရာ ရောက်ရှိသွား သလိုနှယ် ထင်မှတ်ရပြန်၏။

အဘယ်ကြောင့်ဆိုသော် အပေါ်စီးမှနေ၍ အရပ်လေး မျက်နှာရှိ ရွာစဉ်ရွာဆယ်နှင့် စေတီပုထိုး၊ ကျောင်းကန်ဇရပ် တောရိပ်တောတန်းများသည်လည်းကောင်း၊ ပန်းချီရေးမမီနိုင်

လောက်သော အဝေးရှုခင်းများသည်လည်းကောင်း၊ တောင်၏ အရှေ့ဘက်ယွန်းယွန်းတွင် ဧရာဝတီမြစ်ပြင်ကြီးကိုလည်းကောင်း၊ ထိုမှတဖန် ဧရာဝတီမြစ်၏ ဟိုဘက်အလွန်တောင်စဉ်တောင်တန်း အနုအရင့် ရှည်လျားစွာ တည်ရှိနေသော လွှမ်းမောဖွယ် ရခိုင်ရိုးမ ကြီး၏ အဝေး အလှများကိုလည်းကောင်း တွေ့မြင်ရသောကြောင့် ဖြစ်လေသည်။

ကျွန်ုပ်အတွက်တော့ အရာအားလုံးတို့မှာ အသစ်အဆန်း များနှင့် လွှမ်းမော ဆွတ်ပျံ့ဖွယ်အတိပင် ရှိလှလေ၏။

'အစ်ကို... ဒီ ရှုခင်းအလှတွေကြည့်ပြီး ငြိမ်ချက်သား ကောင်းလှချည်လား၊ ဘာတွေများ အစ်ကို စဉ်းစားမိလို့လဲ ဟင်'

ကျွန်ုပ်အပါးသို့ ဆရာမထားထားကြည် မည်သည့်အချိန် ကတည်းက ရောက်ရှိနေသည် မသိပါ။ ဆရာမထားထားကြည့် သတိပေး စကားဆိုလာမှပင် အတွေးစများကို ဖြတ်တောက်ပစ် လိုက်ရသည်။

'ဟုတ်တယ် ဆရာမ၊ ကျွန်တော်အတွက် အရာအားလုံး ဟာ ဆန်းသစ်နေလွန်းလို့ စဉ်းစားစရာတွေ အများကြီးပါပဲ၊ အထူးသဖြင့် ဒီမြင့်မြတ်တောင်နဲ့ ပတ်သက်ဆက်နွယ်နေတဲ့ အရာ အားလုံးပဲ ဆိုပါတော့ဗျာ'

ဟု ကျွန်ုပ်က ဆိုလိုက်သဖြင့် ဆရာမထားထားကြည်က တည်ငြိမ်လှပစွာ ပြုံးလိုက်ရင်း အတန်ကြာ စဉ်းစား၏။

ပြီးမှ…

'အစ်ကို စိတ်ဝင်စားမိတဲ့ အတိုင်း ပတ်သက်ဆက်နွယ် နေတာတော့ အများကြီးပါပဲ၊ ဒါပေမဲ့ လက်ရှိ အထင်အရှားရှိ တာလောက်ပဲ လက်ခံယုံကြည်ကြတဲ့အတွက် ဒါတွေဟာ ပြန် ပြောရရင် ဒဏ္ဍာရီဆန်တယ်၊ ပုံပြင်ဆန်တယ်လောက်ပဲ အသိ အမှတ်ပြုကြမှာပါ'

ဟု ဆရာမထားထားကြည်က အလေးအနက် ဆိုလိုက် သဖြင့် ကျွန်ုပ်ခေါင်းညိတ် ထောက်ခံလိုက်မိသည်။ ထို့နောက် ဆရာမ ထားထားကြည့်က…

'အစ်ကို စိတ်ဝင်စားလို့ ဒီမြင့်မြတ်တောင်နဲ့ ပတ်သက်ပြီး ကျွန်မသိသလောက် ပြောရမယ်ဆိုရင်၊ ရှေးလူကြီး သူမတွေပြော စကားအရ ဒီတောင်ဟာ ရှေးနှစ်ပေါင်းများစွာက နတ်ဘီလူးတွေ နေထိုင် စောင့်ကြပ်ခဲ့တဲ့တွက် 'ဒေဝယက္ခတောင်' လို့လည်း အဆို ရှိခဲ့တယ်၊ ပြီးတော့ အရင်က ဒီတောင်ပေါ်ကနေကြည့်ရင် အရပ် လေးမျက်နှာနဲ့ ဧရာဝတီမြစ်ကြီးကို မြင်ရတဲ့အတွက် 'မြစ်မြင် တောင်' လို့လည်း ဆိုပြန်တယ်၊ အင်္ဂလိပ် ကိုလိုနီနယ်ချဲ့ခေတ်က ဒီတောင်ပေါ်နဲ့ အနီးတစ်ဝိုက်မှာ ဗျိုင်းနဲ့ဓားဆိုတဲ့ တောပုန်းကြီး ညီနောင်နှစ်ဦး နေထိုင်ခဲ့တယ်လို့ မှတ်သားဖူးတယ်'

ဟု ပြောပြီး မောသွားဟန်ဖြင့် စကားကို ခေတ္တဖြတ် လိုက်သည်။

ပြီးမှ ဆက်ရှင်းပြသည်။

'နောက်တော့ ဒီတောင်ပေါ်မှာ မြင့်မြတ်တဲ့ရသေ့၊ ရဟန်းတွေ တရားအားထုတ်ကြောင်း သိရတဲ့အတွက် လက်ရှိ ချမ်းမြေ့သာယာအောင် စေတီတော်မြတ်ကြီးတည်ပြီးတဲ့ အချိန်က

စပြီး 'မြစ်မြင်တောင်' ကနေ 'မြင့်တက်တောင်'အဖြစ် အမည်ပြောင်းလဲခဲ့တယ်လို့ သိရတယ် အစ်ကို'

ဟု အစအဆုံး ရှင်းပြလာသော ဆရာမထားထားကြည်စကားအဆုံးတွင် ကျွန်ုပ်စိတ်ဝင်တစားသိချင်နေသော အကြောင်းအရာတို့အတွက် ကျေနပ်မှုရရှိသွား၏။ ကျွန်ုပ်သိလိုသမျှ စိတ်ရှည်စွာ ရှင်းပြပေးသော ဆရာမထားထားကြည်ကိုလည်း များစွာကျေးဇူးတင်မိပါသည်။

'ဆရာမ ရှင်းပြတဲ့အကြောင်းအရာတွေကတော့ အားလုံးစိတ်ဝင်စားစရာ ကောင်းပါတယ်၊ နောက် ကျွန်တော်ကြားဖူးတဲ့အချက်တစ်ချက်က ဒီတောင်နဲ့ အနီးတဝိုက်ရွာတွေ တည်ရှိဖြစ်ပေါ်လာပုံဟာ မွန်ဘုရင်လက်ထက်၊ ပုသိမ်မြို့စားကြီးရဲ့မိဖုရားဥမ္မာဒန္တီ**မင်းသမီး**ဟာ နောက်လိုက် နောက်ပါ အခြွေအရံတပ်တွေနဲ့ စစ်ရှောင်တိမ်းပြေးလာပြီး ဒီနယ်တစ်ဝိုက် အများအပြားမှာခိုလှုံခဲ့တယ်၊ ပတ်သက်ဆက်နွယ် ဖြစ်ပေါ်လာခဲ့တယ် ဆိုတာရောဟုတ်သလားဟင်'

ဟု ကျွန်ုပ်စိတ်ဝင်စား အမေးကို ဆရာမထားထားကြည်ခေါင်းညိတ်ပြလိုက်ပြီး…

'ဟုတ်တယ်… အစ်ကို၊ ဒီနယ်မြေဟာ ရှေးနှစ်ပေါင်းများစွာက ဥမ္မာဒန္တီမင်းသမီးရဲ့ နယ်မြေပဲ၊ အဲဒီ မင်းသမီးနဲ့ ပတ်သက်တဲ့ ရှာစဉ်ဖြစ်ပေါ်လာပုံတွေ၊ ဘာသာ သာသနာအကျိုးအတွက် စေတီပုထိုးတည်ခဲ့တာတွေဟာ ဒီနယ်တစ်ဝိုက်မှာ လက်သျှိုးထိုးမလွဲဘူးလို့ ကြားဖူးခဲ့တယ် အစ်ကို'

ဟု ရှင်းပြလာခြင်းကို ကျွန်ုပ်က ခေါင်းညိတ်ပြုံးလိုက်သည်။

ပြီးတော့မှ…

'ကျေးဇူးပဲဆရာမရယ်၊ ဒီနယ်တစ်ဝိုက်က အကြောင်းတွေ တော်တော် နှံ့နှံ့စပ်စပ်သိထားတဲ့ဆရာမကို ကျွန်တော် လေးစားဂုဏ်ယူပါတယ်ဗျာ'

ကျွန်ုပ်က ပြောလိုက်သည့်အခါ ဆရာမထားထားကြည်သည် ရှက်ရွံ့စွာ ခေါင်းငုံ့ ရယ်သံစွက်လိုက်ရင်း…

'အဲဒီလောက် ကျွန်မကို မမြှောက်ပါနဲ့ အစ်ကို၊ ဒီအကြောင်းကို ကျွန်မလည်း တကူးတက လေ့လာထားလို့တော့ မဟုတ်ပါဘူး၊ ကျွန်မရဲ့ အဘိုးအဘွားတွေ မကြာခဏပြောပြလေ့ရှိလို့ သိထားရုံသက်သက်ပါ'

ဟု ဆိုလေ၏။

ထို့နောက် ဆရာမထားထားကြည်သည် ထိုတောင်နှင့် အနီးတစ်ဝိုက် ရွာစဉ်တွေဖြစ်ပေါ်လာပုံအကြောင်း ရခိုင်ရိုးမ၏ အစပ် အနောက်တောင်ဘက်တွင် မှိုင်းညို့ညို့ လှမ်းမြင်ရသော တောင်ကုန်းပေါ်မှ သစ်တစ်ပင်တောင်ညိုအကြောင်း စသဖြင့် ဆက်ရှင်းပြပေးခဲ့၏။

မကြာခင် ကျွန်ုပ်နှင့် မနီးမဝေးတွင် နေ့လည်စာအတွက် စီစဉ်နေကြသော မိတ်တွေ မင်းကံသာနှင့် ဆရာမ ဝေဝေနွယ်၊ မနှင်းယုဝေ၊ မမိုးမိုးခိုင်နှင့် ဒေါ်နီတို့ ရောက်ရှိလာပြီး နေ့လည်စာ စား၍ ရပြီဖြစ်ကြောင်းပြောသဖြင့် အားလုံး တပျော်တပါး စားလိုက်ကြသည်။

သို့ဖြင့် နေ့လည်စာ စားပြီး ခေတ္တအနားယူပြီးနောက် ကျွန်ုပ်တို့အားလုံး တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြ၏။

တောင်ပေါ်မှ အဆင်းတွင် တက်တုန်းကလောက် ခရီး နှေးဖင့်ခြင်းမရှိလှ၊ အနည်းငယ် ခရီးတွင်၏။

အဘယ်ကြောင့်ဆိုသော် အချိန်ရာသီကား မိုးရာသီဖြစ် သည့်အပြင် တစ်မနက်လုံး မိုးက တဖြောက်ဖြောက် ရွာနေ သဖြင့် တောင်တက်လမ်းများ အနည်းငယ်ချော်နေခြင်းကြောင့် ဖြစ်သည်။

သို့ရာတွင်...

ကျွန်ုပ်တို့ တောင်ပေါ်သို့ ရောက်သည့်အခါမှ ယခု ပြန်ဆင်းချိန်အထိပ် နေက စိတ်ကောင်းဝင်ပြီး ခြစ်ခြစ်တောက် ပူလျက်ရှိ၏။

ထို့ကြောင့် ကျွန်ုပ်တို့ တောင်အဆင်းမှာ ခရီးတွင် သက်သာခဲ့ခြင်းဖြစ်၏။

တောင်တစ်လျှောက်လုံး အတက်အဆင်းများမှာ ကျိုက်

ထီးရိုးတောင်တက်သကဲ့သို့ အကွေ့အကောက် ကုန်းဆင်းကုန်းတက်တို့ များပြားလှပါရှိချေ၏။

ထို့နောက် ကျွန်ုပ်တို့သည် တောင်အဆင်းသုံးချိုးတစ်ချိုးရောက်ရှိသွားသည့်အခါ နဂါးမစမ်းအိုင်သို့ လိုက်ပို့ပေးမည်ဆိုသောကြောင့် တောင်ပေါ်မှ အနောက်စူးစူး အနိမ့်ပိုင်းသို့ ဖြတ်ထွက်ရာ တောင်ဆင်ခြေလျှောအတိုင်း လျှောက်ခဲ့ကြသည်။

မကြာခင်မှာ ကျွန်ုပ်အားလုံး နဂါးမစမ်းအိုင်သို့ ရောက်ရှိခဲ့ကြရာ နဂါးမစမ်းအိုင်ဟူသော အမည်ကို ဆရာမထားထားကြည်ပြောစဉ်ကတည်းက စိတ်ဝင်တစားရှိလှသဖြင့် ကျွန်ုပ်မေးမြန်းလိုက်သည့်အခါ ဆရာမထားထားကြည်က…

'ဒီ နဂါးမစမ်းအိုင်အကြောင်း ပြောမယ်ဆိုရင် ရှေးဒဏ္ဍာရီပုံပြင်တစ်ပုဒ်လို သိပ်ကြေကွဲ ဝမ်းနည်းစရာကောင်းတဲ့ အဖြစ်အပျက်တစ်ခုပါပဲ အစ်ကို၊ အစ်ကိုတို့ စာရေးဆရာတွေအတွက် စိတ်ဝင်စားစရာကောင်းမှာလည်း သေချာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့… အစ်ကို ခုနက မေးခဲ့တဲ့အတိုင်း ဒီနယ်မြေဟာ

ဥမ္မာဒန္တီမင်းသမီးနယ်မြေ ဖြစ်ခဲ့ဖူးတဲ့အတွက် အခုလည်း အဲဒီ အဖြစ်အပျက်ဟာ ဥမ္မာဒန္တီမင်းသမီးနဲ့ ပတ်သက်ဆက်နွယ်နေ တယ် အစ်ကို'

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်ပို၍ စိတ်ဝင်တစားဖြစ် သွားရ၏။

မိတ်ဆွေမင်းကံသာလည်း ထိုအကြောင်းကို ကြားဖူး ပုံ မပေါ်သဖြင့် ကျွန်ုပ်ကဲ့သို့ပင် ဆရာမထားထားကြည် ရှေ့ဆက် ရှင်းပြလာမည့်စကားကို စိတ်ဝင်တစား အာရုံစူးစိုက်ထားလျက် ရှိနေပါသည်။

နဂါးမစမ်းအိုင်ဟုတွင်သော ထိုစမ်းအိုင်ကြီးသည် လှျို ကြားထဲ၌ တည်ရှိဖြစ်ပေါ်နေပြီး ပေပေါင်း အတော်လေးကျယ် ဝန်းလှပေ၏။

ကျောက်ခက်၊ ကျောက်တုံး၊ ကျောက်နံရံတို့မှ ရေများ စိမ့်ထွက်နေကာ ထိုစမ်းအိုင်ကြီးထဲတွင် ကျောက်သားဖြင့် ထွင်း ထုထားသော နဂါးမအရုပ်က စမ်းအိုင်နှင့် ပနံရစွာတည်ရှိနေလေ

သည်။ ရှေးနှစ်ပေါင်း မည်မျှ ကြာမြင့်နေမှန်း မသိတော့ချေ၊ အောက်ခြေပိုင်းတွင် အစိမ်းရောင်ရေညှိများစွဲကာ အချို့ အထက်ပိုင်းနေရာများတွင်တော့ ရုပ်လုံးကျောက်သားများ အကွက်အကွက် ထပြီး ပဲ့ကြွေလျက်ရှိနေကြ၏။

ဆရာမထားထားကြည် ရှေ့ဆက် မရှင်းပြသေးခင်အချိန်မှာပင် ထိုနဂါးမရုပ်လုံးကို ကြည့်ရင်းကြည့်ရင်းနှင့် ကျွန်ုပ်ရင်ထဲ မည်သို့ကြောင့်မသိ လွမ်းဆွတ်ကြေကွဲစွာ ခံစားရသလိုလိုရှိနေတော့သည်။

'ဆရာမ… ဆက်ရှင်းပြပါဦး'

ကျွန်ုပ်က ဆိုလိုက်သဖြင့် ဆရာမထားထားကြည်သည် အဝေးတစ်နေရာသို့ ရီဝေကြေကွဲစွာ လှမ်းကြည့်ရင်း…

ဒီနယ်ကို ဥမ္မာဒန္တီမင်းသမီး စစ်ရှောင်တိမ်းပြီး ရောက်လာတဲ့အခါက ဒီတောင်ခြေတစ်ပိုက်နဲ့ အနီးအပါးရွာတွေမှာ ခိုလှုံပုန်းအောင်းခဲ့ကြတယ်လို့ သိရတယ်၊ ဥမ္မာဒန္တီမင်းသမီးနဲ့ ဒီအကြောင်း ဘယ်လို ဆက်စပ်လာသလည်းဆိုတော့ ဥမ္မာဒန္တီမင်း

သမီးရဲ့ လက်အောက်က အမှုတော်ထမ်း စစ်သည်လေး သူရိန် အကြောင်းကို စရလိမ့်မယ်'

ဟူ၍ အစချီကာ ဆရာမထားထားကြည်သည် အောက်ပါအတိုင်း ရှင်းပြလာလေတော့၏။

* * *

'မောင်းမင်းသူရိန်၊ ပောပတိုက မြင်ရတဲ့ ဒေဝယက္ခ တောင်ရဲ့ အလယ်ကြောမှာ အင်မတန်မှ အေးမြကြည်လင်လှတဲ့ စိမ့်စမ်းအိုင်ကြီး တစ်အိုင်ရှိတယ်လို့ သခင်မ သိရတယ်၊ အဲဒီ စိမ့်စမ်းအိုင်က ရေကြည်တော်ကို နေ့စဉ် သခင်မထံ ဆက်သဖို့ အတွက် မောင်မင်းသူရိတ်ကို သခင်မ တာဝန်ပေးအပ်တယ်၊ မောင်မင်း မပျက်မကွက် အမှုတော်ထမ်းစေ'

ဟု ပုသိမ်မြို့စားကြီး၏မိဖုရားဥမ္မာဒန္တီမင်းသမီးထံ ရေကြည်တော် ဆက်သရန် တာဝန်အား စစ်သည်အများအပြားထဲမှ ရွေးချယ်ကာ အသက်အရွယ် အငယ်ဆုံးနှင့် တိုက်ရည်ခိုက်ရည်

ထူးချွန်သော စစ်သည် သူရိန်ကို သဘောကျပြီး ထမ်းရွက်စေခဲ့၏။

'ပေးအပ်တဲ့တာဝန်ကို အကျွန်မျိုးကြီးသူရိန် မပျက်မကွက် ထမ်းရွက်ပါ့မယ် သခင်မဘုရား'

သို့ဖြင့် စစ်သည်လေးသူရိန်သည် ထိုအချိန်မှစ၍ နေ့စဉ် ဥမ္မာဒန္တီမင်းသမီးထံ ရေကြည်တော်များ မပျက်မကွက် ဆက်သခဲ့ရာ တစ်နေ့တွင် ၄င်းရေကြည်တော်ခပ်ယူရ ဒေဝယက္ခတောင်ပေါ်ရှိ စိမ့်စမ်းအိုင်တွင် အင်မတန်မှ ချောမောလှပသော မိန်းမပျိုလေးတစ်ဦးနှင့် ဆုံစည်းရလေ၏။

ထိုမိန်းမပျိုလေးသည် ထိုတောင်ခြေအနီးရှိ ရွာသူလေးတစ်ဦးဖြစ်သလို သူမသည် ရက်သတ္တတစ်ပတ်ခြား ထိုစိမ့်စမ်းအိုင်ထဲရှိ ရေသတ္တဝါလေးများကို အစာ လာရောက်ကျွေးနေသူဖြစ်သည်။

သူမ၏အမည်ကား နန္ဒီထားဖြစ်လေ၏။

ထိုသို့ ၄င်းတို့နှစ်ဦး ဆုံစည်းပြီးနောက် တစ်ယောက်

အကြောင်း တစ်ယောက်သိလာကြသည်။ တွေ့ဖန်များလာသော အခါ ရင်းနှီးရာမှတစ်ဆင့် သံယောဇဉ်ပိုကာ ချစ်သူများဖြစ်သွား ခဲ့ကြ၏။

သို့ဖြင့် ချစ်သူဘဝ ကူးပြောင်းပြီး မကြာခင်သော အချိန် ကာလတစ်ခုတွင် ၎င်းတို့ချစ်သူနှစ်ဦးအတွက် ကံကြမ္မာမိုးမှောင် ကျရောက်ဖို့ရန် အစပျိုးခဲ့ချေ၏။

'မောင်ကြီးသူရိန်… ရှေ့ရက် တစ်ပတ်ကျရင် ဒီနေရာ ဒီအချိန်မှာပဲ နှမလေးထား မလာမချင်း ဆက်ဆက်စောင့်နေရ မယ်နော်၊ နှမလေးထား မောင်ကြီးသူရိန်ကို လက်ဆောင်ပစ္စည်း လေးတစ်ခု ပေးချင်လို့၊ အဲဒီ ပစ္စည်းလေးဟာ နှစ်မလေးတို့ ချစ် သူနှစ်ဦးအတွက် သိပ်ကို အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းလေးပါ'

ဟု ၎င်း၏ ချစ်သူ နန္ဒီထားမှ အကြိမ်ကြိမ်ဆိုခဲ့သဖြင့် ၎င်းသည် ထိုရက်သတ္တပတ်မြောက်သို့ ရောက်သောအခါ ဆုံနေ ကျ စိမ့်စမ်းအိုင်မှာပင် စောင့်မျှော်နေခဲ့သည်။

သို့ရာတွင် ၎င်း၏ချစ်သူ နန္ဒီထားသည် အချိန်လွန်သည့်

အထိ စောင့်စားသော်လည်း ရောက်မလာခဲ့ပါ။ နောက်ဆုံးတော့ ၄င်းသည် ဥမ္မာဒန္တီမင်းသမီးကို ရေကြည်တော်ဆက်သရမည့် တာဝန်အား သိတိရကာ ၄င်းအချိန်နှောင်းမှ ရောက်ရှိသွားသဖြင့် တာဝန်ပေါ့လျော့ပျက်ကွက်မှုကြောင့် ကွပ်မျက်ခြင်းကို ခံလိုက်ရသည်။

၄င်းအတွက် ပို၍ အဆိုးရွားဆုံးကား ဥမ္မာဒန္တီမင်းသမီးသည် ၄င်းအား နောင်ကြဉ်စေရန်သာ အပြစ်ဒဏ်ပေးခိုင်းစေသော်လည်း ယခင်က ၄င်း၏အခွင့်အရေးနှင့် ရာထူးအပေါ် ၄င်း၏ တိုက်ရည်ခိုက်ရည် ထူးချွန်မှုနှင့် ငယ်ဂုဏ်ရှိမှုအပေါ် မနာလိုဝန်တိုစိတ်ရှိခဲ့သော တပ်မှူးတစ်ဦးသည် သူ၏သားအတွက် ၄င်းသည် ပြိုင်ဘက် ခလုတ်ကန်သင်း ဖြစ်သည်ဟုဆိုကာ ဥမ္မာဒန္တီမင်းသမီး၏ အခွင့်အာဏာကို အသုံးချလျက် ၄င်းအား တောင်စွယ်နေကွယ်ချိန်၌ နောက်လိုက်နောက်ပါများနှင့် လုပ်ကြံသတ်ဖြတ်အဆုံးစီရင်ပြီး တောင်ထိပ်ပေါ်မှ ထိုစိမ့်စမ်းအိုင်ထဲသို့ ပစ်ချခဲ့လေ၏။

ဥမ္မာဒန္တီမင်းသမီး ထိုအကြောင်းကိုကြားသိသောအခါ ထိုတပ်မှူးယုတ်ကား လီဆယ်၍ အကောက်ကြံ လျှောက်တင်လေ၏။

'ငမိုက်သာ သူရိန်ဟာ သခင်မအာဏာကို ဖီဆန်အံတုတဲ့အပြင် အကျွန်မျိုးတို့ရဲ့ စစ်သည်ငါးဦးလည်း ဒဏ်ရာအနာတရ ဖြစ်အောင် ခုခံတိုက်ခိုက်ခဲ့ပါတယ်၊ ပြီးတော့ သခင်မ အပြစ်ပေး ဆုံးမတော်မူတာကို ငါဘယ်တော့မှ အညံ့အခံဘူးဆိုပြီး ငမိုက်သား သူရိန်ဟာ တောင်ထိပ်ပေါ်က ခုန်ချပြီး ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ပါတယ် သခင်မဘုရား'

ထိုကဲ့သို့ အကောက်ကြံလျှောက်ကင်ခဲ့သဖြင့် ဥမ္မာဒန္တီမင်းသမီးသည် သူမ၏ အလုပ်အကျွေးပြုရာ အမှုတော်ထမ်းအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ၎င်း၏ ကံကြမ္မာကို ၎င်းကိုယ်တိုင် ဖန်သွားသည်ဟူ၍ နှလုံးမူကာ တပ်မှူးယုတ်အကောက်ကြံ လျှောက်တင်မှုအတိုင်း ယုံကြည်သွားခဲ့၏။

ထို့နောက် မိဘနှစ်ပါး ဥပုသ်သီတင်းဆောက်တည်ရန်

ဝေယျာဝစ္စ အလုပ်ကိစ္စတွေ များပြားနေခဲ့သော စစ်သည်လေး သူရိန်၏ ချစ်သူနန္ဒထားသည်လည်း အချိန်လွန်မှ ရောက်ရှိလာပြီး သူမ၏ ချစ်သူအဖြစ်ဆိုးကို သိရသဖြင့် ချစ်သူအလောင်းကို ဖက်ကာ ပဋ္ဌာမြေလူးရင် ကွဲမတတ်ဖြစ်ခဲ့ရပြန်၏။

"မောင်ကြီးသူရိန်ရေ… နှစ်မလေး ထားကို ကြည့်လှည့်ပါဦး၊ မောင်ကြီးသူရိတ်ကို လက်ဆောင်ပေးဖို့ နှစ်မလေးကိုယ်တိုင် ခက်ခက်ခဲခဲ ရှာဖွေပြီး သီထားတဲ့၊ ခရုပုတီးလေးတောင် မြင်မသွားနိုင်ခဲ့ဘူး၊

အဲဒီ ခရုပုတီးလေးဟာ မောင်ကြီးသူရိတ်နဲ့ နှမလေး ထားတို့ စတင်ဆုံစည်းခဲ့တဲ့ နေ့ရက်ကနေ အခုချိန်အထိ ရေတွက်ပြီး ချစ်သူသက်သေအဖြစ် ပြုလုပ်ထားခဲ့တဲ့ ပုတီးလေးပါ၊

အခုတော့ အဖြစ်ဆိုးလိုက်တာ မောင်ကြီးရယ်၊ မောင်ကြီး သူရိန်သေရတာ နှမလေးထားကြောင့်၊ မောင်ကြီးမရှိရင် နှစ်မလေးထားလည်း လူ့လောကကြီးမှာ အသက်မရှင်ချင်တော့ဘူးဟု ယူကြုံးမရဖြစ်ကာ သူမသည်လည်း ချစ်သူအလောင်းဘေးမှာပင်

အနီး၌တွေ့သော ကျောက်ချွန်ကျောက်သွားများဖြင့် ကိုယ့်ကိုယ်ကို အဆုံးစီရင်သွားခဲ့ပြတော့၏။

* * *

"သိပ်ချစ်ကြတဲ့ ချစ်သူတွေအတွက် တကယ့်ကို ရင်နင့်ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်ပဲဗျာ၊ အဲဒီ အဖြစ်အပျက်ကို ဖရိုက်သတ်သိအောင် ကျွန်တော်စာအဖြစ် ကြိုးစားဖန်တီးမယ်ဗျာ"

ဟု အထက်ပါအဖြစ်အပျက်တို့အား ရှင်းပြလာသော ဆရာမထားထားကြည်၏ စကားအဆုံးတွင် ကျွန်ုပ်က ကြေကွဲထိနိုက်စွာ မှတ်ချက်ပြုရင်း ကတိစကားဆိုလိုက်လေ၏။

ထိုအခါ ဆရာမထားထားကြည်က ဝမ်းသာသော အမူအရာဖြင့်…

"အစ်ကို့ဆီကာ ဒီဆုံးဖြတ်ချက်ကြားရတော့ ကျွန်မ ဝမ်းသာမိတာ အမှန်ပဲ၊ ဘာဖြစ်လို့လည်းဆိုတော့ ဒီလို အဖြစ်အပျက်

မျိုးတွေ ဒီနေရာ ဒီဒေသမှာ အမှန်တကယ် ရှိခဲ့ဖူးတယ်ဆိုတာ သိရင် လောကမှာ ဒီလိုအဖြစ်အပျက်မျိုးတွေ နောက်ထပ်ကြုံ မလာနိုင်အောင် ဆင်ခြင်လို့ ရတာပေါ့ အစ်ကို'

ဟု ကျွန်ုပ်၏ ဆုံးဖြတ်ချက်စကားကို အပြည့်အဝ ဝင် ထောက်ခံလေ၏။

ပြီးမှ မိတ်ဆွေမင်းကံသာက…

'အခုလက်ရှိ နဂါးမစမ်းအိုင် ဘာကြောင့် တွင်ခဲ့တယ်ဆို တာလေး ဆက်ရှင်းပြပါဦး ဆရာမ'

ဟု စိတ်ဝင်တစား မေးလိုက်သဖြင့် မပြီးဆုံးသေးသော ဇာတ်လမ်းအဆက်ကို ဆရာမထားထားကြည်က အောက်ပါ အတိုင်း ဆက်ရှင်းပြပေးခဲ့လေ၏။

'ဘာကြောင့် နဂါးမစမ်းအိုင်တွင်ခဲ့ရလည်းဆိုတော့ ချစ်သူနှစ်ဦးစလုံး သေဆုံးကြပြီးတဲ့နောက်မှာ နန္ဒီထားဆိုတဲ့ ဒီ နယ်သူလေးဟာ အဲဒီ စမ်းအိုင်ကြီးမှာ နဂါးမလေးအဖြစ်နဲ့တည် ရှိပြီး သူမချစ်သူနဲ့ ပြန်ဆုံစည်းရမယ့် ဘဝတစ်ခုအတွက် အဲဒီ

စမ်းအိုင်ထဲက ရေကြည်တွေနဲ့ အများအတွက် အသုံးပြုနိုင်အောင် ဒီနေ့အချိန်အထိ နှစ်ပေါင်းများစွာ ကုသိုလ်ပြု ဆုတောင်းရင်း သူမချစ်သူနဲ့ ပြန်ဆုံစည်းဖို့ စောင့်မျှော်နေခဲ့တယ်လို့ သိရတယ်၊ ဒါ့ကြောင့်… အဲဒီ နန္ဒီထားဆိုတဲ့ နဂါးမလေးကို အစွဲပြုပြီး နဂါးမစမ်းရယ်လို့ ခေါ်တွင်ခဲ့တာ'

ဒီတော့မှ အဓိပ္ပါယ်အစုံအလင်နှင့် အဖြစ်အပျက် အကြောင်းအရာ ဆက်စပ်မှုများသည် ကျွန်ုပ်တို့အတွက် ရှင်းလင်း သွားလေတော့၏။

ပြီးတော့မှ ကျွန်ုပ်သည်…

'အဲဒီအဖြစ်အပျက်ကို စားရေးဖို့ 'နဂါးမစမ်းမှ လွမ်းပုံ ပြင်'လို့ ကျွန့်တော် အမည်ပေးချင်တယ်၊ ဆရာမ အကြံပေးပါ ဦး'

ဟု ဆိုလိုက်သဖြင့် ဆရာမထားထားကြည်သည် အသံ ထွက်အောင်ရယ်ရင်း…

'ကျွန်မ အကြံထပ်ပေးခအတွက် ဓာတ်လမ်းမူပိုင် တစ်

ဝက်ဆိုင်ကြောင်း အသိသက်သေတွေရှေ့မှာ အစ်ကို လက်မှတ်ထိုးရလိမ့်မယ်နော်'

ဟု ဆိုလိုက်သဖြင့် အားလုံးရယ်ကြလေ၏။

ပြီးမှ…

'ကျွန်မ သက်သက်နောက်တာပါ အစ်ကို၊ အစ်ကိုတို့က စာရေးဆရာတွေပါ၊ ကျွန်မတို့ထက်ပိုပြီး ဒီကိစ္စတွေ ကျွမ်းကျင်မှာပါ၊ ဒါပေမဲ့… အစ်ကိုပေးတဲ့ အမည်အတိုင်း ကောင်းတယ်လို့ပဲ ထပ်ပြီး အကြံပေးနိုင်ရုံပါပဲ'

ဟု တည်ငြိမ်စွာ ဆိုလာလေ၏။ ထို့နောက် ကျွန်ုပ်တို့သည်။ နဂါးမစမ်းကို နှုတ်ဆက်ကျောခိုင်းလျက် တောင်ပေါ်မှ ပြန်ဆင်းခဲ့ကြလေ၏။

'နှုတ်ဆက်ခဲ့ပါတယ် နဂါးမစမ်းရေ…'

ကျွန်ုပ်ရင်ထဲမှ အသံတိတ် နှုတ်ဆက်လိုက်သည်။

ထို့နောက်… နဂါးမစမ်းကား ကျွန်ုပ်တို့နောက်တွင် ဝေး၍ ဝေး၍ ကျန်ခဲ့ပါသည်။ ။

ဒိုယွန်းယုဉ်စာပေ

သို့သော် အကယ်၍များ ထိုအဖြစ်အပျက်တို့ကို ဆရာမ ထားထားကြည် မရှင်းပြပေးခဲ့ပါလျှင် ရင်နင့်ကြေကွဲ လွမ်းမော ဖွယ်ရာကောင်းသော ထိုနဂါးမစမ်းမှ လွမ်းပုံပြင် တစ်ပုဒ်သည် လည်း ကျွန်ုပ်၏ရင်ထဲတွင်…

မှတ်ချက်။ ။ (ဤစာတတ်လမ်းဖြစ်ပေါ်လာဖို့အတွက် ခရီးအစအဆုံးနှင့် လိုအပ်ချက်မရှိ ညှော်ခံကျွေးမွေး ကူညီပေးခဲ့ကြသော စာရေးကွင်းရွာမှ(အ·မ·က)ဆရာမထားထားကြည်၊ ဆရာမဝေဝေနွယ်နှင့် မမိုးမိုးခိုင်၊ မနှင်းယုဝေ၊ ဒေါ်နီတို့အား အထူးပင် ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နေတိဟိတ်ဇော်**

✲ ✲ ✲




လျှို့ဝှက်ရေအိုင်က နတ်အော်သံ

# လျှို့ဝှက်ရေအိုင်က နတ်အော်သံ

**သတိုးစက္က**

ကူမဲမြို့၏ အရှေ့တောင်ဘက်တွင် ပန်းလောင်မြစ်ကြီးက မြွေကြီးတစ်ကောင်ကဲ့သို့ ကွေ့ကောက် စီးဆင်းနေပေ၏။

ယခု ကျီးမဲဆည်ကြီးအထက်ရှိ 'မပုရေဆိပ်' နေရာကား၊ တစ်ချိန်က သစ်ဖောင်၊ ဝါးဖောင်များ ဆိုက်ကပ်ရာ ဖြစ်သလို ဒိုင်ဗင်ထိုး၊ ရေကူး၊ ရေချိုးရာ ဆိပ်ကမ်းသာလည်း ဖြစ်ပေသည်။

ထိုစဉ်အခါက ကျွန်ုပ်မှာ အထက်တန်းကျောင်းသား အရွယ်သာရှိသေးပြီး ကျောင်းပိတ်ရက်များတွင် ပန်းလောင်မြစ်

ရိုးရာများဖြစ်သော နွားကူး၊ မြေတောင်၊ ခင်လယ်ရွာများဆီ ရောက်ရှိသွားရာမှ ထူးဆန်းအံ့ဩဖွယ်ကောင်းသော လှိုဏ်ဂူနက်နတ် ရေအိုင်ကြီးကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းပင်ဖြစ်သည်။

ထို လှိုဏ်ဂူနက်နတ်ရေအိုင်ကိုနေရာမှာ ပဘ်ပတ်လည်တောင် များ ဝိုင်းရံနေ၍ တောင်ကျရေများ စုနေသောကန်ဖြစ်၏။

အတော် လေးကျယ်ဝန်းပြီး ရေနက်လှသဖြင့်(ဒေသခံ ရွာသူရွာသားများပင် ခင်လယ်ရေထွက်ကိုသာ သိကြပြီး) နတ်ရေ အိုင်ကို အတိအကျ ပြောပြနိုင်သူကား ရှားလှပေသည်။

တစ်နေ့တွင် ကျွန်ုပ်သည် အိမ်ရှင် ခနအမျိုးသား ဖိုးဗဒင် ထံ လှေ့လာကြည့်မိသည်။

ဖိုးဗဒင်မှာ နိုးကုန်သည်တစ်ဦးဖြစ်ပြီး ယန်းလောင်မြစ်ရိုး တစ်လျှောက် ကွမ်းခြံများ ပိုင်ဆိုင်သည့် ကျွန်ုပ်၏ မိဘများနှင့် လွန်စွာရင်းနှီးနေသဖြင့်…

'ဖိုးဗဒင်ကို မြေတောင်ရွာမှ မွေးတာလားဟင်'

ဟု စကားဆို၍ စပ်စုလိုက်သည်။

'အေးကွ၊ ဒီမှာမွေး၊ ဒီမှာပဲ အိမ်ထောင်ကျတယ် ဆိုပါတော့ကွယ်'

ဟု အဘိုးကြီးက နှီးဖြာနေရင်းမှ သဘောကောင်းစွာ ပြန်ဖြေလေ၏။

'အဘတို့ယာတွေဆီသွားရင် ခုလို နတ်ရေ၊ နတ်မြောင်းတွေမြင်ရတော့ စိတ်မကြည်နူးဘူးလားဟင်'

'မြင်နေကျဖြစ်နေလို့ အဘတို့ကတော့ ရိုးနေပါပြီကွယ်'

ကျွန်ုပ်က ပါးစပ်ထဲ တွေ့ရာမေးလိုက်မိရာမှ ရေထွက်အိုင်အနီးမှ နတ်စင်လေးကိုလည်း သတိရလာ၏။ နောက်ပြီး ရေထွက်အိုင်ဘေး တောင်နံရံဆီမှ လိုဏ်ဂူများကိုပါ သတိရလာသည်။

'အဘ… ရေအိုင်ဘေးက နတ်စင်မှာ နတ်ပွဲလုပ်ဖူးလား'

'အေးကွယ်၊ သူငယ်တို့မြို့က နတ်ကွန်းတွေမှာလိုတော့ နတ်ကနားပွဲတွေ မရှိပါဘူးကွာ၊ ဒါပေမဲ့ ဘယ်သူမဆို နတ်စင်မှာ

ရှင်းလင်းသပ်ရပ်အောင် လုပ်ခဲ့တာပါပဲ၊ ရွာထဲက ကလေးတွေ ဖျားကြနာကြရင် နတ်သွားတင်ကြတော့တာပါပဲ'

'အဲဒီ ကျောက်ဂူတွေထဲ အဘရောက်ဖူးလား'

'အေး… ရောက်ဖူးတာပေါ့ကွာ'

'မောင်ရင်လေး စိတ်ဝင်စားမလား မသိဘူး၊ တို့ရဲ့အဘိုး ကတော့ လှျို့ဝှက်ရေအိုင်နဲ့ ပတ်သက်ပြီး ပြောဖူးတယ်၊ အဲဒီရေ ထွက်အိုင် ပတ်လည်မှာ လှျို့ဝှက်လိုဏ်ဂူသုံးခုရှိသတဲ့၊ အဲဒီလိုဏ်ဂူ တစ်ခုထဲက လှျို့ဝှက်နတ်ရေအိုင်ထဲမှာတော့ ထူးထူးဆန်းဆန်းတွေ ရှိတယ်လို့ ဆိုတယ်၊ ဒါပေမယ့် အခုရေထွက်မှာ မြင်တဲ့အတိုင်း လိုဏ်ဂူက နှစ်ခုရှိတယ်၊ တို့လည်းရောက်ဖူးသပေါ့ကွယ်၊ ဘာမှ တော့ မရှိဘူး၊ အေး… ဂူသုံးခု ရှိရိုးမှန်ရင်တော့ တတိယလိုဏ် ဂူမှာ ထူးထူးဆန်းဆန်းတွေ ရှိနေမှာ အမှန်ပဲကွယ့်'

'ထူးထူးဆန်းဆန်းဆိုတာ ဘာလဲ အဘရာ'

ကျွန်ုပ်က အလောတကြီးမေ မေးလိုက်မိ၏။

'အေး… ဒါတော့ အဘလည်းမသိဘူးကွယ့်၊ တစ်ခု

တော့ရှိတယ်၊ တို့အဘိုးပြောခဲ့တာက သူတစ်ခါ ညကြီး အမဲလိုက်ရင်း ရေထွက်အိုင်နားရောက်သွားသတဲ့၊ အဲဒီနားရောက်တော့ အော်သံကြားရပြီး ရေအိုင်အလယ်မှာ 'ထူးဆန်းတဲ့ သတ္တဝါကြီး တစ်ကောင်ကို တွေ့လိုက်ရသတဲ့၊ အဲဒီသတ္တဝါက လိပ်ကြီးနဲ့ တော့ဘူတယ်၊ လိပ်တော့ မဟုတ်ဘူး၊ နွားမတမ်း တစ်ကောင် လောက်ထိအောင် ကြီးတယ်ဆိုပဲ၊ အဲဒီနောက်တော့ ခုချိန်ထိ ရွာခံလူတွေဟာ နတ်ရေအိုင်ဆိုတဲ့စကား ကြားရရုံနဲ့ ကျောချမ်းပြီး ဘယ်သူမှ ညဘက်မသွားကြတော့ဘူး'

ဟု ပြောပြခဲ့သည်။

သို့သော် ကျွန်ုပ်၏ ခေါင်းထဲဝယ် လျှို့ဝှက်နက်ရေအိုင် ထဲမှ သတ္တဝါကြီးကို စုံစမ်းလိုစိတ်ပေါက်ခဲ့လေ၏။

ထို့ကြောင့် ကျွန်ုပ်သည် ရိက္ခာအပြည့်အစုံ ထည့်ထား သည့် ကျောပိုးအိတ်ကြီးကို လွယ်ကာ တည်းခိုအိမ်မှ မယောင် မလည်နှင့် လျှို့ဝှက်နက် ရေအိုင်ဆီသို့ ထွက်လာခဲ့ပါတော့ ၏။

ကျောပိုးအိတ်ထက် ဘေးတွင် လွယ်လာသည့်အိတ်က ပိုမိုလေးနေပါသည်။

မလေးဘဲနေမည်လော၊ ကျွန်ုပ်လက်စွဲတော် လေးခွ တစ်လက်နှင့် လောက်စာငါးရာခန့်ကို သီးသန့်လွယ်အိတ်နှင့် ထည့်လွယ်ခဲ့ရလေသည် မဟုတ်ပါလား။

* * *

ခရီးလေးမိုင်လောက် သွားမိသောအခါ ခင်လယ်ရွာ အရှေ့ဘက်ရှိ ရေထွက်အိုင်သို့ ရောက်ပေပြီ။

ထို့ကြောင့် နေတိုင်ရန် နေရာထိုင်းခင်းကိုရှာရ၏။

ကျွန်ုပ်အနေဖြင့် သိပ်ရှာစရာမလိုပါ။ ကျောက်ဂူကြီး တစ်ခုအနီးမှ မြေဂူလိုဏ်လေးတစ်ခုတွင် ပစ္စည်းများကို နေရာချ ထားလိုက်လေ၏။

နောက် ထင်းခြောက်များ ရှာဖွေပြီးသိုမှီးရသည်။ အသင့် ယူဆောင်လာသော ကရောင်းရှိကို ခင်း၏။ သစ်တုံးတစ်တုံးကို

တင်လိုက်ကာ အပေါ်မှ အဝတ်များတင်၍ ခေါင်းအုံးလုပ်ပြီး လှဲလျောင်းကြည့်၏။ နောက်ပြီး ကျွန်ုပ်ကိုယ်တိုင် ပီကိုဖြစ်နေမိသည်။

သယ်ဆောင်လာသော လွယ်အိတ်ထဲက လောက်စာများကို သွန်ချကာ ငါးပုံတစ်ပုံကို ပြန်ထည့်ပြီး လျှို့ဝှက်နက်ရှိုင်းအိုင်ကို အရှာထွက်ခဲ့သည်။

လိုဏ်ဂူထဲတွင် ထိုလျှို့ဝှက်ရေအိုင်ရှိသည် ဟုဖိုးဗဒင်ဆီမှတစ်ဆင့် ကျွန်ုပ်ကြားသိခဲ့ရသဖြင့် လိုဏ်ဂူဖြစ်နိုင်မည်ထင်သော ချုံပုတ်များကို ဝင်တိုး၍ရှာခဲ့ပေ၏။ ဆူးခြစ်မိသောအခါ သိပ်မစားသာလှပေ။

ထိုနေ့ ညနေ ငါးနာရီလောက်တွင် နေရာစခန်းဆီသို့ ပြန်လာပြီး ရေကန်ထဲဆင်းကာ ရေချိုး၏။ နောက် အဝတ်လဲ၏။ ဆူးခြစ်သောဒဏ်ရာများကို ဆေးထည့်သည်။ တင်ချာဆေးသာပါ၍ တို့လိုက်တိုင်း စပ်လိုက်သည်မှာ ပြောဖွယ်ရာမရှိပေ။

ထို့နောက် ကျွန်ုပ်သည် မီးမွေး၍ ရေနွေးတည်သည်။

ထို့နောက် အဖန် ခြောက်ကိုခတ်၍ နို့ဆီတစ်ဘူးဖောက်လိုက်၏။ ပေါင်မုန့်ခြောက်နှင့် နို့ဆီတို့စားလိုက်၍ အဖန်ရည်သောက်ရသည်မှာ ကျွန်ုပ်အဖို့ ပင်ပန်းနေ၍လားမသိ အရသာရှိလှပ်ပါဘိ။

* * *

တောနက်မည်းကြီးမှာ ညဉ့်နက်လာလေ တဖြည်းဖြည်း တိတ်ဆိတ်လာသည်။ ကျွန်ုပ်စိတ်ထဲကလည်း အနည်းငယ် ကြောက်လာသည်။

ခင်လယ်ရွာဆီပြန်သွားရလျှင် ကောင်းမည်လားဟုပင် တွေးလာမိသည်။

သို့ဖြင့် ညရှစ်နာရီခန့်တွင် လထွက်လာသည်။ ထိုကဲ့သို့ လထွက်ချိန်တွင် ရေထွက်အိုင်မှာ သာယာလှပပါဘိခြင်း။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မီးဖိုကို ထင်းခြောက်များ ထည့်ဖိုလိုက်ကာ ခားနှင့်ခွကို ဘေးတွင်ချပြီး စောင်ကိုခြုံကာ လှဲလိုက်၏။

အိုယွန်းယုဉ်စာပေ

နောက်တော့ မောမောနှင့် အိပ်သွားလေသည်။

နောက်တစ်နေ့ နံနက်တွင် ကျွန်ုပ်သည် ငါးနာရီလောက်ပိုး၍ ကမန်းကတန်းနှင့် ရေမွေးတည်သည်။ နောက် သကြားနှင့်နို့ဆီကို ထည့်ဖျော်သည်။ ကော်ဖီမှုန့်မှ မေ့ခဲ့ပလေဟု ကိုယ့်ကိုယ်ကိုယ် မကျေနပ်လှပေ။ သို့သော် ဤအတိုင်းပင် နွားနို့အဖြစ်သောက်ချလိုက်သည်။

နောက်တော့ ဓားကို ခါး၌ချိတ်ဆွဲ၍ လေးခွနှင့် လောက်စာကိုယူကာ လျှို့ဝှက် နတ်ရေအိုင် အရှာထွက်ခဲ့ပြန်သည်။ နံနက်စာမှာမူ ပေါင်မုန့်နှင့်နို့ဆီထက်မပိုခဲ့ပေ။ ညနေ ၃ နာရီလောက်တွင် မူရင်းစခန်းချရာဆီသို့ ပြန်ခဲ့ရသည်။ ကျွန်ုပ်မှာ ခင်လယ်ရေထွက် တစ်ပတ်လုံး ဘယ်ချုံပုတ်မျှမကျန် အကုန်အစင် မွှေခဲ့ပေပြီ။

သို့သော် ဂူနှင့်တူသည်ကိုပင် မတွေ့။

အဘိုးကြီး ဦးဗဒင်သည် စိတ်ကူးယဉ်၍ ပြောခဲ့လေသလား။ ပင်းတယလိုဏ်ဂူ ရာဇဝင်သမိုင်းတွင် သုခနေ၊ ဒွေးမယ်

နော်ဆန်ဆန် ဒဏ္ဍာရီဇာတ်လမ်း၏ ဇာတ်ပန္နက်နေရာများကတော့ ဤနေရာ ဤဒေသဖြစ်နေသည်။ ပင်းတယ လိုဏ်ဂူထဲတွင် ပုန်းအောင်းနေသော မင်းသားနှင့်မင်းသမီးကို ပင့်ကူကြီးက ဝိတ်ထားပုံ၊ မင်းသားလေးက မြားနှင့်ပစ်၍ ပင့်ကူကြီးသေသွားပုံနှင့် ထိုပင့်ကူကြီးမှ ဘဝပြောင်း၍ ဇော်ဂျီဖြစ်သွားပုံ၊ ထိုဇော်ဂျီက မင်းသမီးလေးကို ဖမ်းခေါ်သွားပြန်သဖြင့် မင်းသမီးလေးက ဇော်ဂျီကို ရေဆာသည်ဟုဆိုကာ ပရိယာယ်ဆင် ရေခပ်စဉ် ထိုချောင်းရေထဲသို့ မင်းသမီးလေးက ဇော်ဂျီကို တွန်းချသတ်လိုက်သဖြင့် ထိုချောင်းကို ဇော်ဂျီချောင်း(ယခု-ဇော်ဂျီမြစ်)ဟုခေါ်ကြောင်း သာဓကတွေက ရှိနေပြန်သည်။

သို့ဖြင့် ကျွန်ုပ်အပြန်တွင် လေးခွနှင့်ပစ်၍ ချိုးငှက်နှစ်ကောင် လက်ထဲ၌ပါလာခဲ့၏။ ထို့ကြောင့် မောမောနှင့်ပင် ကျွန်ုပ်မှာ ထင်းစုရပြန်သည်။

ပြီးမှ ရေဆင်းချိုးသည်။

ရေချိုးနေစဉ် စိတ်ထဲ၌ မသိုးမသန့်ဖြစ်လာ၏။ ရေထွက်

နေရာမှ ရေဝတို့သည် တဖြည်းဖြည်း နောက်ကျိလာသည်ဟု ထင်မိသည်။

ထို့ကြောင့် အမြန်တက်၍ ပါလာသည့် ဟန်းကောချိုင့်နှင့် ရေနွေးတည်ကာ ညစာအဖြစ် ပေါင်မုန့်ခြောက်နှင့် နို့ဆီကို စား၍ ချိုးကင်ကို လက်ဖက်ရည်ကြမ်းနှင့် မြည်း၏။ အချိန်မှာ ညနေ ၅ နာရီလောက်သာ ရှိသေး၏။ ကျွန်ုပ်တွင်လည်း လုပ်စရာ မရှိသည့်အတူတူ ခင်လယ်ရေထွက်အနီးရှိ ကျောက်နံရံတွင် 'သတိုးစက္က' ဟူသော ကျွန်ုပ်အမည်ကို သံမဏိဓားမြှောင်ဖြင့် ထွင်းနေမိ၏။

ထိုသို့ ဓားမြှောင်ဖြင့် စိုက်၍စိုက်၍ ထွင်းနေရာ 'သတိုး' ဟူသော စာလုံးကိုထွင်းပြီးနောက် ထူးခြားသော အသံကိုသတိပြုမိလာ၏။ ဓားမြှောင်နှင့် ကျောက်နံရံတို့ ထိလိုက်တိုင်း လိုဏ်သံများ ပါနေခြင်းကြောင့်ပင် ဖြစ်သည်။ ဆက်လက်၍ ကျောက်နံရံအား ဓားမြှောင်နှင့် လျှောက်ခေါက်ကြည့်ပြန်ရာ လိုဏ်သံများ ပိုသိသာလာသည်။

ထိုအခါ ကျွန်ုပ်၏စိတ်တို့သည် အပြင်းအထန် လှုပ်ရှားလာကာ ကျောက်နံရံကို တွန်းကြည့်မိ၏။ မရသေးချေ။ နောက်မှ အားစိုက်၍ တွန်းကြည့်ရာ အနည်းငယ် ရွေ့လာလေသည်။ ထို့ကြောင့် အားတက်လာကာ အားစိုက်တွန်းကြည့် ပြန်သောအခါ ဘေးပတ်လည်မှ အက်ကြောင်းများသည် ကျယ်သထက်ကျယ်လာပြီး ကောင်းစွာ ဝင်နိုင်လောက်သော အခြေအနေရောက်လာ၏။

ကျွန်ုပ်လည်း ဓားမြှောင်ကို သေချာစွာကိုင်၍ ဝင်ကြည့်လိုက်သောအခါ ဂူပေါက်ကို ကျောက်တုံးကြီးတစ်ခုဖြင့် ပိတ်ထားကြောင်း တွေ့ရ၏။

ထူးဆန်းသည်ဆိုသော လျှို့ဝှက် နတ်ရေအိုင်ကို တွေ့ပေပြီ။

တကယ်တွင်မတော့ ကျွန်ုပ် ရှာဖွေခဲ့သော လျှို့ဝှက် နတ်ရေအိုင်သည် စခန်းချနေသော ခင်လယ်ရေထွက်နေရာ အနီးအနားမှာပါတကား။

ကျွန်ုပ်သည် ဂူအတွင်းသို့ တိုး၍ဝင်သွားရာ ထိုဂူမှာ အောက်သို့ ခပ်မတ်မတ် နိမ့်ဆင်းသွားရ၏။ ဆင်းရင်းနှင့်ဂူမှာ တဖြည်းဖြည်း ကျဉ်းသွား၏။

ထိုအချိန်၌ ညဉ့်ဦးပိုင်းသို့ ရောက်လာပြီဖြစ်၍ နောက်ရက် နေ့ခင်းပိုင်းမှ ဆင်းကြည့်တော့မည်ဟု ဆုံးဖြတ်ပြီး ပြန်တက်လာခဲ့ပေ၏။

ကျွန်ုပ်အပေါ်သို့ ပြန်ရောက်သောအခါ လမင်းကြီးပင် ထွက်နေချေပြီ။

လျှို့ဝှက် နတ်ရေကန်ကို ရှာဖွေတွေ့ရပြီ ဟူသော အသိစိတ်က လွှမ်းမိုး၍ ပီတိဖြာနေသဖြင့် လဲလျောင်းနေသော်လည်း အိပ်မပျော်နိုင်ချေ။

လမင်းကြီးသည် တဖြည်းဖြည်းနှင့် မိုးကောင်းကင် အလယ်တည့်တည့်ဆီသို့ ရောက်နေပေပြီ။ ညဉ့်နက်သန်းခေါင် အချိန်ဖြင့် ရှိနေပေရော့မည်။

ကျွန်ုပ်မှာ မျက်လုံးများ တဖြည်းဖြည်း လေးလာစဉ်မှာ

ဆက်ဆင်းလာရာ အချို့နေရာတို့မှာ ပိုကျဉ်းမြောင်းလာပြီး မနည်းတိုးဝှေ့ဝင်ရသည်။ တစ်ဖန် ညာဘက်သို့ ဖြုန်းခနဲကွေ့လိုက်ရာ ဒီးရောက်အောက်ဝယ် မထင်မရှား လှေကားထစ်ကလေးများကို တွေ့၏။ လူတစ်ယောက် သွားလာနိုင်လောက်အောင် ကျယ်ဝန်း၏။

အတော်ကလေး ဆင်းမိသောအခါ လက်နှိပ်ဓာတ်မီးကို ပိတ်ကြည့်မိ၏။ မည်သည့်နေရာကဟု မသိနိုင်သည့် အလင်းရောင်မှိန်မှိန် ရှိနေသည်။ အတန်ကြာကြာ ဆက်လက်ဆင်းမိသောအခါ အလင်းရောင်မှာ ပိုမို ထင်ရှားလာကာ မြေပြင်မှာလည်း ညီညာလာသည်။ ထိုအခါမှ အလင်းရောင်လာသော နေရာကို တွေ့ရပေပြီ။ ဂူပေါက်ကြီးတစ်ခုမှ ဖြစ်လေ၏။

ထိုဂူပေါက်ကြီးထဲသို့ ဝင်မိလျှင်ပင် ကျွန်ုပ်မှာ ယောင်ယမ်းအော်မိသည်။ ကျွန်ုပ်ရှေ့တွင် ဘီလူးကြီးတစ်ကောင်က ရပ်နေသည်။

လန့်၍ လှည့်ပြေးမည်ပြုပြီးမှ သေချာစွာကြည့်သော

အခါ ဘီလူးရုပ်ကြီးသာ ဖြစ်ပေသည်။ ကြောက်စိတ်က မကုန်သေးသဖြင့် တုန်တုန်ယင်ယင်နှင့် လှမ်းဝင်ခဲ့သည်။

ထိုအရုပ်ကြီးကို လွန်လိုက်လျှင်မူ ကျွန်ုပ်သည် အံ့သြဖွယ်ကောင်းလှသော အလိုအလျောက် ဒူးတုပ်ထိုင်မိသည်။ မြောက်မြားလှစွာသော ဗုဒ္ဓဆင်းတုတော်များကို ဖူးမြော်တွေ့ရလေသည်။ အားလုံးမှာ ရွှေအတိပြီး၏။

ညာဏ်တော် ၁၅ ပေခန့်ရှိသော ရုပ်ပွားတော်တစ်ဆူ၏ နဖူးမှဲ့ရှင်တော်နေရာတွင် ပတ္တမြားကြီးတစ်လုံးမှာ ရဲရဲနီလျက် အရောင်ဖိတ်ဖိတ်တောက်နေ၏။ အခြားဆင်းတုတော်ငယ်များ၏ မှဲ့ရှင်တော်များမှ ပတ္တမြားငယ်များ ထည့်ထား၏။

ကျွန်ုပ်တွင် လောဘစိတ်တို့ ရုတ်တရက် ပေါ်ပေါက်လာခဲ့သည်။ ဤမှဲ့ရှင်တော်များကို ထုတ်ယူသွားလျှင်ပင် သူဌေးဖြစ်နိုင်ပေသည်။

ကျွန်ုပ်မှာ ရုပ်ပွားတော်များအား လိုက်ကြည့်ရင်း ဘယ်ဘက်ဂူပေါက်အတိုင်း ဝင်လာခဲ့သည်။ အထဲတွင်လည်း မြောက်

ဝင်သွားသောအခါ အတက်လမ်းလေးအတိုင်း တက်သွားသော အခါ နောက်ဆုံးတွင် ပိတ်မိနေ၍ နံရံမှ ကြိုးစလေးတစ်ချောင်း ကို ဆွဲလိုက်သည်။

ထိုအခါ အပေါ်မှ ကျောက်ပြားကြီးသည် ရွေ့သွား၏။ ကျွန်ုပ်လည်း ပေါ်လာသည့် အပေါက်မှ တက်လိုက်ပြီး ထိုအပေါက် ကို ပြန်လည်ပိတ်လိုက်သည်။ ပြန်ပိတ်ရာ၌ များစွာ အားမစိုက်ရ သော်လည်း ပြန်၍ တွန်းကြည့်သောအခါ ရွေ့ပင်မရွေ့တော့ချေ။ ကျွန်ုပ်လည်း ကမူလေးပေါ်မှ ဆင်းလာခဲ့ရာ တောင်ပတ်လမ်းမှ နွားလှည်းလေးတစ်စီးသည် ခင်လယ်တောင်ခြေအောက်သို့ သွား နေသည်ကို တွေ့၍ လှည်းကြုံစီးရန် ပြေးဆင်းလာခဲ့၏။

လှည်းပေါ်မှ ဦးဗဒင်ကို တွေ့ရလေ၏။ အဘိုးကြီး ဦးဗဒင်ကလည်း ကျွန်ုပ်ကို မှတ်မိသွားပုံဖြင့် လှည်းကို ရပ်ပေး သည်။ အချိန်မှာ နံနက် ၉ နာရီခွဲလောက်ပင် ရှိနေပြီဖြစ်၏။

'အဘ… ဒီနေ့ တောင်အောက်ဆင်းတာ ခါတိုင်းလို မစောပါလား'

'အေး… ညက နတ်အော်သံကြားရလို့ စောစောမလာရဲ တာနဲ့ အခုမှ လာခဲ့တာပဲကွယ့်'

'ဘယ်လို… နတ်အော်သံ ဟုတ်လား'

ဟု ကျွန်ုပ်က မေးလိုက်ရင်း မနေ့ညက ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်လိုက်သည့် ထူးဆန်းလှသော သတ္တဝါကြီးနှစ်ကောင်ကို ပြန်လည်မြင်ယောင် လိုက်မိသည်။

'အေး… ဟုတ်တယ်၊ ဒီအသံက ကြားရခဲတယ်ကွ၊ အဘရဲ့တစ်သက်မှာ အခုနဲ့မှ နှစ်ခါလောက်သာ ကြားဖူးသေးတယ်၊ အင်း… တို့အဘိုးက ပြောခဲ့ဖူးတယ်၊ ဒီအသံမျိုးဟာ အနှစ်သုံးဆယ်မှ တစ်ခါလောက်သာ ကြားရတယ်တဲ့ကွ'

'ဩော်… ဒါနဲ့ အဘကော လျို့ဝှက်ရေအိုင်က လိုဏ်ဂူကို ရှာကြည့်သေးလားဟင်'

ဟု ကျွန်ုပ်က မေးလိုက်ပြန်ရာ အဘိုးကြီးဦးဗဒင်က ဖျတ်ခနဲ လှည့်ကြည့်ရင်း…

'မရှာပါဘူးကွာ၊ အဘိုးကပြောခဲ့တယ်၊ ရှာလည်းမကြည့်

## သေဘျာပြန်တစ်ဦး၏ဖြစ်ရပ်ဆန်း

**ဝင်းဇော်(သုံးဆယ်)**

'ရှေ့နားက သစ်ပင်ရိပ်ကျရင် ခဏနားကြဦးစို့'

ရှေ့ဆုံးမှ နွားလှည်းမောင်းလာသူ ကိုတင်ဌွေးက သူ့နောက်မှ မောင်းလာသူများကို အော်ပြောလိုက်သည်။ မနက်ဝေလီဝေလင်းကတည်းက သူတို့ သစ်ခုတ်သမားအုပ်စု ပဲခူးရိုးမတောထဲမှ ပြန်လာကြသည်။ နွားလှည်းများပေါ်တွင် ထင်းအဖြစ်အသုံးပြုရန် သစ်ပင်များကို ခုတ်လှဲပြီး ကင်ဆောင်လာကြသည်။ အားလုံး နွားလှည်းငါးစီး၊ လူက ခုနှစ်ယောက်···

ဒိုယွန်းယှဉ်စာပေ

လွန်ခဲ့သော နှစ်ရက်ကျော်ကပင် သူတို့ တစ်ရွာတည်းသားအုပ်စုတွေ ရိုးမတောင်ပေါ်သို့ တက်ခဲ့ကြသည်။ နွေရာသီဖြစ်၍ တောထဲတွင် သစ်ရိပ်ကောင်းသည့် နေရာကို ရွေးကြသည်။ ယမန်နေ့ညက ညစာစားပြီးသည်နှင့် လှည်းကိုယ်စီဖြင့် တောင်ပေါ်သို့ လာခဲ့ကြသည်။

တစ်ညလုံး လရောင်ကို အားကိုးကာ လှည်းမောင်းလာကြသည်။

တစ်နေကုန် နေပူရှိန်မိထားသော မြေကြီးက ညဘက်ရောက်မှ အပူငွေ့တွေ တထောင်းထောင်း ထွက်နေသည်။

ညဘက်တိုက်ခတ်နေသော လေအေးကြောင့်သာ အေးချမ်းနေရသည်။ နွားတွေက အပြန်တွင် ဝန်ထမ်းရမည်ဖြစ်၍ ပင်ပန်းမည်။ သည်တော့ လှည်းကို ခပ်ဖြည်းဖြည်းချင်း မောင်းလာသည်။ လှည်းမောင်းရင်း သီချင်းဆိုသူကဆိုသည်။ လှည်းပေါ်တွင် ငိုက်မျဉ်းလာသူလည်း ရှိသည်။

ချောင်းကို ဖြတ်သွားရသည့် နေရာရောက်လျှင် နွားများ

'ဟဲ့… ကောင်လေး၊ တောထဲ တောင်ထဲမှာ အဲဒီ… အကြောင်းတွေ မပြောနဲ့'

ကိုတင်ဋ္ဌေးက ဟန့်တားသည်။

'ဘာမှ မဖြစ်ပါဘူး ကိုကြီးရာ၊ တစ်ရွာတည်းသားချင်း ဆုံတိုင်းပြောပြရတာ'

မြင့်ထွန်း၏ စကားကို ကျန်ရွာသားများက သဘောကျပြီး ရယ်မောနေကြ၏။ ကိုတင်ဋ္ဌေးက စိတ်ပျက်စွာဖြင့် လဲလျောင်းနေလိုက်သည်။

'ကဲ… ဟေ့ကောင်တွေ၊ မနက်စောစော အိပ်ရာထရမှာ အိပ်ကြတော့'

မီးဖိုထဲသို့ ထင်းများစုပုံထည့်ကာ အိပ်ရာဝင်ကြသည်။ ညဉ့်နက်ချိန်တွင် ကိုတင်ဋ္ဌေးသည် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ သူ၏နားတွင် ညည်းညူသံလိုလို ကြားနေမိသည်။ မီးဖိုမှ မီးရောင်ဖြင့် အိပ်ပျော်နေသူများကို အကဲခတ်လိုက်၏။ မြင့်ထွန်းသည် တစ်ကိုယ်လုံး တုန်လှုပ်ကာ ညည်းညူနေသည်။ ကိုတင်

ဒွေးက မြင်ထွန်းအနီးသို့ ထလာသည်။ မြင့်ထွန်း၏ နဖူးကိုစမ်းကြည့်သည်။

'ဟား… မြင့်ထွန်း၊ မင်းကိုယ်တွေပူနေပါလား'

'ဟုတ်တယ် အစ်ကိုကြီး၊ ကျွန်တော်အဖျားတက်နေလို့'

ကျန်ရွာသားများလည်း အိပ်ရာမှ နိုးသွားကြသည်။ အသင့်ယူလာသော အဖျားပျောက်ဆေးများကို မြင့်ထွန်းကို တိုက်သည်။

တစ်ညလုံးအဖျားမကျ။ နံနက် ဝေလီဝေလင်းတွင် လှည်းမှ နွားများကို ဖြုတ်ကာ နားနေစေသည်။ မြင့်ထွန်းကို လှည်းပေါ်မှ ပွေ့ချီချလာသည်။

မြင့်ထွန်းတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေသည်။ ထင်းခုတ်သမားများ နေ့လည်စာ စားကြသည်။ မြင့်ထွန်းကို ပါလာသော အဖျားပျောက်ဆေးများ တိုက်ပေမဲ့ အဖျားကမကျ၊ မြင့်ထွန်းမှာ နွမ်းခွေနေသည်။

'နေပူရှိန်က အားပြင်းတယ်၊ မြင့်ထွန်းကလည်း အဖျား

တွေ တစ်အားတက်နေတယ်၊ အခု ငါတို့က ကွင်းပြင်ကြီးကို ဖြတ်ပြန်ရတော့မှာ၊ နွားတွေလည်းပင်ပန်းမယ်၊ အဖျားတက်နေတဲ့ မြင့်ထွန်းလည်း နေပူရှိန်ကို ခံနိုင်မှာမဟုတ်ဘူး၊ ဒီတော့… ငါတို့ ညနေ နေအေးမှ ရွာကို ပြန်ကြမယ်'

ကိုတင်ဋ္ဌေး၏ စကားကို အားလုံးက ခေါင်းညိတ်ကြသည်။ မြင့်ထွန်းကို အားလုံးက ဝိုင်း၍ ပြုစုကြသည်။ မြင့်ထွန်းမှာ အဖျားတက်နေသော ဝေဒနာကို ပြင်းထန်စွာခံစားနေရသည်။ အားလုံးက မြင့်ထွန်းအတွက် စိုးရိမ်နေကြသည်။ ညနေလေးနာရီခန့်တွင် မြင့်ထွန်းမှာ အဖျားတက်ရင်း ငြိမ်သက်သွားသည်။

'မြင့်ထွန်း… အသက်မရှိတော့ဘူး အစ်ကိုကြီး'

ရွာသားတစ်ဦးက ကိုတင်ဋ္ဌေးကိုလာပြော၏။

ကိုတင်ဋ္ဌေး သောက်လက်စ ဆေးပေါ့လိပ် လက်ထဲမှ လွတ်ကျသွားသည်။

မြင့်ထွန်းအား သွားကြည့်ရာ မြင့်ထွန်းမှာ ငြိမ်သက်နေသည်။

'ရွာကျရင်တော့ စိတ်မကောင်းစရာ စကားပြောရတော့မှာပဲ၊ ဟင်း…'

အလောင်းကို လှည်းပေါ်သို့တင်ကာ ရွာသို့ပြန်လာခဲ့သည်။

ရွာနှင့်မလှမ်းမကမ်းသို့ အရောက်တွင် ကိုတင်ဌေးက လှည်းကိုရပ်သည်။

'ငါတို့ ကျေးရွာတွေမှာ အယူအဆတစ်ခုရှိတယ်၊ ရွာပြင်မှာ သေသူကို ရွာထဲသွင်းခွင့်မရှိဘူး၊ ဒီတော့ မြင့်ထွန်းအဖျားတက်ပြီး သေသွားတာကို ငါ သွားအကြောင်းကြားရဦးမယ်'

'ဟုတ်တယ်… အစ်ကိုကြီး'

ကိုတင်ဌေးက ရွာထဲသို့ ဝင်သွားသည်။

ခဏကြာတော့ မြင့်ထွန်း၏မိသားစုများ ငိုယိုကာ ရွာပြင်သို့ထွက်လာသည်။ သူတို့ နောက်မှ ရွာသားများ လိုက်လာကြသည်။

'အဖြစ်ဆိုလှချည်လား သားရဲ့'

ငိုရှိုက်သံများသည် ရွာပြင်တွင် ဆူညံသွားသည်။ ကိုတင်ဌေးက မြင့်ထွန်း၏လက်ကို ကိုင်ကြည့်၏။ မြင့်ထွန်းသည် သေဆုံးသွားသည့်တိုင် အသားက ပူလောင်နေဆဲ…

'ငိုနေလို့ မပြီးသေးဘူး၊ အသုဘကိစ္စ စီစဉ်ကြရအောင်'

ကျေးရွာလူကြီး ဦးဖိုးတင်ကပြောသည်။ ရွာသားများက ညတွင်းချင်း ခေါင်းရိုက်သည်။ မြင့်ထွန်း၏ အလောင်းကိုထည့်က ရွာပြင်သုသာန်တွင် သွားချထား၏။ မြင့်ထွန်း၏ အိမ်ရှေ့တွင် မဏ္ဍပ်ဆောက်သည်။ ထင်းခုတ်သွားကြသူများက မြင့်ထွန်းအဖျားတက် သေဆုံးပုံကို ပြောပြရသည်။

'ကျွန်မတို့ မိသားစုက သူ့ကိုပဲအားကိုးနေရတာ၊ မပြုစုလိုက်ရတာ စိတ်မကောင်းဘူး'

မြင့်ထွန်းအမေက ငိုရှိုက်ရင်းပြောသည်။

'အစ်ကိုလေးက ဒီတစ်ခေါက် တောတက်ပြီး ထင်းခုတ်ရောင်းရငွေနဲ့ ကျွန်မကို ဆိုင်ကယ်ဝယ်ပေးမယ် ပြောထားတာ၊ အခု တောတက်ပြီး ထင်းခုတ်လို့သေရတာ'

ညီမဖြစ်သူကပြောသည်။ တစ်ရွာလုံးက မြင့်ထွန်းသေဆုံးရပုံကို စိတ်မကောင်းဖြစ်ကြ၏။ မြင့်ထွန်းအဖေက ဝမ်းနည်းပြီးငိုနေသည်။

'အဖေ မြင့်ထွန်းကို သိပ်ချစ်တာ၊ မြင့်ထွန်းက မိသားစုထဲမှာ ပညာတတ်၊ လာမဲ့နှစ်ဆိုရင် ဘွဲ့ယူရတော့မှလေ၊ သူ့ရည်းစားက မြို့မှာနေတယ်၊ ကောင်မလေးသာ မြင့်ထွန်းသေတဲ့သတင်းကြားရင် ရင်ကွဲမှာ သေချာတယ်'

အစ်မဖြစ်သူက ပါးပြင်မှ မျက်ရည်သုတ်ရင်း ပြောသည်။

မြင့်ထွန်း အသုဘသို့ တစ်ရွာလုံးမှ လူများလာကြသည်။

နောက်တစ်နေ့တွင် ရွာဦးကျောင်းမှ ဆရာတော်အား ပင့်ကာ သက်ပျောက်ဆွမ်း သပိတ်သွတ်သည်။ ငိုရှိုက်သံများ ဆူညံသွားသည်။

မြင့်ထွန်း သေဆုံးသွားသည်ကို သတင်းကြားသောအခြားရွာမှ မိတ်ဆွေများ တစ်ဖွဲ့ဖွဲ့ရောက်လာကြသည်။ ကျေးရွာ

များတွင် အသုဘရှိလျှင် ရွာမှ လူငယ်လူရွယ်များ မူးရူးနေတတ်ကြသည်မှာ ဓမ္မတာ။ အသုဘရှင်များက နားလည်ခွင့်လွှတ်ပေးထားရသည်။

မြင့်ထွန်း၏အသုဘကို သင်္ဂြိုဟ်မည့်နေ့ နံနက်ပိုင်းအချိန်ဖြစ်သည်။ ရွာသားများက ညနေတွင် မြင့်ထွန်း၏အလောင်းအား မီးသင်္ဂြိုဟ်ရန် ထင်းများ၊ ရော်ဘာအိတ်များကိုထမ်း၍ ရွာပြင်သုသာန်သို့လာခဲ့ကြသည်။ ထုံးစံအရ အခေါင်းပေါ်တွင် တင်ထားရန် ထမင်းထုပ်ကိုလည်း ပေးလိုက်၏။

ရွာသွားများက သုသာန်သို့ ရောက်လျှင် မီးသဂြိုဟ်လျှင် အဆင်သင့်ဖြစ်ရန် မြေကျင်းတူးကြသည်။

ကိုတင့်ဌေးက မြင့်ထွန်း၏အခေါင်းပေါ်သို့ ထမင်းထုပ်လေး တင်ပေးထားသည်။

'တောထဲမှာ ရယ်စရာတွေပြောရင်း ဒီကောင်လေး ပျော်နေလိုက်တာ၊ ငါ့မျက်စိထဲမှာ မြင်ယောင်မိတယ်၊ အဖျားရှိန်ကြီးတော့လည်း အသက်ပါသွားတာပေါ့'

ကိုတင်ဌွေး အခေါင်းဖုံးကိုဖွင့်ကာ မြင့်ထွန်းအလောင်းကို ကြည့်သည်။

'ဟင်…'

ကိုတင်ဌွေး အံ့သြသွားသည်။

'ဟော့… လာကြပါဦးကွ၊ အခေါင်းထဲမှာ မြင့်ထွန်း အလောင်း မရှိတော့ဘူး'

'ဗျာ…'

ရွာသားများသည် အခေါင်းရှိရာသို့ ပြေးလာကြသည်။

'ဟင်… ဘယ်လိုဖြစ်တာလဲ၊ အလောင်းက ဘယ် ပျောက်သွားရတာလဲ၊ ပြဿနာပဲ အစ်ကိုတင်ဌွေးရေ'

ရွာသားများက သုသာန်အတွင်းအပြင် လှည့်ပတ်ရှာဖွေ ကြသည်။ ဘာမှ မတွေ့ရ၍ စိတ်ပျက်သွားသည်။

'ငါတို့က အသုဘ သင်္ဂြိုဟ်ဖို့ လာကြတဲ့သူတွေ၊ အသု ဘ သင်္ဂြိုဟ်ပြီးမှ ရွာကိုပြန်လို့ရမှာကွာ၊ ဒီတော့ ဘယ်လိုလုပ်ကြ မလဲ၊ အသုဘကို လာတဲ့သူတွေက မနည်းဘူး၊ ညနေသုံးနာရီကျ

ရင် ရွာကလူတွေက ဘုန်းကြီးတွေပင့်ပြီး သုသာန်ကိုလာကြတော့မယ်၊ ဒီမှာ အလောင်းကမရှိတော့ဘူး'

'သုသာန်နားက ဖြတ်သွားသူကို လှမ်းခေါ်ပြီး ရွာကို အကျိုးအကြောင်း သွားပြောခိုင်းမှ ဖြစ်တော့မှာပေါ့'

'အေး… အဲဒီလို ဆောင်ရွက်ရတော့မယ်၊ ထူးဆန်းလိုက်တာကွာ'

ကိုတင်ဋ္ဌေးက သုသာန်အနားသို့ လာမည့်သူကိုစောင့်နေသည်။ နေ့လည် ၁၂ နာရီကျော်တော့ သုသာန်ဘေး လှည်းလမ်းမှ လှည်းတစ်စီး ဖြတ်မောင်းလာ၏။ ကိုတင်ဋ္ဌေးက လှည်းမောင်းသူကို လှမ်းခေါ်၏။ အကျိုးအကြောင်းပြောကာ ရွာကိုလွှတ်သည်။ မကြာမီတွင် ရွာမှလူများသည် သုသာန်သို့ရောက်လာကြသည်။ မြင့်ထွန်း အလောင်းပျောက်ဆုံးမှုအတွက် တစ်ယောက်တစ်ခွန်း ပြောဆိုနေကြသည်။

မင်းလှရဲစခန်းသို့ သွားရောက်ပြောပြကြသည်။ စခန်းမှူး ဦးတင်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက သုသာန်သို့ ချက်ချင်းလိုက်

လာသည်။ မြင့်ထွန်း၏ အလောင်းအား ဝိုင်းဝန်းရှာဖွေကြ၏။

'ရွှေ၊ ငွေ၊ ကျွဲ၊ နွားပျောက်တာ မဟုတ်ဘဲ၊ လူသေ အလောင်းပျောက်ဆုံး သွားတာဆိုတော့ စဉ်းစားရခက်လိုက်တာ၊ အသုဘကိစ္စ ဘယ်လိုစီစဉ်ကြမလဲ'

'အခြားရွာကလာတဲ့ မိတ်ဆွေတွေရော ကိုယ့်ရွာသားတွေရောကို ဖြစ်စဉ်ပြောပြပြီး တောင်းပန်ရတော့တာပေါ့'

'မြင်ထွန်းအလောင်းကို သင်္ဂြိုဟ်ဖို့ သုသာန်ရောက်နေတဲ့ ကျွန်တော်တို့က ဘယ်လိုလုပ်ရမလဲ၊ ရွာက လူကြီးတွေ သူမတွေ က အယူသည်းကြတယ် မဟုတ်လား'

'မြင့်ထွန်း အလောင်းကို မတွေ့မချင်းရွာကို ပြန်မလာကြနဲ့'

ရွာထဲမှ နောက်ပြောင်တတ်သူတစ်ဦးက ပြောသည်။

'... ပြောစရာရှားလို့'

'ဟာ... စိတ်ညစ်ရတဲ့အထဲ မင်းတို့က နောက်ပြောင်နေတယ်'

ရွာလူကြီး ဦးဖိုးတင်ကပြောသည်။ အားလုံး ငြိမ်သက်သွားသည်။ ညမှောင်တော့ ရွာကလူတွေ ရွာကိုပြန်လာကြသည်။ မြင့်ထွန်းအလောင်း ပျောက်ဆုံးသွားပုံကို တစ်ရွာလုံးကလူတွေအတွက် ပြောစရာတစ်ခုဖြစ်သွားသည်။ အသုဘအိမ်တွင် ညတိုင်း လူစည်ကားနေသည်။ မြင့်ထွန်းမိသားစုကတော့ သတိရတိုင်း ငိုနေကြသည်။ ရွာမှကာလသားများက အပျင်းပြေဖဲရိုက်နေကြသည်။

'အပူရှိန်ကပြင်းတော့ ပြာဖြစ်ပြီး လေထဲပါသွားတာများလား'

တင်မောင်ဝင်းဆိုသူက ပြောသည်။

'ကျွတ်... အဲဒီလို ခင်ဗျားအတွေးအခေါ်တွေ နိမ့်ကျလို့ ခင်ဗျားမိန်းမကာ၊ ခင်ဗျားကို နိုင်တာ'

ရွာသားတစ်ဦးက ပြောသည်။

'ငါ့မိန်းမ ကြောက်တာ၊ မင်းပြောမှ မဟုတ်ဘူး၊ တစ်ရွာလုံးသိတယ်'

အားလုံးဝိုင်းရယ်ကြသည်။ ညက ညဥ့်နက်လာသည်။ တစ်ရွာလုံးတွင် ခွေးအူသံများကလည်း ဆူညံနေသည်။ ရွာသားများက ဖဲဝိုင်း၏ဘေးတွင် လဲလျောင်း အိပ်စက်နေကြပြီး မြင့်ထွန်း၏ မိသားစုများလည်း အိပ်ပျော်နေကြပြီ။

ထိုအချိန်တွင် လှေကားမှ လူတစ်ဦးတက်လာလေသည်။ မည်သူမှ သတိမထားမိကြ။ ထိုလူက အသုဘသို့လာသည့် သူတွေအား တည်ခင်းထားသော ဆေးပေါ့လိပ်ကို မီးညှိ၍ဖွာရှိုက်နေသည်။

'မြင့်ထွန်းရေ… ငါ့ကို ဖဲနိုင်အောင် ကူညီပါဦးကွာ' တက်ပုက ဖဲချပ်များကို ကိုင်ထားပြီးပြောသည်။

'အေးပါကွာ'

တက်ပုက အသံကြားရာသို့ လှည့်ကြည့်သည်။ ဖဲကိုင်ထားရင်း တက်ပုမျက်ဖြူလန်ပြီး လဲကျသွားသည်။

'ဟော့ကောင်… တက်ပု၊ ဘာဖြစ်သွားလဲ'

ဖဲရိုက်နေသူများက နောက်သို့လှည့်ကြည့်ကြသည်။

'အောင်မလေးဗျ… သရဲ…သရဲ…'

ပြတင်းပေါက်မှ အားလုံးခုန်ဆင်းပြေးကြသည်။ အိပ်ခန်းထဲမှ လူများပြေးထွက်လာကြသည်။

'ဟာ… သရဲ… သရဲ လုပ်ကြပါဦး'

အိပ်ခန်းထဲသို့ ထွက်ပြေးကြသည်။

'ဟေ့… ဘာဖြစ်တာလဲ'

မြင့်ထွန်း၏အဖေက မေးသည်။

'မြင့်… မြင့်ထွန်း သရဲလာချောက်တယ်'

'ဘယ်မှာလဲ…'

'အိမ်ရှေ့ခန်းမှာ…'

မြင့်ထွန်းအဖေက အိမ်ရှေ့သို့ထွက်လာသည်။

'ဟာ… မြင့်ထွန်း… သား၊ မင်းနဲ့အဖေတို့က ဘဝခြင်းခြားသွားပါပြီ၊ ငါ့သားလေး ရောက်ရာဘုံဘဝက အဖေတို့ဆီလာတာလား၊ အဖေတို့ပြုသမျှ ကောင်းမှုကုသိုလ် အစုစုအတွက် သား သာဓုခေါ်ပါကွယ်၊ အမျှ… အမျှ… အမျှ'

မြင့်ထွန်းအဖေက ပြောရင်း ကြောက်နေသည်။

'အဖေ…ကျွန်တော် တစ်ကယ် မသေသေးပါဘူးဗျ'

'မင်း… အခေါင်းထဲကထွက်ပြီး၊ ဘယ်သွားနေတာလဲ၊ မင်းလာလို့ အားလုံးက ကြောက်နေကြတယ် သားရယ်'

'ဟာ… အဖေကလည်းဗျာ၊ ကျွန်တော် အဖျားတွေ ကက်ပြီး မျောသွားတာကို အားလုံးက သေပြီထင်ပြီး ရွာပြင် သုသာန်ကိုပို့ထားတယ် မဟုတ်လား၊ နောက်တစ်နေ့ နံနက်မှာ ကျွန်တော် ပြန်လည်သတိရလာတယ်၊ နေရာက ကျဉ်းကျပ်လွန်းလို့ ထလိုက်တော့ ပျဉ်ပြားကြီးနဲ့ ခေါင်းကိုဆောင့်မိတယ်၊ နောက်မှ ကျွန်တော် အခေါင်းထဲရောက်နေတာကို သတိရပြီး အပြင်ကို ထွက်လိုက်တယ်၊ အခေါင်းဖုံးကို ပြန်ပိတ်လိုက်တယ်၊ ရွာကိုပြန်ဖို့ ကျွန်တော်မှာ အားအင်တွေ မရှိဘူး၊ တစ်ကိုယ်လုံး ပူခြစ်နေတုန်းပဲ၊ ရေဆာတာလည်း ဘစ်အားပဲ၊ သုသာန်အရှေ့ဘက်မှာ ရိုးချောင်းရှိတာကို သတိရပြီး ရိုးချောင်းရှိရာကို လေးဘက် ထောက်သွားရတယ်၊ ရိုးချောင်းထဲမှာ ရေအနည်းငယ်ရှိသေးတယ်၊

အဖျားတက်နေတဲ့ ဒဏ်ကိုတော့ မခံနိုင်တော့ဘူး၊ သေတစ်နေ့ မွေးတစ်နေ့ သဘောထားပြီး ရိုးချောင်းထဲက ရေအိုင်မှာ တစ်ကိုယ် လုံးစိမ်နေလိုက်တယ်၊ ရေထဲ မီးခဲကျသလို အပူးငွေ့တွေထွက် လာပြီး မေ့မျောသွားပြန်တယ်၊ ဒီနေ့ မိုးချုပ်မှ ပြန်သတိရပြီး ရွာကို ကြိုးစားပြီးပြန်လာခဲ့တာ'

'မင်း… ပြောတာ တစ်ကယ်လား'

'တစ်ကယ်ပါ အဖေရာ၊ ကျွန်တော့်မှာ အားအင်တွေ နည်းနေတ[illegible]၊ ရွာက ကျန်းမာရေးမှူးကို ခေါ်ပေးပါ'

မြင့်ထွန်းက ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချ လိုက်သည်။

'မြင့်ထွန်း မသေသေးဘူးဟေ့'

အိမ်ခန်းထဲမှ မိသားစုများသည် မြင့်ထွန်းထံသို့ ပြေးလာ ကြသည်။

မြင့်ထွန်းခန္ဓာကိုယ်မှ စိုစွတ်သော အဝတ်အစားများကို ချွတ်ကာ လဲလှယ်ပေးကြသည်။

ကျန်းမာရေးမှူးကိုခေါ်ပြီး ဆေးထိုးပေးကြသည်။ ရွာထဲက လူများက မြင့်ထွန်းကိုလာကြည့်ကြသည်။ သေရွာပြန်တစ်ဦး၏ ဖြစ်စဉ်ကို အံ့ဩမဆုံးနိုင်အောင် ဖြစ်နေကြသည်။

'တောထဲမှာ မဖွယ်မရာ စကားတွေပြောမိလို့ အခုလိုခံရတာ၊ ဒါ… သင်ခန်းစာယူစရာပဲ၊ တောထဲတောင်ထဲရောက်ရင် ပိုင်ရာဆိုင်ရာတွေကို မရိုမသေမလုပ်ကြနဲ့'

ရွာမှ လူကြီးများက လူငယ်တွေကို ဆုံးမသည်။ မြင့်ထွန်းသည် စောင်ကလေးခြုံကာ ခေါင်း တဆတ်ဆတ်ညိတ်နေလေတော့၏။

ဝင်းဇော်(သုံးဆယ်)